ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့ (26-5-2014) (၇၇၅၂)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ကသာ	၅ ဒသမ ၇၈ လက်မ
မင်းတပ်	၃ ဒသမ ၉၈ လက်မ
ဖလမ်း	၂ ဒသမ ၀၁ လက်မ
မြောက်ဦး	၁ ဒသမ ၇၃ လက်မ
ဟားခါး	၁ ဒသမ ၆၁ လက်မ
ဂန့်ဂေါ	၁ ဒသမ ၅၃ လက်မ

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံရေးတည်ငြိမ်မှုနှင့် လုံခြုံမှု၊ ပညာရေး အဆင့်မြှင့်တင်မှု၊ စီးပွားရေးတိုးတက်မှုတို့ကို စနစ်တကျလုပ်ဆောင်နေ

နေပြည်တော် မေ ၂၅

နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Rt. Hon David Carter ၏ ဖိတ်ကြားချက်အရ နယူးဇီလန်နိုင်ငံ အော်ကလန်မြို့သို့ရောက်ရှိနေသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့သည် မေ ၁၈ ရက် ဒေသစံတော်ချိန် ၁၀ နာရီ ၁၅ မိနစ်တွင် Sky Tower ကို သွားရောက်လေ့လာပြီး မေ ၁၉ ရက် ဒေသစံတော်ချိန် ၉ နာရီတွင် နိုင်ငံခြားရေးနှင့်ကုန်သွယ်မှုဌာန အဆောက်အအုံ အစည်းအဝေးခန်းမ၌ Auckland University of Technology (AUT) မှ တက္ကသိုလ်၏သမိုင်းသင်ကြားမှု၊ သင်ယူမှု၊ သုတေသနပြုသင်တန်းများဖွင့်လှစ်ပို့ချမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် နိုင်ငံတကာတက္ကသိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် Beca International Consultants Company Ltd. သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့သည်။

ယင်းနောက် အော်ကလန်မြို့မှ Taupo မြို့သို့ ရောက်ရှိခဲ့ပြီး Wairakei Terraies တွင် မာအိုရီ(လူမျိုးစု) ရိုးရာဓလေ့ နေထိုင်စားသောက်မှု၊ သမိုင်းအစဉ်အလာတို့ကို လေ့လာကာ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့သည်။

မေ ၂၀ ရက် ဒေသစံတော်ချိန် ၉ နာရီတွင် Taupo မြို့ မြို့တော်ဝန်နှင့် ကောင်စီဝင်များအား Taupo District Council ၌ တွေ့ဆုံခဲ့သည်။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် GNS Science

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နယူးဇီလန်နိုင်ငံရှိ Sky Tower ကို သွားရောက်လေ့လာစဉ်။ (သတင်းစဉ်)

မူလတန်းမှသည် အလယ်တန်းအထိ အခမဲ့ပညာရေးစနစ်ကြောင့် ကျောင်းသားမိဘပြည်သူများ ဝမ်းသာကြည်နူးစွာ ကျောင်းအပ်နှံကြပြီ

ပခုက္ကူ မေ ၂၅

အခြေခံပညာကျောင်းများ ဖွင့်တော့မည်။ မေ ၂၅ ရက်နေ့သည် ကျောင်းအပ်လက်ခံသောနေ့ဖြစ်သည်။ မကြာခင် ကျောင်းဝန်းကျင်တစ်ဝိုက် ပညာသင်ကြားနေသော မြူးထူးပျော်ရွှင်ကြမည့် အဖြူအစိမ်းလေးများနှင့် မင်္ဂလာရှိလာတော့မည်။ ယခုနှစ် ကျောင်းဖွင့်ရာသီ ထူးခြားမှုမှာ အလယ်တန်းအခမဲ့ပညာရေးဖြစ်လာခြင်းနှင့် အခြေခံပညာကျောင်းသင်ရိုးမှ သင်ခန်းစာများကို လျှော့ချပေးလိုက်ခြင်းဖြစ်သည်။ မူလတန်း အခမဲ့ပညာရေးစနစ်ကို ၂၀၁၂ ခုနှစ်က စတင်ခဲ့သည်။ ယခုနှစ်သည် အလယ်တန်းအခမဲ့ဖြစ်လာခဲ့ပြီဖြစ်သည်။ ဆင်းရဲချမ်းသာမရွေး လူတိုင်းအတွက် ပညာရေးကို နိုင်ငံတော်မှ အလေးပေးလာခြင်းဖြစ်သည်။ "ကျွန်တော်တို့ကျောင်းက နိုင်ငံတော်အဆင့် နှစ်နှစ်ဆက်တိုက် ထူးချွန်ဆုရရှိထားတဲ့ကျောင်းပါ၊ မနှစ်က ကျောင်းသား ကျောင်းသူ ၁၀၂၈ ဦးကို ဆရာ ဆရာမ ၃၉ ဦးနဲ့ ပညာသင်ကြားပေးခဲ့ပါတယ်"ဟု ပခုက္ကူမြို့ အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၃)မှ ကျောင်းအုပ်ဆရာကြီး ဦးသန်းမြင့်ကျော်က ပြောသည်။ အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၃)သည် တစ်ခေတ်တစ်ခါက နာမည်ကျော်ကြားခဲ့ပြီး စာရေးဆရာကြီး ကျော်အောင်၊ စာရေးဆရာကြီး အောင်လင်းတို့ ပညာဆည်းပူးခဲ့ရာ ကျောင်းတော်ကြီးလည်း ဖြစ်သည်။ "ဒီနှစ်မှာ နိုင်ငံတော်က မူလတန်းကနေ အလယ်တန်းအထိ အခမဲ့ပညာရေးစနစ်ဆိုတော့ လျှောက်လွှာကြေး၊ ကျောင်းဝင်ကြေး၊ စာအုပ်စာတမ်းကြေးအထိ ဘာကြေးမှ မကောက်ခံပါဘူး၊ အကုန်လုံး အခမဲ့ဖြစ်ပါတယ်"ဟု ပညာရေးဝန်ထမ်းတစ်ဦးက ပြောသည်။ "နိုင်ငံတော်က အလယ်တန်းအထိ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၅

ယနေ့ မြန်မာစံတော်ချိန်၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မှတ်သုံလေအားအသင့်အတင့် ရှိနေသည်။

ကြေးမုံစာတည်းရှုထောင့် ၂၆-၅-၂၀၁၄၊ တနင်္လာနေ့

မိဘ၊ ဆရာ၊ ကျောင်းသား

ဘာသာရေးတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အထွတ်အမြတ်ထားသည့် သုံးပါးရတနာရှိသည်။ မိမိတို့နိုင်ငံ၏ အမျိုးသားရေးတာဝန်တွင်လည်း “ဒို့တာဝန်အရေးသုံးပါး”ရှိသည်။

ထိုနည်းတူ သုံးဂဏန်းပေါင်းစုံ လွှမ်းခြုံလျက်ရှိရာ ရပ်ဝန်းများ ရှိပါသေးသည်။ ယင်းမှာ နိုင်ငံ၏ မျိုးဆက်သစ်လေးများစုဝေးရာ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများပင်ဖြစ်ပါသည်။ “မိဘ၊ ဆရာ၊ ကျောင်းသား” ဟူသည့် အမာခံအင်အားစုသုံးရပ်၊ တစ်နည်း တြိဂံပညာရေးသည် အခြေခံပညာကျောင်းများ၏ ဗွေဆော်ဦး သုံးဂဏန်းကြီးစိုးမှုဖြစ်ပါသည်။ ‘မိဘ၊ ဆရာ ပူးပေါင်း ကလေးပညာကောင်း’ ဆိုစကားနှင့်အညီ မိဘနှင့်ဆရာ ဟန်ချက်ညီစွာ ပူးပေါင်းလျက်၊ တစ်နည်း ပုခက်လွှဲလက်နှင့် ပန်းပျိုးလက်များ လက်ချင်းယှက်ကာ မျိုးဆက်သစ်လေးများ ပညာရေးကို မြှင့်တင်မြေတောင်မြှောက်ပေးလျက် လူလားမြောက်စေခဲ့ကြရသည်။ ဆရာများ၏တာဝန်၊ မိဘများ၏ ဝတ္တရား၊ ကလေးများ၏ကြိုးစားမှုကလည်း အခရာကျပါသည်။ “ဆရာက တံခါးဖွင့်ပေးနိုင်သည်။ သို့သော်လည်း အခန်းသို့ သင်ကိုယ်တိုင်ဝင်ရပါလိမ့်မည်”ဆိုသည့် တရုတ်စကားပုံအတိုင်း မိဘ၊ ဆရာ၊ ကျောင်းသားအားလုံး အားမျှညီပါမှ အခြေခံပညာအခြေခိုင်လာပြီး စွမ်းရည်ထက်မြက်ရှိလာမည်။ အနာဂတ်နိုင်ငံတော်ကြီး ပီပြင်လှပလာမည်ဖြစ်ပါသည်။

ကျောင်းတိုင်းတွင် “စင်သုံးစင်”ကို ဆိုင်းဘုတ်တင်ကာ အလေးထားဆောင်ရွက်လျက်ရှိနေကြသည်။ ပီပြင်အောင်လည်း လုပ်ဆောင်နေကြသည်။ မိုးဦးရာသီဖြစ်နေမြဲ သွေးလွန်တုပ်ကွေး၏လက်သည် ခြင်ကျားကင်းစင်ရေး၊ ခြောက်စက္ကန့်လျှင် လူတစ်ယောက်နှုန်းသေဆုံးစေသည့် အဆိပ်၊ ဆေးလိပ်ကင်းစင်ရေး၊ ဝန်းကျင်အလှကို ဖျက်ဆီးနေသည့် အမှိုက်ကင်းစင်ရေးဆိုသည့် ‘စင်သုံးစင်’ကင်းစင်ရေး ကျောင်းတိုင်းလုပ်ဆောင်လျက်ရှိနေကြသည်။

ကျောင်းတိုင်းတွင် အဓိကကျနေရာသုံးခုကိုလည်း တိုးတက်ကောင်းမွန်လာအောင် ‘ကောင်းသုံးကောင်း’ ခေါင်းစဉ်အောက်မှာ ဦးစားပေးလုပ်ဆောင်လာနေကြပါပြီ။ ကျောင်းသား ကျောင်းသူလေးများ နေ့လယ်စာ အာဟာရမှီဝဲရာ ‘ဒုတိယ မီးဖိုချောင်’ ဟု တင်စားလောက်သည့် “ကျောင်းမုန့်ဈေးတန်း”၊ ကျောင်း၏ စည်းကမ်းသန့်ရှင်းသပ်ရပ်မှုကို ကိုယ်စားပြုအဆုံးအဖြတ်ပေးနိုင်သည့် ‘ကျောင်းအိမ်သာ’၊ မျိုးဆက်သစ်လေးများအတွက် ဘဝတစ်သက်တာ ကောင်းမွေကိုပေးစွမ်းနိုင်သည့် “ကျောင်းစာကြည့်တိုက်” ဤသုံးနေရာ ‘ကောင်းသုံးကောင်း’ ဖြစ်လာရေး မိဘနှင့် ဆရာများ ဝိုင်းဝန်းပေးသွားကြရပါမည်။

ကျောင်းတိုင်းတွင် ယခင်ကရှိခဲ့ပြီး ယခုအကြောင်းကြောင်းကြောင့် ပျောက်ကွယ်နေသော ကာယစွမ်းရည်နှင့် သက်ဆိုင်သော ကျောင်းကစားကွင်း၊ ဉာဏစွမ်းရည်အတွက် ကျောင်းနံရံကပ်စာစောင်များနှင့် နှုတ်မှုစွမ်းရည်ကို ထက်မြက်စေသည့် “စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ” စသည့် ကာယ၊ ဉာဏ၊ နှုတ်မှုပညာစွမ်းရည်ပြခွင့်ရမည့် “ကွင်း”သုံးကွင်းကိုလည်း ပြန်လည်ဖော်ထုတ်ပေးကာ ကလေးများ၏ဘက်စုံအရည်အသွေးကို မြေတောင်မြှောက်ပေးကြရပါသည်။

ဤသို့ဆိုလျှင် အခြေခံပညာကျောင်းများ၏ အနာဂတ်နိုင်ငံတော်၏ အနာဂတ်ကိုခန့်မှန်းတိုင်းတာအဖြေထုတ်၍ ရနိုင်ပါပြီ။ သို့သော် ဤ “စင်သုံးစင်”၊ “ကောင်းသုံးကောင်း”နှင့် “ကွင်းသုံးကွင်း”ကို တာဝန်ယူကြရမည့် ဆရာများတွင်လည်း “နာသုံးနာ”နှင့် ပြည့်စုံနေဖို့ လိုအပ်ပါသေးသည်။ ဆူကြံ့နိမ့်မြင့်မရွေး ကလေးများအပေါ် “စေတနာ”ရှိရမည်။ ဆရာ့လုပ်ငန်းအပေါ်မှာ “ဝါသနာ”ပါရမည်။ “အကြင်နာ”တရားနှင့် ရင်ဝယ်သားကဲ့သို့ ကလေးတိုင်းအပေါ် လွှမ်းခြုံပေးနိုင်ရပါမည်။ “နာသုံးနာ”ကို တစ်ခုတည်း စုစည်းလိုက်လျှင် ကလေးတိုင်းအပေါ် “ချစ်”တတ်ဖို့သာ ပဓာနကျပါသည်။

ဤသို့ဖြင့် မိဘ၊ ဆရာ၊ ကျောင်းသား တြိဂံပညာရေးဖြင့်ဖွဲ့တည်ထားသော အခြေခံပညာကျောင်းများတွင် ပန်းပျိုးလက်ပိုင်ရှင် “နာသုံးနာ”နှင့် ဆရာများ၏ စနစ်တကျ စီမံခန့်ခွဲသင်ကြားမှုအောက် “စင်သုံးစင်”၊ “ကောင်းသုံးကောင်း”၊ “ကွင်းသုံးကွင်း”နှင့် ပီပြင်ပြည့်စုံရှိလာခဲ့ပြီဆိုပါလျှင် အနာဂတ်နိုင်ငံတော်ကအားကိုးရမည့် လူချွန်၊ လူမွန်၊ လူတော်လူကောင်းလေးများ ပေါ်ထွန်းလာတော့မည်အမှန်ဖြစ်ပါသည်။

အခြေခံပညာရေးဟူသည် “အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ. . .” ဆရာ့ကျင့်ဝတ်နှင့်အညီ “စာကိုလည်းသင်၊ လူကိုလည်းပြင်”ရသည့် တစ်ပြိုင်တည်းမှာ လူတော်လူကောင်းဖြစ်လာအောင် ထုဆစ်ပုံသွန်းရသည့်နေရာဖြစ်သည်။ “အစကောင်းမှ အနှောင်းသေချာ”ဆိုသလို အနှောင်းသေချာဖို့ အစကောင်းအောင်လုပ်ကြရာတွင် နိုင်ငံ၏အနာဂတ်ကို အဆုံးအဖြတ်ပြုမည့် အခြေခံပညာရေးကို အလေးပေးကြရမြဲဖြစ်ပါသည်။ ။

ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧက ၂၆၂ တင်းကျော်ထွက်ရှိ

ရေတာရှည် မေ ၂၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ၂၀၁၃-၂၀၁၄ နွေစပါးရာသီ ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်းပွဲကို မေ ၂၄ ရက် နံနက် ၈ နာရီက ကုန်ကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာနေ တောင်သူ ဦးကျော်ဆန်း၏ ကွင်းအမှတ် (၆၂၅)ရှိ ပုလဲသွယ်စပါးစိုက်ခင်း တစ်ဧကကို ရိတ်သိမ်းခဲ့သည်။ စံကွက်ရိတ်သိမ်းပွဲသို့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး(စိုက်ပညာ) မှ ဦးအေးကိုကို၊ ပဲခူးတိုင်းဒေသကြီး တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်နှင့် တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသွင်မြင့်တို့ တက်ရောက်အားပေးခဲ့သည်။ မြေယာများသည် နှစ်စဉ်အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းလာနေကြောင်း၊ တိုးတက်လာသောလူဦးရေနှင့် စားရိက္ခာဖူလုံရေးအတွက် ဆန်စပါး အထွက်နှုန်းကောင်းမွန်ရန် မဖြစ်မနေ လိုအပ်လာမည်ဖြစ်သည့်အတွက် တောင်သူများအနေဖြင့် ပုလဲသွယ်စပ်မျိုးစပါးများကို စိုက်ပျိုးရာတွင် လိုက်နာရမည့် နည်းပညာအချက်အလက်များကိုလည်းကောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးရာတွင် အချက် (၁၄)ချက်ကို လိုက်နာပြီး ယခုထက် ပိုမိုစိုက်ပျိုးနိုင်ပါက အကျိုးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးအေးကိုကိုက ပြောကြားသည်။ ဆက်လက်၍ စံကွက်အား ရိတ်သိမ်းခြွေလှေ့ရာတွင် အစိုတင်း ၂၆၂ ဒသမ ၂၅ တင်း (အခြောက် ၂၃၉ တင်း) ထွက်ရှိကြောင်း တွေ့ရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စိုက်ပျိုးရေးဌာနမှ ဦးစီးမှူး ဦးအောင်ဝင်းနှင့် စိုက်/ညှိ ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် တောင်သူများ တက်ရောက်ကြပြီး အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါးကို တိုးချဲ့စိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မော်လမြိုင်-သထုံ-ရန်ကုန်ခရီးသည်တင်မှန်လုံယာဉ်လိုင်းအား စစ်ဆေး

သထုံ မေ ၂၅

မွန်ပြည်နယ် သထုံမြို့အခြေစိုက် မော်လမြိုင်-သထုံ-ရန်ကုန် ခရီးစဉ် ပြေးဆွဲနေသော “ဝင်း”မှန်လုံအမြန်ယာဉ်လိုင်းတွင် ပြေးဆွဲနေသော ယာဉ်များအား စတင်ထွက်ခွာရာ ဂိတ်ရှေ့မှ မထွက်ခွာမီ နာရီဝက်အလိုတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ အသက်အန္တရာယ်လုံခြုံရေးတို့အတွက် ယာဉ်စစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူများက ခရီးသည်တင် ယာဉ်ကြီးများတွင် အဓိကယာဉ်မောင်းများ သတ်မှတ်လိုင်စင်ပြည့်စုံမှု ရှိ၊ မရှိ၊ အရေးပေါ်ထွက်ပေါက် ပါ၊ မပါ၊ အရေးပေါ်မှန်ခွဲနိုင်မည့် တူ၊ ပုဆိန် ပါ၊ မပါ၊ တာယာများ ကောင်း၊ မကောင်း၊ ယာဉ်မောင်း ယာဉ်နောက်လိုက်များ အရက်သေစာ သောက်စားထားခြင်း ရှိ၊ မရှိ အစရှိသည့် ယာဉ်အခြေအနေ မျက်မြင်စစ်ဆေးချက် (၁၂)ချက်၊ ယာဉ်မောင်းအခြေအနေ စစ်ဆေးချက် (၁၁) ချက်တို့ဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောမြင့်လွင်က “မေ ၂၃ ရက်မှာ ပြေးဆွဲမယ့် မှန်လုံယာဉ် ခုနစ်စီးကို မနက် ၅ နာရီကစပြီး စစ်ဆေးခဲ့ပြီး သတိပေး၊ ပညာပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးတာကို အပတ်စဉ်ဆောင်ရွက်သွားမှာဖြစ်ပြီး လိုက်နာမှုမရှိခဲ့ရင်တော့ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာပါ” ဟု ပြောကြားသည်။

သက်ဦး(သထုံ)

GETC
building a better future
ကျောင်းအပ်လက်ခံနေပါပြီ
PRE-SCHOOL Age (2-6)
YOUNG LEARNERS Age (6-14)
ADULT LEARNERS Age (over 16)
School Bus Available
မြေနီကုန်း 537895,502775 | လှိုင် 530097 | တာမွေ 549590

ရေနှင့်ဖျော်စရာမလိုသော အသင့်သုံး သနပ်ခါးခရင်(မ်)
(၇) ရက်လိမ်းရုံမျှဖြင့် ဝက်ခြံများကိုပျောက်ကင်းစေနိုင်ပါသည်။
Shwe Anti-acne Thanakha Cream
ရွှေ ဝက်ခြံပျောက် သနပ်ခါးခရင်(မ်) Ph:09 450012380

ပြည်တွင်းရေးရာ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် နယူးဇီလန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Rt. Hon David Carter တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

❐ **ရှေ့ဖုံးမှ**

(အစိုးရအထောက်အပံ့ခံသုတေသန အဖွဲ့)သို့ ရောက်ရှိရာ GNS Science မှ တာဝန်ရှိသူများက Geothermal စွမ်းအင်ထုတ်လုပ်မှုနှင့် ဓာတ်ခွဲခန်းတွင် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မာအိုရီတိုင်းရင်းသားပိုင် Miraka Limited သို့ ရောက်ရှိပြီး ကုမ္ပဏီပိုင်ရှင်နှင့် တာဝန်ရှိသူများက အဆိုပါကုမ္ပဏီသည် ပြည်ပသို့ နို့မှုန့်အဓိက ပို့ဆောင်နေသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ကုမ္ပဏီသမိုင်းကြောင်းနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် Taupo မြို့ အမှတ်(၁၄) Northcroft Street ရှိ Lake Taupo Forest Park သို့ ရောက်ရှိပြီး Forest Park အစည်းအဝေးခန်းမတွင် Forest Trust အဖွဲ့မှ Taupo ဒေသတစ်ဝိုက်သစ်တောများ ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မေ ၂၁ ရက် ဒေသစံတော်ချိန် ၉ နာရီခွဲတွင် နယူးဇီလန်လွှတ်တော် ဥက္ကဋ္ဌ Rt. Hon David Carter နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မြန်မာနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ၁၉၅၈ ခုနှစ်ကတည်းက စတင်ခဲ့သဖြင့် ယခုအချိန်ဆိုလျှင် နှစ်ပေါင်း ၆၀ နီးပါး ရှိတော့မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို "မြန်မာ" ဟူ၍ မှန်ကန်စွာ ခေါ်ဆိုခဲ့သော နိုင်ငံများအနက် နယူးဇီလန်နိုင်ငံသည် ရှေ့တန်းတွင် ပါဝင်ခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း။

ဒီမိုကရေစီကို စတင်လျှောက်လှမ်းခဲ့သည့် သုံးနှစ်ဆိုသော အချိန်တိုအတွင်း မိမိတို့လွှတ်တော်များအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို များစွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အစိုးရကို မေးခွန်းပေါင်း ၁၀၃၂ ခု မေးမြန်းကာ အဆိုပေါင်း ၁၈၆ ခု တင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က ဥပဒေပေါင်း ၉၀ ခန့်ကို လွှတ်တော်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

ပြည်တွင်းတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများစွာ ပေါ်ပေါက်လာပြီး ကျယ်ပြန့်စွာ လှုပ်ရှားဆောင်ရွက်နေပြီး အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းတို့မှာလည်း လွတ်လပ်စွာဆောင်ရွက်ကြလျက်ရှိပါကြောင်း၊ ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံရေးတည်ငြိမ်မှုနှင့် လုံခြုံမှု၊ ပညာရေးအဆင့်မြှင့်တင်မှု၊ စီးပွားရေးတိုးတက်မှုတို့ကို စနစ်တကျ လုပ်ဆောင်နေကြပါကြောင်း။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဝင်များ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးလျက်ရှိပြီး မကြာမီတွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့နောက် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ပြီး ထိုနိုင်ငံရေးဆွေးနွေးပွဲများက ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးကို ဦးတည်မည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို မြော်တွေးကာ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီကို ဖွဲ့စည်းခဲ့ပြီး နောက်တစ်ဆင့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်သင့်သလောက် ပြင်ဆင်နိုင်မည်ဖြစ်ပြီး အခြေခံ ဥပဒေဆိုသည်မှာ အစဉ်သဖြင့် ပြင်ဆင်နေရမှာ ဖြစ်ပါကြောင်း။

ဒီမိုကရေစီအရေးအတွက် ဒုတိယလိုအပ်ချက်မှာ ပညာရေးဖြစ်ပြီး မိမိတို့ နိုင်ငံ ပညာရေးမြင့်မားရေးအတွက် အဆွေတော်နိုင်ငံမှ ပညာရေးကဏ္ဍကို အကူအညီပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ထို့ပြင် နိုင်ငံသားများ ပျမ်းမျှဝင်ငွေ မြင့်မားရေးလိုအပ်သည့်အတွက် နိုင်ငံ၏စီးပွားရေးလည်း တိုးတက်ရန် လိုအပ်ပါကြောင်း၊ စီးပွားရေးကောင်းမှ လူနေမှုမြင့်မားမှာဖြစ်သကဲ့သို့ ပညာရေး၊ ကျန်းမာရေးလည်း မြင့်မားလာမှာဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးမြှင့်တင်ရန် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုလိုအပ်ပြီး နိုင်ငံအတွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရန်လည်းလိုအပ်ပါကြောင်း၊ အဓိကလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားဖြစ်သဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့်ပတ်သက်၍ စနစ်တကျ ဆောင်ရွက်နိုင်သည့် အတွေ့အကြုံရှိသော အဆွေတော်တို့မှ လာရောက်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်စေလို ကြောင်း၊ စီးပွားရေးကဏ္ဍတွင်လည်း နှစ်နိုင်ငံ အကျိုးတူပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း။

မြန်မာလွှတ်တော်အနေဖြင့် နှစ်ပေါင်း ၁၅၀ ခန့် သက်တမ်းရှိသည့် နယူးဇီလန်လွှတ်တော်ကို နမူနာထားရမှာဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ term အလိုက် ဝင်လိုက်ထွက်လိုက်ဖြစ်ပြီး လွှတ်တော်ရုံးဆိုသည်မှာ မပြောင်းလဲပါကြောင်း၊ မိမိတို့ လွှတ်တော်ရုံးများမှ ဝန်ထမ်းများကို ခြောက်လတန်သည် တစ်နှစ်တန်သည် သင်တန်းများ ခေါ်ပေးမည်ဆိုလျှင် လွန်စွာ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံရင်းနှီးသော ဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူချင်း ချစ်ကြည်သော ဆက်ဆံရေးသာဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ မိမိခရီးစဉ်၏ ရည်ရွယ်ချက်မှာ လွှတ်တော်ချင်း ရင်းနှီးချစ်ကြည်ရေးဖြစ်ပြီး လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုမှ ပြည်သူချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေးဖြစ်ပါကြောင်း၊ ထို့အပြင် လွှတ်တော်လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုလည်း လေ့လာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌက နယူးဇီလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ကူညီရန်အဆင်သင့်ရှိပါကြောင်း၊ မိမိတို့ရွေးကောက်ပွဲများတွင် FPTP စနစ်မှ MMP စနစ်ဆီသို့ ဘယ်လိုရောက်ခဲ့သည်ကို ပြောပြရန် အဆင်သင့်ရှိပါကြောင်း၊ ထို့ပြင် ရန်ကုန်မြို့မှ နေပြည်တော်သို့ ကားနှင့်သွားသည့် လမ်းတွင် လယ်ဧက ထောင်ပေါင်းသောင်းပေါင်းများစွာ တွေ့ရပြီး နွားနှင့်ထွန်တုံးအသုံးပြု၍ ထွန်ယက်နေသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရန်လိုအပ်ပါကြောင်း။

လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပညာရေးကဏ္ဍတို့ကိုလည်း နယူးဇီလန်နိုင်ငံ အနေဖြင့် ကူညီရန်အဆင်သင့်ရှိပါကြောင်း၊ မြန်မာကျောင်းသားများ နယူးဇီလန်နိုင်ငံတွင် ပညာသင်ဆုပိုမိုရရှိရေး တောင်းဆိုချက်ကို မိမိမှတ်သားထားပြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံသည့်အခါ ပြောကြားမည်ဖြစ်ပါကြောင်း၊ ယခုလာမည့် Newzealand Electoral Cycle မှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး ရွေးကောက်ပွဲလုပ်ရန် ၁၂/၁၃ ပတ်သာလိုပါတော့ကြောင်း၊ နောက်ထပ် ၅ ပတ်ခွဲအချိန်ပြီးလျှင် လွှတ်တော်ဖျက်သိမ်းပြီး ရွေးကောက်ပွဲကာလ ရောက်တော့မည် ဖြစ်ပါကြောင်း၊ ယနေ့ Question Time တွင် ခါတိုင်းထက် တက်တက်ကြွကြွဖြစ်နိုင်ပါကြောင်း၊ နယူးဇီလန်နိုင်ငံ၏ ရွေးကောက်ပွဲများတွင် MMP စနစ်သည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိကောင်းရှိမည် ဖြစ်ပါကြောင်း။

နယူးဇီလန်နိုင်ငံတွင် ပါတီကြီး နှစ်ခုရှိသော်လည်း MMP လုပ်ပြီးနောက် ပါတီကြီးတစ်ခုတည်းက အုပ်ချုပ်ခြင်းမရှိတော့ဘဲ ပါတီငယ်များပါဝင်ပြီး မဲခွဲပြီးမှ ဆုံးဖြတ်ခြင်းများဖြစ်လာကြောင်း၊ မြန်မာနိုင်ငံ ခရီးစဉ်ပြီးနောက် ဖွဲ့စည်းပုံအခြေခံပြုပြင်ပြောင်းလဲရေးကို မိမိစိတ်ဝင်စား၍ အဆက်မပြတ် ကြည့်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးချီတက်မှုတွင် နယူးဇီလန်နိုင်ငံက အကူအညီပေးသွားရန် အဆင်သင့်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နယူးဇီလန်လွှတ်တော် ကျန်းမာရေး ကော်မတီနှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် နယူးဇီလန်ပါလီမန်အတွင်း လွှတ်တော်ကျင်းပခြင်း၊ မေးခွန်းမေးမြန်းခြင်းနှင့် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းတို့ကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပါလီမန်စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် ပါလီမန်လွှတ်တော်စာကြည့်တိုက်၏ စာကြည့်တိုက်မှူး Barbara McPhee နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံလွှတ်တော်များအတွင်း စာကြည့်တိုက် အတွေ့အကြုံဖလှယ်ရေးကိစ္စများနှင့် နှစ်နိုင်ငံလွှတ်တော်နှစ်ခုကြား စာကြည့်တိုက်ကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ဆောင်သွားရန် ကိစ္စရပ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ ဆွေးနွေးကြသည်။

မေ ၂၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် နယူးဇီလန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရုံး၌ ဒုတိယဥက္ကဋ္ဌ Robert Peden နှင့်တွေ့ဆုံရာ ကော်မရှင်က ရွေးကောက်ပွဲကျင်းပနိုင်ရေး စီမံဆောင်ရွက်မှုများ၊ နိုင်ငံရေးပါတီကို ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်လျက်ရှိမှု၊ ကျင်းပပြီးသော ရွေးကောက်ပွဲများကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့မှုနှင့် PR (အချိုးကျ)စနစ် ကျင့်သုံးမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က PR(အချိုးကျ)စနစ်သို့ ပြောင်းလဲကျင့်သုံးလာမှုနှင့် ရွေးကောက်ပွဲကျင်းပချိန် မဲရုံပိတ်ပြီးချိန်တွင် မဲစာရင်းကြေညာနိုင်မှုတို့ကို မေးမြန်းခဲ့ရာတွင် နယူးဇီလန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌက PR(အချိုးကျ) စနစ်ကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်များကို မဲရုံပိတ်ပြီး မိနစ် ၃၀ တွင် ၁၁ ရာခိုင်နှုန်း၊ ၃ နာရီကြာချိန်တွင် ၉၀ ရာခိုင်နှုန်းထိ ကြေညာနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မေ ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့မှ ပြန်လည်ထွက်ခွာရာ နယူးဇီလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိန်းနှင့် နယူးဇီလန်လွှတ်တော်မှ တာဝန်ရှိသူများက ဝယ်လင်တန်မြို့ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ ထို့နောက် အော်ကလန်မှ စင်ကာပူသို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် ပြန်လည်ရောက်ရှိပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော အမျိုးသားလွှတ်တော် ရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးနေဝင်းထွန်း၊ ဒေါ်နန်းနီနီအေး၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးကံညွှန့်၊ ဦးတင်ရှိန်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

❖ **မူလတန်းမှ**

အခမဲ့ပညာရေးလုပ်ပေးလိုက်တော့ ကျွန်တော်တို့မိဘတွေ စိတ်ချမ်းသာကျေနပ်ရပါတယ်၊ ယခင်တုန်းက ကျောင်းဝင်ကြေး၊ ပရိဘောဂကြေး စတဲ့ ကြေးတွေကြောင့် အချိန်မီ ကျောင်းမအပ်နိုင်ခဲ့ပါဘူး၊ ယခုတော့ ကျွန်တော်တို့ရင်သွေးကလေးငယ်တွေကို သူများနည်းတူ မော်မော်ကြွားကြွားနဲ့ ကျောင်းအပ်နိုင်ပါပြီ"ဟု ပခုက္ကူဒေသခံ ပြည်သူတစ်ဦးကလည်း ဝမ်းသာကြည်နူးစွာပြောကြား ပါသည်။

နေဦးမောင်(ပခုက္ကူ)

PUN HLAING HOSPITAL

အရိုးကျိုးပေါင်း၊ ခါးဆစ်ရိုးနာ၊ အကြောညပ် စသောကျောရိုးဆစ်နှင့်
အခြားအရိုးအကြောဆိုင်ရာရောဂါများကုသမှုအစီအစဉ်

လှည်းပင်းအရိုးကိုးပေါင်းဝေဒနာ၊ ခါးဆစ်ရိုးနာ၊ အကြောညပ် စသောကျောရိုးဆစ်ရောဂါများနှင့်အခြား
အရိုးအကြောဆိုင်ရာရောဂါများကို **မလေးရှားနိုင်ငံမှ အရိုးအကြောရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီး** ကိုယ်တိုင်
မေလ ၃၁ ရက်မှဇွန်လ ၂ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၈၊ (၀၉) ၄၂၀၀၄၂၆၇၉ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : enquiry.phlh@spa.com.mm

တရုတ်တောင်ပိုင်းတွင် ရေလွှမ်းမိုး ၁၅ဦးသေ၊ ငါးဦးပျောက်

ပေကျင်း မေ ၂၅

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေလွှမ်းမိုးရာ ၁၅ ဦးထက်မနည်းသေဆုံးပြီး ငါးဦးပျောက်ဆုံးနေကြောင်း မေ ၂၅ရက်သတင်းတွင် ဖော်ပြသည်။

ကွမ်ကျိုး၊ ဆောင်ကျင်းနှင့်ကျင်းယွမ်မြို့ များတွင် မိုးသက်မုန်တိုင်းကျရောက်သဖြင့် ရေလွှမ်းမိုးမှုနှင့် ရင်ဆိုင်ကြရကြောင်း၊ ဖြစ်စဉ်ကြောင့် လူနေအိမ်များ ပြိုလဲခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားကြောင်း ပြည်နယ်ဆိုင်ရာ ရေလွှမ်းမိုးမှုထိန်းချုပ်ရေးနှင့် မြို့ပြဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ရေလွှမ်းမိုးမှုဒဏ်ကို လူပေါင်း ၁၄၀၀၀၀ ကျော်ခံစားကြရကြောင်း ၂၁၀၀၀ ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး လူနေအိမ် ခြေ ၁၁၄၃ လုံးပြိုကျပျက်စီးသွားကြောင်း ပြောကြားသည်။

အဆက်မပြတ်မိုးရွာသွန်းမှုသည် မေ ၂၁ ရက်ကတည်းက စတင်ဖြစ်ပွားခဲ့သဖြင့် ပြည်နယ်ဆိုင်ရာ အဝေးပြေးလမ်းမကြီးများ တွင်ယာဉ်များသွားလာမှု ပိတ်ပင်ထားရကြောင်း နိုင်ငံပိုင်သတင်းဌာန ဆင်ဟွာတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ် နှစ်ဦးသေဆုံး

ဒါဗာတိုစီးတီး မေ ၂၅

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက မေ ၂၅ ရက်တွင် ပြောကြားသည်။

မေ ၂၄ ရက် ညနေပိုင်းက အဆိုပါလေဆင်နှာမောင်းတိုက်ခတ်ရာ အုန်းပင်များနှင့် သစ်ပင်ကြီးများ အမြစ်မှ ကျွတ်ထွက်ကာ အိမ်များအပေါ်သို့ ပြိုလဲကျကြောင်း၊ ကိုတာဘာတိုပြည်နယ် ဗစ်ဆာရက်ပ်မြို့ ဆာလူနာယန်းကျေးရွာတွင် နေထိုင်သော ကလေးတစ်ဦးနှင့် သက်ကြီးရွယ်အိုအမျိုးသမီးကြီးတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဆင်ဟွာ။

အီရတ်မြောက်ပိုင်းတွင် ကားဗုံးပေါက်ကွဲ ၁၂ ဦးသေ၊ ၂၉ ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံမြောက်ပိုင်းရှိ အရက်ဆိုင်တစ်ဆိုင်အပြင်ဘက်တွင် ကားဗုံးတစ်လုံးပေါက်ကွဲရာ အရပ်သား ၁၂ ဦးထက်မနည်းသေဆုံးကြောင်း ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးက မေ ၂၅ ရက်တွင် ပြောကြားသည်။

အီရတ်မြောက်ပိုင်း ကီယာကာ့စ်မြို့ရှိ ရေနံဖြင့် ချမ်းသာကြွယ်ဝသူများနှင့် မျိုးနွယ်စုနွယ်များရောနှောနေထိုင်ရာနေရာရှိ အရက်ဆိုင်အပြင်ဘက်တွင် ကားဗုံးတစ်လုံးပေါက်ကွဲကြောင်း၊ အနီးအနားရှိ လူ ၂၉ ဦး ဒဏ်ရာရရှိကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**

ထိုင်းစစ်အစိုးရအား ဆန့်ကျင်ဆန္ဒပြသူများအား တွေ့ရစဉ်။

ထိုင်းစစ်အစိုးရသစ်အား ဆန့်ကျင်ဆန္ဒပြမှုများ မြို့တော်ဗန်ကောက်တွင် ဆက်လက်ဖြစ်ပွား

ဗန်ကောက် မေ ၂၅

ထိုင်းနိုင်ငံတွင် စစ်ဘက်အာဏာသိမ်းအစိုးရသစ်၏ သတိပေးမှုများ ထုတ်ပြန်နေသည့်ကြားမှပင် မြို့တော်ဗန်ကောက်၌ စစ်အစိုးရသစ်အားဆန့်ကျင်သည့် ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း ယနေ့ ဘီဘီစီသတင်းတွင်ဖော်ပြသည်။

လူအင်အားရာနှင့်ချီပါဝင်သည့် ဆန့်ကျင်ဆန္ဒပြသူများက ဗန်ကောက်မြို့လမ်းမများတွင် စီတန်းလှည့်လည်ရင်း စစ်အစိုးရနုတ်ထွက်ပေးရန် သံပြိုင်ကြွေးကြော်ကြသည်။

ထိုင်းနိုင်ငံတွင် မေ ၂၂ ရက်ကတည်းကပင် ထိုင်းစစ်ဘက်က အာဏာသိမ်းယူစဉ်ကတည်းက လမ်းမများပေါ်၌ လူငါးဦးထက်ပို၍ မစုဝေးကြရန်တားမြစ်ပိတ်ပင်ခဲ့ပြီးဖြစ်သည်။ မကြာသေးမီကာလအတွင်းက ထိုင်းနိုင်ငံအတွင်းရှိ သတင်းစာတိုက်ပေါင်း ၁၈ တိုက်မှ စာတည်းများအား ထိုင်းစစ်ဘက်မှ ဆင့်ခေါ်၍ စစ်အစိုးရ၏ထိန်းချုပ်ကန့်သတ်မှုများနှင့် ပတ်သက်၍ ဝေဖန်မှုများနှင့် ဟောကိန်းထုတ်မှုများအတွက် သတိပေး ပြောကြားခဲ့သည်။

ထိုင်းစစ်ဘက်အာဏာသိမ်းအစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ဒီမိုကရေစီစည်းမျဉ်းများအရ လုပ်ဆောင်နိုင်မှုများမှာ လက်ရှိအခြေအနေတွင် အသုံးချနိုင်ခွင့်ရှိဦးမည် မဟုတ်ဟုပြောကြားခဲ့သည်။ **ဘီဘီစီ။**

ယူကရိန်းသမ္မတသစ် ရွေးချယ်ရန် ဆန္ဒမဲပေးကြပြီ

ကိယက် မေ ၂၅

ယူကရိန်းနိုင်ငံသားများသည် သမ္မတအသစ်ရွေးချယ်ရန်အတွက် မဲရုံများသို့ဆန္ဒမဲပေးရန်သွားရောက်ကြကြောင်း တနင်္ဂနွေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယူကရိန်းနိုင်ငံတွင် သမ္မတဟောင်း ဗစ်တာယာနူကိုဗစ်ချ်ကိုဖယ်ရှားခဲ့ကြပြီးနောက် လအတန်ကြာ မငြိမ်မသက် ဖြစ်နေခဲ့သည်။

ယှဉ်ပြိုင်သည့်သမ္မတလောင်း ၁၈ ဦးရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ရွေးချယ်မည်ဖြစ်သည်။ ယခုအချိန်သည် နိုင်ငံတော်စည်းလုံးညီညွတ်ရန်အတွက် အရေးကြီးသောအချိန်ဖြစ်သည်ဟုဆိုသည်။

သို့သော် ရုရှားလိုလားသည့် ခွဲထွက်ရေးသမားများသည် နိုင်ငံအရှေ့ပိုင်းတွင် ဆန္ဒမဲထည့်ခြင်းကို နှောင့်ယှက်ဖျက်ဆီးကြသည်။ ဖွင့်လှစ်ထားသည့်မဲရုံအများအပြားကို ပိတ်ပစ်ကြပြီး မဲပုံးများကိုလည်း ဖျက်ဆီးခဲ့ကြသည်။

အရှေ့ပိုင်းဒေသဒွန်းတက်နှင့် လူဟာနက်မြို့များတွင် ပြည်သူများမဲပေးခြင်းကို အပြင်းအထန်နှောင့်ယှက်ခဲ့ကြသည်။

ဒွန်းတက်မြို့တွင် မဲရုံတစ်ရုံမျှဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ပေ။ ဒေသတစ်ခုလုံးတွင် ရွေးချယ်တင်မြှောက်ပွဲကော်မရှင် ခရိုင် ၁၂ ခုရှိသည့်အနက် ခုနစ်ခရိုင်သာလျှင် မဲဆန္ဒပေးပွဲကျင်းပနိုင်ခဲ့သည်။

ချောကလက်ဘုရင်ဟု လူသိများသော မုန့်တိုက်ပိုင်ရှင်သူဌေး ပီထရို ပိုရိုချင်ကိုက အနိုင်ရရှိရန်ရေပန်းစားလျက်ရှိသည်။ **ဘီဘီစီ။**

ရုရှားလိုလားသူများက မဲပုံးများကို ဖျက်ဆီးနေကြစဉ်။

မာလီသူပုန်များနှင့် အစိုးရအဖွဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူ

နိုင်ဂျာ မေ ၂၅

မာလီနိုင်ငံမြောက်ပိုင်းမှ သူပုန်များသည် အစိုးရတပ်များနှင့် နှစ်ရက်ကြာတိုက်ပွဲဖြစ်ပွားပြီးနောက် အပစ်အခတ်ရပ်စဲရန် သဘောတူလိုက်ကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နိုင်ငံမြောက်ပိုင်းမှ အချက်အချာကျသော ကီဒေါလ်မြို့ကိုသိမ်းပိုက်ထားကြသည့် တူရက်သူပုန်အုပ်စုသုံးစုသည် အာဖရိကသမဂ္ဂဥက္ကဋ္ဌ မိုဟာမက်အူးအဒဲလဇစ်နှင့် ဆွေးနွေးပြီးနောက် သဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ မေ ၂၁ရက်မှစတင်၍ တိုက်ပွဲများဖြစ်ပွားခဲ့ရာ မာလီအစိုးရတပ်ဖွဲ့ဝင် ၂၀ ခန့် သေဆုံးခဲ့သည်။ မကြာသေးမီရက်များ အတွင်း၌ သူပုန်များသည် နိုင်ငံမြောက်ပိုင်းဒေသအများအပြားကို ထိန်းချုပ်နိုင်ခဲ့ကြသည်။

သူပုန်အဖွဲ့မှပြောရေးဆိုခွင့်ရှိသူက အပစ်အခတ်ရပ်စဲရေး သဘောတူညီခြင်းကို ဘီဘီစီသို့ အတည်ပြုပြောကြားသည်။ ၎င်းတို့သည် လက်ရှိအနေအထားကို ဆက်လက်ဆုပ်ကိုင်ထားမည်ဟုပြောသည်။

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဆာဒါ ဆာမာကီးက မာလီအစိုးရအဖွဲ့ကိုယ်စား အပစ်အခတ်ရပ်စဲရေးစာချုပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ဘာမာကိုမြို့မှ သတင်းရရှိသည်။

အဆိုပါသဘောတူညီချက်တွင် ဆွေးနွေးပွဲများ ပြန်လည်သုံးသပ်ရန် ကတိကဝတ်နှင့် မြို့တော်၌ အကျဉ်းကျနေကြသော တာရက်သူပုန် ၃၀၀ ကို ပြန်လွှတ်ပေးရေးတို့ပါဝင်ကြောင်း သတင်းများက ဖော်ပြသည်။ **ဘီဘီစီ။**

တီဟီရန် မေ ၂၅

အီရန်နိုင်ငံတွင် ၁၉၇၉ ခုနှစ် အစ္စလာမ့်တော်လှန်ရေးပြီးသည့်နောက် အကြီးမားဆုံးလိမ်လည်မှုဖြစ်သည့် နိုင်ငံတော်ဘဏ်တစ်ခု၏ အမေရိကန် ဒေါ်လာ ၂ဒသမ ၆ဘီလီယံ အရှုပ်တော်ပုံတွင် နောက်ကွယ်မှကြိုးကိုင်ပုံဖော်သူ စီးပွားရေးလုပ်ငန်းရှင်ဘီလျံနာသူဌေးတစ်ဦးကို စနေနေ့တွင် သေဒဏ်ပေးခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ကြေညာသည်။

ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ အီရန်ဘဏ် အရှုပ်တော်ပုံ ဘီလျံနာကို သေဒဏ်ပေး

တီဟီရန်မြို့တော်မြောက်ဘက် အီဗင်အကျဉ်းထောင်၌ အမီယာမန်ဆိုအာအရီယာဟု အသိများကြသည့် မာဟာဖာရစ်အမီယာ ခိုစရာဗီကို အာဏာပိုင်များက ကြိုးပေးကွပ်မျက်ခဲ့သည်။ အီရန်တရားရုံးချုပ်က ၎င်း၏သေဒဏ်ကို အတည်ပြုပြီးနောက် ကွပ်မျက်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများက ဖော်ပြသည်။

လိမ်လည်မှုတွင် စတီးလ်ထုတ်လုပ်သော ခူဇက်စတန်စတီးလ်ကုမ္ပဏီကဲ့သို့သော နိုင်ငံတော်ပိုင်ကုမ္ပဏီကြီးများ၏ ရှယ်ယာများကို ဝယ်ယူရန်အတွက် အီရန်နိုင်ငံ၏ ထိပ်တန်း ဘဏ္ဍာရေးအဖွဲ့အစည်းများအနက်မှ တစ်ခုဖြစ်သည့် ဆာဒီရက်ဘဏ်မှ ချေးငွေရရှိရန် အထောက်အထား စာရွက်စာတမ်းများ အတုပြုလုပ်အသုံးချခြင်းများပါဝင်သည်။

ခိုစရာဗီ၏ စီးပွားရေးအင်ပါယာတွင် သောက်ရေသန့် ထုတ်လုပ်ခြင်းမှ ဘောလုံးကလပ်အသင်းနှင့် ဘရာဇီးမှ အသားများ တင်သွင်းခြင်းအထိ လုပ်ငန်းများ ပါဝင်ပြီး ကုမ္ပဏီပေါင်း ၃၅ ခုကျော်ပိုင်ဆိုင်သည်။ အီရန်မီဒီယာများအဆိုအရ ၎င်းဘဏ် အရှုပ်တော်ပုံမှာ ၂၀၀၇ ခုနှစ်က စတင်ခဲ့သည်။

ဤအမှုတွင် စုစုပေါင်းတရားခံ ၃၉ ဦးကို ပြစ်ဒဏ်စီရင်ခဲ့ရာ လေးဦးမှာသေဒဏ်၊ နှစ်ဦးမှာ ထောင်ဒဏ်တစ်သက်နှင့် ကျန်လူများမှာ ထောင်ဒဏ် ၂၅ နှစ်အထိ အသီးသီးအပြစ်ပေးခဲ့သည်။

အီရန်နိုင်ငံ၏ အခြား အဓိကဘဏ်တစ်ခုဖြစ်သည့် မယ်လီဘဏ်အကြီးအကဲဟောင်း မာမွတ်ရီဇာခါဗာရီသည် အဆိုပါအမှုဖြင့် ရာထူးမှနုတ်ထွက်ပြီး ၂၀၁၁ခုနှစ်တွင် ကနေဒါနိုင်ငံသို့ ထွက်ပြေးခဲ့သည်။ အီရန်နိုင်ငံ၌ ၎င်းကိုစွဲချက်များ တင်ထားပြီး အီရန်နိုင်ငံ၏ အလိုရှိသူတစ်ဦးဖြစ်နေဆဲဖြစ်သည်။ **အေပီ။**

မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုစီမံကိန်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စစ်ဆေး

ရန်ကုန် မေ ၂၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်) ကြီးကြပ်မှုအောက် ORS ဓာတ်ဆားမှုန့်ထုတ်လုပ်ရေးဌာန (မှော်ဘီ)ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်အားပေးသည်။ ယင်းနောက် ORS ဓာတ်ဆားမှုန့်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေး ပြည့်မီအောင်ထုတ်လုပ်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁) ဆေးဝါးစက်ရုံ (ရန်ကုန်)၏ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုစီမံကိန်း(မှော်ဘီ)သို့ သွားရောက်ကာ မြွေကန်နှင့်အဆိပ်ထိုးသွေးဖောက် အဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် ဆောက်လုပ်ရန်နှင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားသည်။ ယင်းနောက် မြင်းများမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး မြင်းများကျွေးရန် နေပီရာမြက်များတိုးချဲ့စိုက်ပျိုးရေးမှာကြားခဲ့သည်။**(ယာပုံ)**

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းတွင် ကြည့်ရှု စစ်ဆေးစဉ်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် မေ ၂၄ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ ရန်ကုန် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံး သို့ရောက်ရှိပြီး တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ထားမှု လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ဗဟိုကယ်ဆယ်ရေး ဂိုဒေါင်များတွင် ကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျ သိုလှောင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် နားမကြားကျောင်းသို့ ရောက်ရှိပြီး **နားမကြားသူများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဇွန်၁ ရက်မှ စတင်၍ ဖွင့်လှစ် သင်ကြားနိုင်ရေး ပြင်ဆင်ထားမှု**ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး အိမ်ရာစီမံကိန်းရှိ မူလတန်းကြို ကျောင်းသို့ရောက်ရှိပြီး **ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာဥပဒေ (Early Childhood Care and Development Law-ECCD Law) နှင့်အညီ အတွင်းသင်ယူမှုနေရာများ (Indoor Learning Corners)၊ အပြင်သင်ယူမှုနေရာများ (Outdoor Learning Corners) ဖြင့် အင်္ဂါရပ် စုံလင်စွာ သင်ကြားပေးနိုင်ရေး** မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် တွံတေးမြို့နယ် အလံကုန်းကျေးရွာရှိ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာနသို့ ရောက်ရှိပြီး အသက်(၁၈)နှစ်နှင့်အထက် ပြုစုစောင့်ရှောက်ထားသည့် အမျိုးသမီးများအား လူမှုဝန်ထမ်းဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ ကျွေးမွေးမှု၊ အပန်းဖြေအနားယူမှု၊ စာရိတ္တပြုပြင်မှု၊ မိဘ/ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ ဖန်စီသင်တန်း၊ ပန်းထိုးသင်တန်း၊ တက်တင်းထိုးသင်တန်း၊ ကတ်ထိုးသင်တန်းနှင့် စာမတတ်သူများကို ကျောင်းပြင်ပ ပညာရေးသင်ကြားပေးနေမှု (Non Formal Education) တို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာရှိ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး **ကလေးသူငယ်ဥပဒေ (၁၉၉၃)အရနှင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ကလေးစုစုပေါင်း ၃၅၆ ဦးတို့အား ကျောင်းပညာနှင့် သက်မွေးပညာ သင်ကြားပေးမှု၊ ကျန်းမာရေး စောင့်ရှောက်ပေးမှု၊ ကျွေးမွေးစောင့်ရှောက်မှု၊ မိဘရပ်ထံ ပြန်လည်နေရာချထားပေးမှုစသည့် လူမှုဝန်ထမ်းနည်းလမ်းများနှင့်အညီ ပြုစုစောင့်ရှောက်ပေးနေမှုများ၊** အိပ်ဆောင်များ၊ အသက်မွေးဝမ်းကျောင်းပညာများဖြစ်သည့် လက်သမားသင်တန်း၊ စက်ချုပ်သင်တန်း၊ မှန်ပန်းချီသင်တန်း၊ လက်မှုသင်တန်း၊ ဆံသသင်တန်း၊ လျှပ်စစ်ပညာသင်တန်း၊ တစ်လုံးထိုး အင်ဂျင်ပြင်သင်တန်း၊ ဆိုယ်ကယ်ဝပ်ရှော့သင်တန်း၊ ကျွန်းပျိုးခင်းနှင့် ရော်ဘာပျိုးခင်းများစိုက်ပျိုးထားမှု၊ အရန်မီးသတ် သင်တန်းပို့ချနေမှုနှင့် လက်ဝှေ့ထိုး လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံပညာသင်ဆုဖိတ်ခေါ်

နေပြည်တော် မေ ၂၅

၂၀၁၅ ပညာသင်နှစ်အတွက် အာဆီယံပညာသင်ဆုများကို စင်ကာပူနိုင်ငံက မြန်မာနိုင်ငံရှိ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ကမ်းလှမ်းထားပြီး ရွေးချယ်ခံရသူများသည် စင်ကာပူနိုင်ငံရှိ ကျောင်းများတွင် Secondary Three မှ Pre-University Two Level အဆင့်အထိ လေးနှစ်တာ ပညာသင်ဆုရရှိမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံပညာသင်ဆုလျှောက်ထားလိုသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်၊ မြန်မာနိုင်ငံတွင် နေထိုင်သူဖြစ်ရမည်၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း မွေးဖွားသူဖြစ်ရမည်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ International School များမှ အဋ္ဌမတန်း (Grade 9) (သို့မဟုတ်) Grade-9 နှင့်ညီမျှသည့်အတန်းအောင်မြင်ပြီးသူဖြစ်ရမည်၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် သိပ္ပံ ထူးချွန်သူဖြစ်ရမည်။

အရည်အချင်းကိုက်ညီသူများသည် ရေးဖြေစာမေးပွဲလျှောက်လွှာကို ဝင်ရောက်ဖြေဆိုနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများ၊ စာဖြေဌာနများတွင် မေ ၃၀ ရက် ည ၇ နာရီမတိုင်မီ လျှောက်ထားရမည်ဖြစ်သည်။

Secondary 2 အဆင့် ရေးဖြေစာမေးပွဲကို မေ ၃၁ ရက် နံနက် ၁၀နာရီမှ ၁၀နာရီခွဲအထိ အင်္ဂလိပ်စာ၊ နံနက် ၁၀ နာရီ မိနစ် ၄၀ မှ ၁၁ နာရီ ၁၀ မိနစ် အထိ သင်္ချာ၊ နံနက် ၁၁ နာရီ မိနစ် ၂၀ မှ ၁၁ နာရီ မိနစ် ၅၀ အထိ သိပ္ပံဘာသာများကို ဖြေဆိုရမည်ဖြစ်ပြီး စာဖြေဌာနများမှာအမှတ်(၂)အခြေခံပညာဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်များမှ လျှောက်ထားသူများသည် မန္တလေးမြို့ အထက(၁၆) ချမ်းအေးသာစံ စာဖြေဌာနတွင်လည်းကောင်း၊ အမှတ်(၁) နှင့် (၃) အခြေခံပညာဦးစီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ လျှောက်ထားသူများသည် ရန်ကုန်မြို့ အထက (၄)အလုံစာဖြေ ဌာနတွင် လည်းကောင်း ဖြေဆိုကြရမည်ဖြစ်သည်။

ရေးဖြေစာမေးပွဲအောင်စာရင်းကို ဇွန် ၂ ရက်တွင် ဖြေဆိုသည့်နေရာများ၌ ထုတ်ပြန်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၄၃၀၁၅၁၊ ၄၃၀၁၆၁၊ ၀၉-၃၁၁၁၉၉၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။**(သတင်းစဉ်)**

'စစ်ဘက်ဆိုင်ရာအငြိမ်းစားပုဂ္ဂိုလ်များကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်ထားခြင်းသည် ပြည်ခိုင်ဖြိုးပါတီကို အင်အားတစ်ရပ်ဖြစ်စေနိုင်သော လှည့်ကွက်ဖြစ်နိုင်သည်ဟု နိုင်ငံရေးအသိုင်းအဝိုင်းက ဝေဖန်လျက်ရှိကြောင်း'၊ 'လွှတ်တော်သုံးရပ်မစတင်မီ ၂၀၁၀ ခုနှစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့များကို တိုင်းနှင့်ပြည်နယ်အလိုက်ဖွဲ့စည်းနိုင်ရန် ယခင်စစ်အစိုးရအကြီးအကဲ ပုဂ္ဂိုလ်များက ၎င်းတို့၏နီးစပ်ရာပြည်ခိုင်ဖြိုးပါတီဝင်များနှင့် စစ်ဘက်ဆိုင်ရာအငြိမ်းစားအရာရှိများကို ခန့်အပ်တာဝန်ပေးခဲ့ကြောင်း' ဧပြီ ၂၆-မေ ၂ ရက် ရက်သတ္တပတ်ထုတ် ဂျာနယ်တစ်စောင်တွင် ဖတ်ရှုလိုက်ရသည်။

သံသယပျောက်ပါစေ

ကေကေ (မဟာဝိဇ္ဇာ)

ဤသတင်းကို ပြည်သူတို့ဖတ်မိလျှင် ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို အထင်အမြင်လွဲမှားသွားစေနိုင်သည်။ အထင်အမြင်လွဲမှားမှုနှင့်အတူ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် စိုးရိမ်ပူပန်မှုပေါ် ပေါက်လာနိုင်သည်။ ထိုမှတစ်ဆင့် ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အပေါ်တွင် သံသယတွေကြီးထွားလာကာ ယုံကြည်မှုရှိနိုင်တော့မည်မဟုတ်။ နောက်ဆုံးရလဒ်ကား ရွေးကောက်ပွဲကော်မရှင်က လုပ်ဆောင်သမျှကို အကောင်းမမြင်နိုင်တော့ခြင်းပင်တည်း။

စာရေးသူအနေဖြင့် အကယ်၍ သံသယတွေရှိခဲ့လျှင် အတတ်နိုင်ဆုံးဖြေဖျောက်ပေးလိုသောစေတနာဖြင့် ဤဆောင်းပါးကိုရေးပါသည်။

၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီက ဦးသိန်းစိုး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အဖွဲ့ဝင် ၁၆ ဦးပါဝင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရှိခဲ့သည်။ ရွေးကောက်ပွဲအပြီးတွင် ဦးတင်အေး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အဖွဲ့ဝင်ခြောက်ဦးပါဝင်သည့် ရွေးကောက်ပွဲကော်မရှင်က တာဝန်ထမ်းဆောင်လျက်ရှိသည်။ နှစ်ဖွဲ့စလုံးတွင် တပ်မတော်သား အငြိမ်းစားအဖွဲ့ဝင်ကနည်းပါးပြီး ဥပဒေနှင့်နိုင်ငံတကာဆက်ဆံရေးယူခဲ့သော အရပ်သားအဖွဲ့ဝင်တွေက အများစုဖြစ်ကြောင်း တွေ့ရပေသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ခန့်ချင်တိုင်းခန့်၍မရချေ။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရသဖြင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီမှုကိုရယူပြီးမှ ခန့်အပ်နိုင်ပါသည်။ တစ်ဖန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို နိုင်ငံရေးပါတီနှင့် ကင်းရှင်းစေသောပြဋ္ဌာန်းချက်မှာ မဖြစ်နိုင်ပေ။ တစ်ဖန် စစ်ဘက်ဆိုင်ရာ အငြိမ်းစားအရာရှိများကို ခန့်အပ်တာဝန်ပေးခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍ ၂၀၁၀ ခုနှစ်မှစတင်၍ ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ၁၄ ဦးကို သက်သေထုတ်ပြလိုပေသည်။ ဤ ၁၄ ဦးတွင် အငြိမ်းစားစစ်မှုထမ်းဟူ၍ နှစ်ယောက်သာပါသည်။ အငြိမ်းစားရဲအရာရှိက တစ်ယောက်၊ ပြည်နယ်မင်းကြီး/တိုင်းမင်းကြီး အငြိမ်းစားက သုံးယောက်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး အငြိမ်းစားနှစ်ယောက်၊ အငြိမ်းစားတိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာကတစ်ယောက်၊ မြို့နယ်ပညာရေးမှူး အငြိမ်းစားက တစ်ယောက်၊ အထက်တန်းကျောင်းအုပ်ကြီး အငြိမ်းစားက တစ်ယောက်၊ ဒုတိယပြည်နယ် တရားသူကြီးကတစ်ယောက်၊ သစ်လုပ်ငန်းလုပ်ကိုင်သူက တစ်ယောက်နှင့်ကုန်သည်ကတစ်ယောက် စုစုပေါင်း ၁၂ ဦးမှာ အရပ်သားစစ်စစ်များသာဖြစ်သည်။

အထက်ပါ ဥက္ကဋ္ဌ ၁၄ ဦးကို ဒီနေရာ၊ ဒီရာထူးမှာ လုပ်ရမည်ဟု အကွက်ချတာဝန်ပေးခြင်းမဟုတ်သည်ကို ကိုယ်တွေ့နှင့်ယှဉ်၍ တင်ပြပါမည်။ ၂၀၀၇ ခုနှစ်တွင် မိမိသက်ပြည့်အငြိမ်းစားယူပြီး ၂၀၁၀ ခုနှစ် မတ်လဆန်းက တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် တာဝန်ပေးလိုပါသဖြင့် လုပ်ရန်ဆန္ဒရှိ၊ မရှိကို တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက ဖုန်းဆက်မေးသည်။ စဉ်းစားရန် အချိန်ပေးသည်။ ဇနီးနှင့်တိုင်ပင်၍ လိုလိုလားလားလက်ခံလိုက်သည်။ ထို့ကြောင့် မလုပ်မနေရ (compulsory) တာဝန်ပေးခံရခြင်းမဟုတ်ဘဲ မိမိဆန္ဒအလျောက် စေတနာ့ဝန်ထမ်း (volunteer) ဝင်လုပ်ခဲ့ခြင်းသာဖြစ်သည်။ အခြားဥက္ကဋ္ဌများလည်း စေတနာ့ဝန်ထမ်းများဖြစ်ကြသည်။ အဖွဲ့ဝင်တွေလည်း စေတနာ့ဝန်ထမ်းတွေပင် ဖြစ်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ၁၄ ဦးတွင် အငြိမ်းစားစစ်မှုထမ်းဟူ၍ နှစ်ယောက်သာပါသည်။ အငြိမ်းစားရဲအရာရှိက တစ်ယောက်၊ ပြည်နယ်မင်းကြီး/တိုင်းမင်းကြီး အငြိမ်းစားကသုံးယောက်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး အငြိမ်းစားနှစ်ယောက်၊ အငြိမ်းစားတိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာက တစ်ယောက်၊ မြို့နယ်ပညာရေးမှူး အငြိမ်းစားကတစ်ယောက်၊ အထက်တန်းကျောင်းအုပ်ကြီးအငြိမ်းစားကတစ်ယောက်၊ ဒုတိယပြည်နယ်တရားသူကြီးကတစ်ယောက်၊ သစ်လုပ်ငန်းလုပ်ကိုင်သူက တစ်ယောက်နှင့် ကုန်သည်ကတစ်ယောက် စုစုပေါင်း ၁၂ ဦးမှာ အရပ်သားစစ်စစ်များသာ ဖြစ်သည်။

၎င်းတို့သည် နိုင်ငံရေးပါတီဝင်များမဟုတ်ရသကဲ့သို့ ပါတီကိုကိုယ်စားပြုသော လွှတ်တော်ကိုယ်စားလှယ်လည်းမဖြစ်ရသော အချက်ပင်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ စသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခန့်အပ်ရာတွင် နိုင်ငံတော်ပြန်တမ်း (ဂေဇက်) ထုတ်ပြန်ခန့်အပ်ခြင်းဖြစ်သည်။ ယင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဖွဲ့စည်းပုံမှာ အများယုံကြည်လေးစားသော ပုဂ္ဂိုလ်ခြောက်ဦးနှင့် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ရှိသည့် ဝန်ကြီးဌာနဆိုင်ရာကိုယ်စားလှယ် ကိုးဦး ပေါင်း ၁၅ ဦးဖြစ်သည်။ ခြွင်းချက်အနေဖြင့် နယ်မြေကျယ်ဝန်းသော ရှမ်းပြည်နယ်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အများယုံကြည်လေးစားသော ပုဂ္ဂိုလ် ၁၅ ဦး၊ ဝန်ကြီးဌာနဆိုင်ရာ ကိုယ်စားလှယ် ၂၀ ဦး ပေါင်း ၃၅ ဦးဖြင့် ဖွဲ့ပါသည်။ ၎င်းနိုင်ငံတော်ပြန်တမ်းတွင် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များကို နာမည် (by name) ဖြင့် ခန့်အပ်၍ ဌာနဆိုင်ရာအဖွဲ့ဝင်များကို ရာထူး (by designation)ဖြင့် ခန့်အပ်ပါသည်။

အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များသည် လက်ရှိအစိုးရဝန်ထမ်းမဟုတ်ဘဲ အငြိမ်းစားယူထားသူ၊ ပြည်သူအများက ယုံကြည်လေးစားသူ၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊ နိုင်ငံရေးပါတီဝင်မဟုတ်သူများဖြစ်ကြသည်။ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အားလုံးသည် နိုင်ငံရေးပါတီဝင်မဟုတ်ရသဖြင့် သတင်းတွင် ဖော်ပြထားသကဲ့ ပြည်ခိုင်ဖြိုးပါတီဝင်များကို ခန့်အပ်သည်ဆိုခြင်းမှာ

ဤနေရာတွင် အထူးဖော်ပြလိုသောအချက်မှာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်အားလုံးသည် အစိုးရထံမှ ငွေကြေးနှင့် အဆောင်အယောင်၊ အခွင့်အရေး ရယူခံစားနေသူများ မဟုတ်ကြပေ။ ၂၀၁၀ ခုနှစ် ဧပြီလမှ ယနေ့အထိ စေတနာ့ဝန်ထမ်း လုပ်အားပေးဆပ်နေသူ၊ ကိုယ့်ကျင့်သိက္ခာကို ရှေ့တန်းတင်ပြီး လုပ်ကိုင်နေကြသူများဖြစ်ကြသည်။ စေတနာအမှား (in good faith) အချို့ရှိကောင်းရှိနိုင်သော်လည်း ကိုယ်ကျင့်သိက္ခာကို အပွန်းအပဲ့ခံ၍ အဂတိတရား လိုက်စားမည့်သူတွေမဟုတ်ကြောင်း တင်ပြလိုပေသည်။

ရပ်ကွက်နှင့်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၏ မိသားစုဆွေမျိုးသားချင်းထဲမှ တစ်ယောက်ယောက်သည် ကိုယ်စားလှယ်လောင်းအဖြစ် အတည်ပြုခံရလျှင် ထိုအဖွဲ့ဝင်ကို တာဝန်မှရုပ်သိမ်းရန် ညွှန်ကြားချက်က တရားမျှတမှုနှင့်ပတ်သက်၍ သံသယပင် အဝင်မခံနိုင်သော ရပ်တည်ချက်ကို ပြသရာရောက်ပါသည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ဌာနဆိုင်ရာ အဖွဲ့ဝင်များကို ထည့်သွင်းဖွဲ့စည်းထားကြောင်း အထက်တွင်ရေးခဲ့ပြီးဖြစ်၏။ ဝန်ကြီးဌာနများ(အစိုးရ)၏ ကိုယ်စားလှယ်တွေ ပါဝင်လာသဖြင့် အာဏာရပါတီနှင့် သံသယမကင်းသော ဝေဖန်မှုတွေလည်းရှိနေသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၃ တွင် "ကော်မရှင်သည် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရန်အလို့ငှာ လိုအပ်မည့် အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်နိုင်သည်" ဟု ပြဋ္ဌာန်းထားသောကြောင့် ရွေးကောက်ပွဲကို အထောက်အကူပြုနိုင်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်ထည့်ပေးထားခြင်းမှာ သဘာဝကျပေသည်။ ဥပမာ လူဦးရေစာရင်း၊ အင်အားအတိုးအလျော့၊ အင်အားအဝင်အထွက်၊ ပုံစံ ၆၆/၆ နှင့် မှတ်ပုံတင်အမျိုးမျိုးကိစ္စရပ်များ၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းပြဿနာ၊ မဲဆန္ဒနယ်သတ်မှတ်ရေး၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတို့၏ ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ၊ မဲရုံများ၌ ဆေးဝါးအကာအကွယ်ပေးရေး၊ ဥပဒေ၊ နည်းဥပဒေနှင့် ခုံရုံးဆိုင်ရာ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ၊ မဲရုံဝန်ထမ်းများ၊ မဲရုံများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့၏ ရန်ပုံငွေရှင်းတမ်းနှင့် လွှတ်တော်သုံးရပ်ကိုယ်စားလှယ်လောင်းတို့၏ ငွေစာရင်းရှင်းတမ်းကိစ္စများ၊ သတင်းထုတ်ပြန်ရေး၊ ပညာပေးရေး စသည့် များပြောင်လှစွာသော လုပ်ငန်းတာဝန်တွေကို အဆင်ပြေချောမောစွာ ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဥပဒေရုံး၊ ပညာရေးမှူးရုံး၊ စာရင်းရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး စသည့်ဌာနဆိုင်ရာရုံးအဖွဲ့အစည်းတို့၏ အကူအညီကို မလွဲမသွေရယူရပေသည်။ ရွေးကောက်ပွဲကော်မရှင်တစ်ခုထဲက ခုနစ်ထွေမကနိုင်ပါ။

နောက်ထပ်တစ်ဖန် လတ်တလောခန့်အပ်ဆဲ/ခန့်အပ်ပြီး ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်း (Staff) ကိစ္စကို အကျဉ်းမျှဖော်ပြလိုသည်။ တပ်ကအရာရှိတွေအများကြီးကို ရွေးကောက်ပွဲကော်မရှင်သို့ ပြောင်းရွှေ့တာဝန်ပေးလိုက်ခြင်းနှင့်ပတ်သက်၍ အမျိုးမျိုးသောသံသယဝေဖန်သံတွေ ထွက်ပေါ်ဆဲဖြစ်သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ပြီးဆုံးချိန်အထိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တွင် ကော်မရှင်ဝန်ထမ်းဟူ၍ မရှိသဖြင့် မဲစာရင်းကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ရေးကိစ္စအပါအဝင် ရွေးကောက်ပွဲဆိုင်ရာအလုပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာအလုပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာ၌ အခက်အခဲများရှိခဲ့ပေသည်။ မိမိတို့နိုင်ငံမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကိစ္စပေါ်မှဖွဲ့စည်းသော (Ad hoc) အဖွဲ့သဏ္ဍာန်မဟုတ်ဘဲ အမြဲတမ်းတည်ရှိနေသော အဖွဲ့အစည်းဖြစ်သောကြောင့် ရေရှည်တွင် အမှီအခိုကင်းမဲ့စွာ ရပ်တည်နိုင်ရန် ဖွဲ့စည်းပုံတစ်ခုလိုအပ်ပေသည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းပုံရေးဆွဲ၍ အစိုးရအဖွဲ့ရုံးသို့တင်ပြအတည်ပြုချက်ရယူခဲ့သည်။

ထိုဖွဲ့စည်းပုံအတိုင်း အရာထမ်း၊ အမှုထမ်းဝန်ထမ်းများကို ခန့်အပ်နိုင်ရေးအတွက် တာဝန်လွှဲပြောင်းထမ်းဆောင်လိုသူများနှင့် ပိုလျှံဝန်ထမ်းများရှိလျှင် လျှောက်ထားခွင့်ပြုပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အစိုးရအဖွဲ့ရုံးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ အကြောင်းကြားခဲ့သော်လည်း လျှောက်ထားသူမရှိသလောက်နည်းပါးခဲ့ပါသည်။ ထို့ကြောင့် အရာထမ်းအတွက် တပ်မတော်နှင့် ညှိနှိုင်း၍ အရာရှိများကိုခေါ်ယူခြင်း၊ အမှုထမ်းအတွက် ဘွဲ့ရအရပ်သားအရပ်သူများကို ခေါ်ယူလူတွေ့စစ်မေးလျက် ရွေးချယ်ခန့်အပ်ခြင်းဖြင့်အင်အားဖြည့်တင်းနေပါသည်။

သို့ဖြစ်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တပ်မတော်အရာရှိများကို တာဝန်လွှဲပြောင်းထမ်းဆောင်စေခြင်းမှာ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အကွက်ချလုပ်ဆောင်ခြင်းမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။ ၎င်းတို့သည် အုပ်ချုပ်ရေးကဏ္ဍရုံးလုပ်ငန်းကိုသာ အမှီအခိုကင်းမဲ့စွာ ရေရှည်ရပ်တည်သွားနိုင်ရန် အဓိကတာဝန်ရှိပြီး ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးပါတီဆိုင်ရာ မူလလုပ်ငန်းတာဝန်များကိုမူ အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များကသာ ဥပဒေစည်းမျဉ်းနှင့်အညီ ဆွေးနွေးတိုင်ပင်ညှိနှိုင်းဆောင်ရွက်ပါသည်။

မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီ၊ မဲဆန္ဒရှင်တို့သည် ရွေးကောက်ပွဲအတွေ့အကြုံအလွန်နည်းပါးလှပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စမ်းသပ်ဆောင်ရွက်ချက်မှ အမှားရှာဖွေ၍ ပြုပြင်သောနည်း၊ ပြီးခဲ့သော အတွေ့အကြုံများမှ သင်ခန်းစာရယူ၍ ပြုပြင်သောနည်းတို့ကို တိုင်ပင်ဆွေးနွေးအကြံပြုခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ နည်းလမ်းအားလုံးတို့၏ ဦးတည်ချက်မှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲပင်ဖြစ်ပါသည်။ ဥပမာ ၂၀၁၀ ခုနှစ်တွင် ကြိုတင်မဲနာမည်ဆိုးခဲ့သည်ကို ၂၀၁၂ ခုနှစ်တွင် ကုစားနိုင်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်၌ မဲစာရင်းပြုစုရာတွင် အားနည်းမှုကြောင့် ၂၀၁၂ ခုနှစ်တွင် နာမည်ဆိုးခဲ့ပြန်သည်ကို ၂၀၁၅ ခုနှစ်တွင် ပြည့်စုံသော မဲစာရင်းရရှိရန် နည်းလမ်းရှာဖွေစမ်းသပ်လျက်ရှိနေပါသည်။ တစ်ဖန် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမဲဆွယ်ကာလ၌ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် သုံးခဲ့သည့် ညွှန်ကြားချက် ၃/၉၀ ကို အခြေခံထားသည့် ညွှန်ကြားချက်အသစ် ၉၁/၂၀၁၀ နှင့်အညီ ဆောင်ရွက်ခဲ့ကြသော်လည်း ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၎င်းညွှန်ကြားချက်တွင်မပါဝင်သော မဲဆွယ်စည်းရုံးနည်းများကို သုံးခဲ့ကြသဖြင့် ပါတီကြီး/ငယ်မဟူ တန်းတူအခွင့်အရေးမရရှိခဲ့သောကြောင့် ၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပေးရန် ညွှန်ကြားချက် ၁/၂၀၁၄ ကိုထုတ်ပြန်ခဲ့ပေသည်။ ညွှန်ကြားချက် ၁/၂၀၁၄ မှာ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ကျင့်သုံးခဲ့သော ညွှန်ကြားချက် ၉၁/၂၀၁၄ ကို အခြေခံထားခြင်းပင်ဖြစ်သည်။ တစ်ဖန် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းအချို့၌ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ ပါဝင်ခွင့်ရှိလာမည်ဖြစ်ရုံသာမက ပြည်တွင်း ပြည်ပစောင့်ကြည့်လေ့လာသူများကို စည်းမျဉ်းနှင့်အညီ ခွင့်ပြုသွားရန်စီစဉ်လျက်ရှိခြင်းမှာ ပွင့်လင်းမြင်သာမှုကို မြင်ကွင်းကျယ်ပေးခြင်းပင်ဖြစ်ပါသည်။

မည်သို့ဆိုစေ သားအဖနှစ်ယောက်နှင့် မြည်းတစ်ကောင်ပုံပြင်လို ကိုယ့်ရှုထောင့် ကိုယ့်ရပ်တည်ချက်ဖြင့် အပြစ်မြင်တတ်ကြသောကြောင့် ရွေးကောက်ပွဲကော်မရှင်တို့အပေါ် ထားရှိသော သံသယအစိုင်အခဲကြီးကို လုံးဝဥဿုံချေဖျက်နိုင်မည်မဟုတ်ချေ။ ပါးလျားတန်သလောက် ပါးလျားသွားပြီဆိုလျှင်ပင် ရေးရကျိုးနပ်ပါပြီ။ ။

ပြည်တွင်းရေးရာ

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်ပြီး အလုပ်အကိုင်အခွင့်အလမ်းချိတ်ဆက်ဖန်တီး

နေပြည်တော် မေ ၂၅

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ (၅/၂၀၁၇) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနခွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများ၊ အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကပညာရှင်များ ပူးပေါင်းဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့(၇)ဖွဲ့မှ အဖွဲ့ဝင်များ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မကြာမီက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီက နိုင်ငံတော်၏ လူအင်အားများကို နိုင်ငံ၏ လူ့စွမ်းအားအဖြစ် အရေအတွက်မှ အရည်အချင်းသို့ ကူးပြောင်းနိုင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ စွမ်းဆောင်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပြုစုပျိုးထောင်ရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေး၊ ယင်းသို့ ဆောင်ရွက်နိုင်ရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ပိုမိုမြှင့်တင်ဆောင်ရွက်ရေးတို့ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီသည် ပညာရေးကဏ္ဍမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် နည်းပညာ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ဟူ၍ အထူးလုပ်ငန်း အဖွဲ့(၂)ဖွဲ့ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ အပတ်စဉ် တိုးတက်မှုရှိအောင် ပညာရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ပညာရေးကဏ္ဍမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့အား ပညာရေးဝန်ကြီးက ဦးဆောင်လျက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့်အတူ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအား သန်းခေါင်စာရင်းပါ ကျောင်းနေအရွယ် အသက်အပိုင်းအခြားများနှင့် တိုက်ဆိုင်၍ စည်းရုံးဆောင်ရွက်နေပါကြောင်း၊ ဆဋ္ဌမတန်းအောင်နှင့် ဒသမတန်းအောင်ပြီး ကျောင်းဆက်မတက်နိုင်သော ကလေးများအား ကျောင်းပြင်ပပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးတို့ဖြင့် ချိတ်ဆက်သင်ကြားပေးပြီး အလုပ်အကိုင်နှင့် လုပ်ခ ထိုက်ထိုက်တန်တန် ရရှိရေးအတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာ ချိတ်ဆက်သင်ကြားဆောင်ရွက်ပေးရေးအား ဤအထူးလုပ်ငန်းအဖွဲ့မှ ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဘက်စုံလွှမ်းခြုံသော ပညာရေးလေ့လာသုံးသပ်မှုမှ အကြံပြုထားသည့်အတိုင်း "ပညာရပ်အမျိုးအစားအလိုက် အလုပ်အကိုင်အခွင့်အလမ်း (Employment Opportunities) နှင့် လုပ်သားဈေးကွက် (Labour Market) အခြေအနေ၊ နိုင်ငံစီးပွားဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအပေါ် အခြေခံကာ ကျောင်းဝင်ခွင့်ဦးရေ ချိန်ညှိရန်၊ အနာဂတ် ကျောင်းနေမှုမျှော်မှန်းချက် (Student Intake Output Projection) တွက်ချက်ရန်၊ အောင်မြင်ပြီး ကျောင်းသားများနှင့် ကျောင်းထွက်သွားမှုများကို လေ့လာမှု (Tracer Studies) များ စနစ်တကျစီမံ၍ ပညာရပ်အလိုက် အလုပ်အကိုင်ရရှိရေးတို့ကို အသေးစိတ်လိုအပ်ချက် (Need Assessment) လေ့လာတွက်ချက်ဆောင်ရွက်သွားကြရန်နှင့် နည်းပညာနှင့် သက်မွေးပညာအရည်အသွေးများကို အမျိုးသားအဆင့် အရည်အသွေးမူဘောင် (National Qualification Framework) နှင့် ချိန်ညှိဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း"၊ ငွေကုန်ကြေးကျခံ၍ သင်တန်းကျောင်းများတွင် သင်တန်းမတက်နိုင်သူများအတွက် ကျောင်းပြင်ပ အသက်မွေးဝမ်းကျောင်းပညာ (Non-formal Vocational Education) သွားရောက်သင်ကြားပေးနိုင်ရန် ရွေ့လျားအသက်မွေးဝမ်းကျောင်း ပညာပေးအဖွဲ့ (Mobile Technical and Vocational Training Unit) များအား ဖွဲ့စည်းသင်ကြားမှုကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ လိုအပ်ချက်နှင့် အဆိုပြုမှုတောင်းခံ၍ ဆောင်ရွက်ပေးသွားကြရန် ဖြစ်ပါကြောင်း၊ ပုံမှန်ဖွင့်လှစ်ထားသော အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းအသီးသီး၏ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကိုလည်း ပြည်သူများ သိရှိရွေးချယ်တက်ရောက်နိုင်ရေးအသိပေး၊ စီမံတိုးချဲ့ဆောင်ရွက်ခြင်း၊ အောင်လက်မှတ်ရရုံမဟုတ်ဘဲ လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သည်အထိ အရည်အသွေး၊ အရည်အချင်း ပြည့်ဝအောင် လေ့ကျင့်မွေးထုတ်ကြရန် လိုအပ်ကြောင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေးမူဝါဒများချမှတ်ရာတွင် National Development Plan ကို အဓိကထားစဉ်းစား ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းအသီးသီးတွင် အစိုးရနှင့် ပုဂ္ဂလိကသင်တန်းများမှ သင်တန်းဆင်း ကျောင်းသားများ အလုပ်အကိုင်ရရှိရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်ပေါ်မူတည်၍ နည်းပညာကျွမ်းကျင်မှုနှင့် သက်မွေးကဏ္ဍ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရေရှည်တိုးတက်ဖွံ့ဖြိုးစေရေးအတွက်လည်း ထည့်သွင်းစဉ်းစား၍ မူဝါဒများချမှတ်ကြရန် ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

HOTEL & RESORT များအတွက်

EXPORT QUALITY, TEAK GARDEN FURNITURE များ ရောင်းရန်ရှိသည်

အထူးဈေးနှုန်းများဖြင့် ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန် ဖုန်း - ၀၁ ၂၂၈ ၄၇၅ ၊ ၀၉ ၅၁၅ ၀၆၄၇ ၊ ၀၉ ၅၀၃ ၄၈၄၈

ဘုန်းပွင့်ကံပွင့် ပဋ္ဌာန်းဒါနကျင့်စဉ်

မြေလတ်မြတ်သူ ရေးသားထားသော ဘုန်းပွင့်ကံပွင့် ပဋ္ဌာန်းဒါနကျင့်စဉ်စာအုပ် ထွက်ရှိလာသည်။ ဤစာအုပ်တွင် ပဋ္ဌာန်းဒါနကျင့်စဉ်နည်း၊ ဘုရားရှိခိုးရခြင်း၏အကျိုး (၁၇)ပါး၊ မေတ္တာမူ ၁၅ ချက်၊ သောက်ဆေး (၅)မျိုး လိုက်နာကျင့်သုံးနည်း စသည့် အကြောင်းအရာများ ပါဝင်သည်။ စာအုပ်ကို မဇ္ဈိမစာပေ-အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်းအပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

ကောသလအိပ်မက် ၁၆ ချက်ပုံပြင်နှင့် သိကောင်းစရာများ

လိမ္မာယဉ်ကျေးဖွယ်ရာ ဗုဒ္ဓဘာသာသိမှတ်စရာဗဟုသုတ အဖြာဖြာကို နားလည်လွယ်ကူ စိတ်ဝင်တစား ဖတ်ရှုနိုင်ရန်အတွက် ခမွေ့ခဆရာတော် အရှင်ကုဝေရသာရ ပြုစုသော ကောသလအိပ်မက် ၁၆ ချက်ပုံပြင်နှင့် သိမှတ်စရာများ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် ကောသလအိပ်မက် ၁၆ ချက်ကို အမေးအဖြေပုံစံဖြင့် ရှင်းလင်းစွာ ဖော်ပြထားသည့်အပြင် ရင်သွေးငယ်များ စိတ်ပါဝင်စားမှုရှိစေရန်နှင့် နားလည်လွယ်ကူစေရန်အတွက် လှပသောရောင်စုံရုပ်ပုံများနှင့်တကွ ဖော်ပြထားသည်။ ထို့အတူ ဗုဒ္ဓဘာသာသိကောင်းစရာအဖြာဖြာကိုလည်း အမေးအဖြေပုံစံများဖြင့် ရှင်းလင်းစွာ ဖော်ပြထားသဖြင့် ရင်သွေးငယ်များ လိမ္မာယဉ်ကျေးစေရန် အထောက်အကူပြုမည့်စာအုပ်ဖြစ်သည်။ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ ဖော်ပြထားသည့်အတွက် မြန်မာကလေးငယ်များ အင်္ဂလိပ်စာ ဗဟုသုတတိုးသည့်အပြင် အခြားနိုင်ငံတကာမှလည်း ဖတ်ရှုနိုင်သည့်စာအုပ်ဖြစ်သည်။

စာအုပ်ကို စာပေလောက ၅ အမှတ် (၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၂၅၀၆၇၊ ၀၉-၇၃၁၄၀၉၃၆ မှ တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

ရွှေဘိုသီရိမာလာ၏ တိုးတက်ခေတ်မီသော ဒူဘိုင်း

စာရေးဆရာမ ရွှေဘိုသီရိမာလာ၏ တိုးတက်ခေတ်မီသော ဒူဘိုင်းစာအုပ်သည် သုတစွယ်စုံမဂ္ဂဇင်းတွင် လစဉ် ရေးသားခဲ့သော ဆောင်းပါးများကို စုစည်း၍ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ယခင်ကလည်း ဆရာမသည် အမေရိကန်ပြည်ထောင်စုတွင် ခြောက်လခန့် သွားရောက်နေထိုင်လည်ပတ်ခဲ့ကြောင်း သိရ၍ ယင်းနိုင်ငံ၏ ကိုယ်တွေ့အတွေ့အကြုံခရီးသွားဆောင်းပါးများ သုတစွယ်စုံမဂ္ဂဇင်းတွင် လေးနှစ်ကြာ လစဉ်လစဉ်ပါခဲ့ရာ စိတ်ဝင်စားစရာကောင်း၍ ဗဟုသုတရဖွယ်များဖြစ်ပြီး ပရိသတ်များ အလွန်ကြိုက်ကြောင်း သိရသည်။ လူငယ်လူရွယ်များအတွက် ဒူဘိုင်းနိုင်ငံသို့ လေ့လာရေးခရီးသွားမည့်သူများ၊ အလုပ်ကိစ္စ သို့မဟုတ် အရောင်းအဝယ်နှင့် သွားမည့်သူများ၊ ပညာတော်သင်သွားမည့်သူများအတွက် များစွာအထောက်အကူပြုမည်ဟု ထင်ပါသည်။ ဤစာအုပ်ဖတ်ခြင်းဖြင့် ဒူဘိုင်းကို ကိုယ်တိုင်ရောက်သွားသလို ခံစားရ၍ ဓာတ်ပုံပေါင်းများစွာလည်း တွေ့မြင်ရပေမည်။

Microsoft Excel နှင့် လက်တွေ့လုပ်ငန်းသုံးစာရင်းပညာ

သာလင်း (M.C.Sc) ရေးသားသော Microsoft Excel နှင့် လက်တွေ့လုပ်ငန်းသုံး စာရင်းပညာစာအုပ် ထွက်ရှိလာသည်။ Microsoft Excel ဖြင့် လုပ်ငန်းသုံး စာရင်းဇယားများကို လက်တွေ့ကျကျပြုစုရေးသားထားပြီး သီအိုရီပိုင်းသာမက လက်တွေ့ပိုင်းကိုပါ ကျွမ်းကျင်စေရန် ပြုစုထားသည်။ တိုးတက်နေသော ခေတ်ကြီးတွင် စာရင်းဇယားနှင့်ကင်းသော စီးပွားရေးလုပ်ငန်းဟူသည် မရှိပေ။ မည်မျှသေးငယ်သော လုပ်ငန်းတွင်မဆို တိကျသေသပ်သော စာရင်းဇယားရရှိရန်အတွက် အထောက်အကူပြုသည်။ Microsoft Excel အသုံးပြုပုံနှင့် အခြေခံစာရင်းသဘောတရားများ၊ လက်တွေ့လုပ်ငန်းသုံးစာရင်းပညာ စသည့်အကြောင်းအရာများကို ဝေဝေဆာဆာ တင်ပြထားပြီး မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉) လမ်းအပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှတန်ဖိုး ငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။

ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင် တူးဖော်ခြင်းလုပ်ငန်း အောင်မြင်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၅

ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင် တူးဖော်ခြင်းလုပ်ငန်း အောင်မြင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တာဝရေထိန်းတံခါး အနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ဗြိတိသျှကိုလိုနီလက်ထက်တွင် အရှည် ၃၇ မိုင် ၇ ဖာလုံ၊ ပျမ်းမျှအကျယ် ပေ ၁၅၀ နှင့် ရေအနက် ၁၀ ပေရှိသော ပဲခူး-စစ်တောင်း တူးမြောင်းကို ဖောက်လုပ်ခဲ့ပါကြောင်း၊ ၁၈၇၃ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၈ ခုနှစ်မှာ ပြီးစီးခဲ့၍ ငါးနှစ်ကြာခဲ့ပါကြောင်း။

နှစ်ပေါင်း ၁၃၆ နှစ်ကြာမြင့်နေပြီဖြစ်၍ တိမ်ကောပျက်စီးနေသော ပဲခူး-စစ်တောင်း တူးမြောင်းကို ပြည်သူများ၏ ဆန္ဒနှင့်အညီ ၁၅-၂-၂၀၁၄ ရက်နေ့တွင် လုပ်ငန်း များ စတင်ခဲ့ပြီး ၂၃-၂-၂၀၁၄ ရက်တွင် ကျင်းပခဲ့သော ပဲခူး-စစ်တောင်း တူးမြောင်း အဆင့်မြှင့်တင်ပြုပြင် တူးဖော်ခြင်းလုပ်ငန်းများ စတင် ဆောင်ရွက်ခြင်းအခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခဲ့ပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး အင်တိုက် အားတိုက်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

တူးမြောင်းတူးဖော်ပေးလိုက်သည့်အတွက် ရေကြီးကွင်းများမှ ရေများ လျင်မြန်စွာ ထုတ်နုတ်နိုင်သဖြင့် မိုးစပါးနှင့်နွေစပါးများ အချိန်မီ စိုက်ပျိုးနိုင်တော့မည်ဖြစ်သည့်အပြင် ရေကြောင်းသွားလာမှုလည်း ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်း၊ တူးမြောင်း တစ်လျှောက် လိုအပ်သောနေရာများတွင် ကျောက်ကြီးများစီထားပါကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်-မော်လမြိုင်ကားလမ်းမကြီးနှင့် အပြိုင်ရှိသောနေရာတွင် သပ်သပ်ရပ်ရပ် သာသာယာယာလှလှပပဖြစ်လာသည်ကို လက်တွေ့မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ လက်ယာတာပေါင်ကို တိုးချဲ့ပြီး ဂဝံခင်းပေးထားသဖြင့် လမ်းများကောင်းမွန်ပြီး ရာသီမရွေး သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အရေးအားလုံးတို့ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါကြောင်း၊ တူးမြောင်းတာပေါင်တိုးချဲ့ဆောက်လုပ်ခဲ့သည့်အတွက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ တွင်ကျယ်လာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရန်ကုန်မြို့တော်အရှေ့ခြမ်း မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးမြောင်းမကြီးသို့ ရေချိုဖြည့်တင်းပေးနိုင်မည်ဖြစ်၍ ရန်ကုန်မြို့တော် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဤတူးမြောင်းမကြီးက အထောက်အကူပြုပေးသွားမှာ မုချဧကန်ပင်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းက ပဲခူး-စစ်တောင်းတူးမြောင်းကြီး သည် အလျား ၃၇ မိုင် ၇ ဖာလုံရှိပြီး တူးမြောင်းထိပ်ဝအကျယ် ပေ ၁၅၀၊ အောက်ခြေအကျယ် ပေ ၆၀၊ အနက် ၁၀ပေနှင့် တာထိပ်အကျယ် ၂၄ ပေ ရှိပါကြောင်း၊ ဆက်စပ်ရေနုတ်မြောင်း ၁၅ မြောင်း၊ ဆက်စပ်ရေလျှံထိန်းတာ တစ်ခု၊ ရေထိန်းအဆောက်အအုံ ၂၂ ခုရှိပြီး အကျိုးပြုဧရိယာမှာ ၄၄၉၉၈ ဧက ရှိပါကြောင်း၊ တူးမြောင်းကြီးအား အဆင့်မြှင့်တင် တူးဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ပဲခူးခရိုင်အတွင်းရှိ လယ်မြေဧက လေးသိန်း ငါးသောင်းခန့်ကို ရေကြီးရေလျှံမှုများ ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ဒေသခံပြည်သူများက ရေရှည်တည်တံ့ခိုင်ခံ့အောင် ဒေသခံလူထု ပူးပေါင်းပါဝင်ကူညီထိန်းသိမ်းပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ပဲခူး-စစ်တောင်းတူးမြောင်းပြုပြင်ခြင်းလုပ်ငန်းအတွက် နိုင်ငံတော်သမ္မတကြီးက ဆောင်ရွက်ခွင့်ရရန် လမ်းညွှန်ခွင့်ပြုပေးခဲ့သည့်အတွက် တူးမြောင်းဖြတ်သန်းရာ သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်မှ ဒေသခံများ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိပါကြောင်း၊ တာတမံများ လုံခြုံခိုင်ခံ့ခြင်း၊ ရေတံခါးများ၊ ရေမြောင်းများကောင်းမွန်လာခြင်းကြောင့် သနပ်ပင်၊ ဝေါမြို့နယ်တို့သာမက ပဲခူးမြို့နယ်နှင့် ကဝမြို့နယ်များ၏ ရေလွှမ်းမိုးမှုကို ကာကွယ်နိုင်ခြင်း၊ ရေသွင်းရေထုတ်ကောင်းမွန်လာခြင်း၊ ကုန်းလမ်းရေလမ်းသွားလာမှုကောင်းမွန်လာခြင်းတို့ကြောင့် အားလုံးကိုကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပဲခူး-စစ်တောင်း တူးမြောင်း အဆင့်မြှင့်တင်ပြုပြင် တူးဖော်ခြင်းလုပ်ငန်းများတွင် ပါဝင်ကူညီပေးခဲ့ကြသော ALLIANCE STARS ကုမ္ပဏီမှ ဦးထင်လင်းပြည့်၊ မုဒုံမောင်မောင်ကုမ္ပဏီမှ ဦးမျိုးလွင်၊ မြတ်အိန္ဒြေကုမ္ပဏီမှ ဦးမြတ်သူတို့အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းက ပဲခူး-စစ်တောင်း တူးမြောင်းအဆင့်မြှင့်တင်ပြုပြင်တူး ဖော်ခြင်းလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ဆည်မြောင်းဦးစီးဌာန မြို့ပြဆိုင်ရာဝန်ထမ်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးခင်ဇော်က စက်မှုဆိုင်ရာဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းတို့သည် ပဲခူး-စစ်တောင်း တူးမြောင်း အဆင့်မြှင့်တင်တူးဖော်ခြင်းလုပ်ငန်း အောင်မြင်ပွဲအခမ်းအနားမှတ်တိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တူးမြောင်းတာပေါင်လမ်း မိုင်တိုင် (၃၇/၇) တစ်လျှောက်ရှိ ရေထိန်းတံခါးများ၊ ရေလွှဲပေါက်များ၊ ရေတံခါးများ၊ တာပေါင်လမ်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

✱ ဆက်သွယ်ရေးမှ
နှစ်ခုပြီးသွားပါပြီ။ Ooredoo ရဲ့ 3G ကွန်ရက်က အသံကြည်လင်မယ်။ SMS ပို့ရလွယ်ကူမယ်။ အင်တာနက် သုံးရတာ ပိုပြီးမြန်ဆန်ကောင်းမွန်မယ်။ သက်သာတဲ့ ဝန်ဆောင်ခနှုန်းထားနဲ့ မြန်မာပြည်သူ ပြည်သားတွေကို ဝန်ဆောင်မှုတွေပေးသွားမှာပါ" ဟု ပြောသည်။

Ooredoo မြန်မာသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် တယ်လီကွန်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိပြီး ဝန်ထမ်းများခန့်အပ်ကာ တယ်လီကွန်အခြေခံအဆောက်အအုံများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

Ooredoo မြန်မာသည် မြန်မာနိုင်ငံ၏မြို့ကြီးများကို ကျော်လွန်၍ ကျေးလက်ဒေသများ အထိပါ လျင်မြန်စွာ ရောက်ရှိနိုင်မည့် ကြီးမားကျယ်ပြန့်သော ဆက်သွယ်ရေး ကွန်ရက်ကို ဖြန့်ကြက်မည်ဖြစ်သည်။ ဆန်းသစ်တီထွင်မှုရှိသည့် နည်းလမ်းဖြင့် 3G ကွန်ရက်ကို ၉၀၀ နှင့် ၁၂၀၀ ဆက်သွယ်ရေးလိုင်းများဖြင့် ဖြန့်ကြက်ချထားပေးမည်ဖြစ်ပြီး ယခင်က အသံတစ်မျိုးတည်းသာ အကျိုးပြုနိုင်သော နေရာများတွင် အချက်အလက်ပါ သုံးနိုင်တော့မည်ဖြစ်သည်။ ထို့ပြင် Ooredoo မြန်မာသည် အပြည်ပြည်ဆိုင်ရာ ပရဟိတ အရပ်ဘက်အဖွဲ့အစည်းအဖြစ် ရပ်တည်နေသော Population Service International (PSI)နှင့် မြန်မာပြည်တွင်းတွင် လက်တွဲဆောင်ရွက်နိုင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း မေ ၂၂ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၅-၂၀၁၄ (တနင်္လာနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်		မိုးလေဝသအခြေအနေ
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် "စိတ်ရောင်စုံ"(ကျော်သူ၊ နေအောင်၊စိုးမြတ်သူဇာ၊ ဒေစီကျော်ဝင်း)(ဒါရိုက်တာ-ခင်စိုး)	၈း၃၅	သက်ဝင်လှုပ်ရှား သတင်းပုံရိပ်များ ရည်ရွယ်ဦးတည်ပြည်သူ့ဆီ
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သမိုင်းအထူးပြု)(သမိုင်း)	၈း၄၅	ပြည်သူတို့ရဲ့စကားသံများ
		၉း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊	၉း၃၀	မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (ဒါရိုက်တာ-ကြည်စိုးထွန်း) -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ကိုမြသိန်း)

နေပြည်တော် ဒက္ခိဏာသီရိဈေး အဝေးပြေးခရီးသည်ယာဉ်လိုင်းဖွင့်

နေပြည်တော် မေ ၂၅

နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော် မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ နေပြည်တော် ဒက္ခိဏာသီရိဈေး ခရီးသည်တင်အဝေးပြေးယာဉ်လိုင်း(Express) ဂိတ်ဖွင့်ပွဲကို ယမန်နေ့နံနက်က ကျင်းပသည်။ ယင်းအဝေးပြေးယာဉ်လိုင်းတွင် ရွှေစင်စကြာ၊ ထွန်းတောက်၊ မန္တလာမင်း၊ ဇာနည်ဘွား၊ ဂျေဂျေ၊ နေကြယ်မင်း၊ Elite ယာဉ်လိုင်းဂိတ်များ ပါဝင်ပြီး မြို့တွင်းအနီးအဝေးသွားယာဉ်လိုင်းငယ်များပါ ပါဝင်သည်။

ဒက္ခိဏာသီရိဈေးအဝေးပြေးဂိတ်မှနေ၍ရန်ကုန်၊မန္တလေး၊ ပုသိမ်၊ မြင်းခြံ၊ မကွေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ မော်လမြိုင်၊ မုဒုံ၊ ကျောက်ပန်းတောင်း၊ ပုဂံညောင်ဦး၊ မုံရွာ၊ ပခုက္ကူမြို့များသို့ သွားလာနိုင်ကြောင်းသိရသည်။

(၁၀၇)

သတင်းပေးပို့သူများ သိသာရန်

ကြေးမုံသတင်းစာတိုက်သို့ mail ဖြင့် သတင်းနှင့်စာမူများပေးပို့ကြသူအားလုံးအား သတင်းစာတိုက်မှ အသိအမှတ်ပြု ကျေးဇူးအထူးတင်ရှိပါသည်။ သတင်းနှင့်စာမူများကို ပေးပို့ကြရာတွင် မိမိပေးပို့သည့် လိပ်စာထက် **အကြောင်းအရာခေါင်းစဉ်အကျဉ်း**ကို ဦးစားပေးဖော်ပြပေးရန်နှင့် သတင်းနှင့်စာမူများကို Win နှင့်ဖြစ်စေ၊ Zawgyi နှင့်ဖြစ်စေ ဆောင်ရွက်ပေးရန်နှင့် ပေးပို့ရန်အချိန်နှင့်အခြားအခက်အခဲရှိမှသာ ဓာတ်ပုံရိုက်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(စာတည်း)

❖ ချန်ပီယံလိဂ်မှ

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ကာစီးယက်၊ ကာဗာဂျယ်၊ ကိုအန်ထရာအို၊ ခီဒယာ၊ ဗာရာနီ၊ ရာမို့စ်၊ မိုဒရစ်၊ ဒီမာရီယာ၊ ဘင်ဇီမာ၊ ဘေးလ်နှင့် စီရိုနယ်လ်ဒိုတို့ကို ပွဲထွက်ကစားစေခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဂျူအန်ဖရန်၊ ဖီလစ်ပီလူးဝစ်၊ ဂါဘီ၊ မီရန်ဒါ၊ ဒီယေဂိုဂိုဒင်၊ ဂါစီယာ၊ တီယာဂို၊ ဒေးဗစ်ဗီလာ၊ ကော်စတာနှင့် ကိုကီတို့ကို ထည့်သွင်းကစားစေခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် လူစုံထုတ်ကစားခဲ့ကြပြီး ပထမပိုင်းပွဲကစားချိန် ၃၆ မိနစ်တွင် ရီးယဲလ်မက်ဒရစ်ဂိုးသမား ကာဆီးယက်၏ အမှားမှတစ်ဆင့် အက်သလက်တီကို အသင်း၏ အားထားရသောကစားသမားတစ်ဦးဖြစ်သည့် ဒီယေဂိုဂိုဒင်က အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ်ပွဲစဉ်တိုင်းနီးပါး ဂိုးသွင်းယူပေးနိုင်ခဲ့သည့် နောက်ခံလူရာမို့စ်က ချေပဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ခြင်းကြောင့် အချိန်ပို မိနစ် ၃၀ ထပ်ဆောင်းကစားစေခဲ့ရာ ပွဲကစားချိန် ၁၁၀ မိနစ်တွင် သွင်းယူခဲ့သည့် ဂါရတ်ဘေးလ်၏ သွင်းဂိုး၊ ပွဲကစားချိန် ၁၁၈ မိနစ်တွင် မာဆယ်လို သွင်းယူပေးခဲ့သည့် သွင်းဂိုး၊ ၁၂၀ မိနစ်တွင် စီရိုနယ်လ်ဒို၏ ပင်နယ်တီသွင်းဂိုးများဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ရီးယဲလ်မက်ဒရစ်အသင်းက (၁၀)ကြိမ်မြောက်ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

အားကစားကောင်စီအစည်းအဝေးသို့ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် မေ ၂၅

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ မေ ၂၆ ရက်မှ ၂၈ ရက်အထိကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားကောင်စီညှိနှိုင်းအစည်းအဝေး(15th ASEAN University Sports Council Coordination Meeting) သို့တက်ရောက်ရန် အာဆီယံတက္ကသိုလ်များကောင်စီအဖွဲ့ဝင် ရန်ကုန်အဝေးသင်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလှတင့်သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းအပ်နှံရေးသီတင်းပတ်စတင်

သတင်းနှင့် ဓာတ်ပုံ
ခင်ချိုဝင်း၊ ဇော်မင်းလတ်

ရန်ကုန် မေ ၂၅

ပညာရေးဝန်ကြီးဌာနက မေ ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်ကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ထားသည်။ **"ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး"** ရန်လည်း နှိုးဆော်ထားသည်။

ကျောင်းအုပ်ဆရာကြီး
ဦးအောင်ကိုကို(အထက-၁ ဒဂုံ)

ကျောင်းအပ်နှံရေး သီတင်းပတ်၏ ပထမရက်ဖြစ်သည့် ယနေ့တွင် နံနက်ပိုင်းမှစတင်၍ အခြေခံပညာကျောင်းများ၌ ကျောင်းဝင်ခွင့်အပ်နှံမှုများဖြင့် စည်ကားလျက်ရှိသည်။ အချို့ကျောင်းများမှာ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း၊ အချို့ကျောင်းများမှာ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း နှစ်ကြိမ်ခွဲ၍လည်းကောင်း ကျောင်းအပ် လက်ခံကြသည်ကို တွေ့ရသည်။

အခြေခံပညာကျောင်းအသီးသီး၏ မျက်နှာစာများ၌ ကျောင်းအပ်နှံရေး သီတင်းပတ်နှိုးဆော်ချက်၊ ကျောင်းအပ်လက်ခံမည့်အချိန်၊ ကျောင်းအပ်ရာတွင် လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများ၊ မူလတန်းပညာရေးအခမဲ့၊ အလယ်တန်းပညာရေး အခမဲ့ စသည့် ကျောင်းသား ကျောင်းသူများ၊ မိဘများသိရှိဆောင်ရွက်ရန်တို့ကို ကြေညာထားသည်။

ကျောင်းသား ကျောင်းသူအများစုမှာ မိခင်များဖြင့် လာရောက်ကျောင်းအပ်ကြသည်ကို တွေ့ရပြီး အစ်မများ၊ အစ်ကိုများ၊ ဖခင်များဖြင့် လာရောက် ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများကိုလည်း တွေ့ရသည်။ ယနေ့ နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာ ကျောင်းအလိုက် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသည့် မိဘများ၊ အုပ်ထိန်းသူများ လွယ်ကူမြန်ဆန်စွာ ကျောင်းအပ်နှံနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြသည်။

ကျောင်းအုပ်ဆရာမကြီးဒေါ်ဌေးဝင်း
(အထက-၅ ဗိုလ်တထောင်)

မိဘတွေအနေနဲ့က ဒီနှစ်မှာ အလယ်တန်းအဆင့်အထိ အခမဲ့ ပညာသင်ကြားရေးစနစ် တိုးမြှင့်လိုက်တဲ့အတွက် အင်မတန် ဝမ်းသာကြတယ်။ နံနက်ကတည်းက မိဘတွေနဲ့ ကလေးတွေ ပျော်ရွှင်စွာနဲ့ ကျောင်းလာအပ်ကြတယ်။ အထူးသဖြင့်တော့ အလယ်တန်းအဆင့် ကျောင်းသားမိဘတွေက ပေးတဲ့ စာအုပ်များကို ဝမ်းပန်းတသာ လက်ခံကြတယ်။ ကိုးတန်း၊ ၁၀ တန်းကိုပါ နောက်ပိုင်းဆိုရင် အခမဲ့ပညာရေးစနစ်ဖြစ်ဖို့ မျှော်လင့်ထားပါတယ်။ ဒီကျောင်းမှာ ကျောင်းသားအင်အားလည်း တိုးလာပါတယ်။

ပန်းကြာဝေ၊ ပန်းကြာနွယ်
(၈ တန်း၊ ၇ တန်း
အထက-၅ ဗိုလ်တထောင်)

သမီးက ဒီနှစ် ရှစ်တန်းတက်မှာပါ။ ညီမလေးက ခုနစ်တန်းတက်မှာပါ။ သမီးတို့က ဒီကျောင်းမှာ သူငယ်တန်းကတည်းက တက်တာပါ။ ဒီနှစ် ဖတ်စာအုပ်တွေဘာတွေ အားလုံးကတော့ အခမဲ့ရတယ်ဆိုတော့ ပျော်ပါတယ်။ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရမှာဆိုတော့ နည်းနည်းလေး စိတ်လှုပ်ရှားပါတယ်။ ကျောင်းလာအပ်တဲ့အချိန်မှာ ကျောင်းလခတွေ ပေးစရာ မလိုတဲ့အတွက်လည်း အားလုံးအတွက် ကောင်းတယ်လို့ မြင်ပါတယ်။

ကျောင်းအုပ်ဆရာကြီး
ဦးအောင်ကိုကို (အထက-၁ ဒဂုံ)

ဆရာကြီးတို့ ကျောင်းအနေနဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့က ဒီနေ့က နေပြီး ၃၁ ရက်အထိ လုပ်ပါမယ်။ ကျောင်းမှာ ကျောင်းသားလည်း ၆၀၀၀ ကျော်လောက်ရှိတဲ့အတွက် ကြောင့်မို့ နံနက်၊ ည နှစ်ပိုင်းခွဲပြီး လက်ခံတယ်။ ဒီနံနက်ပိုင်းဆိုရင် ခုနစ်တန်းနဲ့ ရှစ်တန်းရယ်၊ ကိုးတန်း၊ ၁၀ တန်းရယ်ဆိုပြီးတော့ ခန်းမကြီးနဲ့ အားကစားခန်းမထဲမှာ လက်ခံပါတယ်။ နေ့လယ်ပိုင်းဆိုရင်တော့ ငါးတန်း၊ ခြောက်တန်းနဲ့ အလယ်တန်းအဆင့် မူလတန်းအဆင့်ကို တစ်ခါပြန်ပြီး လက်ခံပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ညွှန်ကြားချက်အတိုင်းပဲ ကျောင်းသား ကျောင်းသူများကို ပုံစံတကျလေး လက်ခံပေးတယ်။ အခု မူလတန်းအဆင့်ဆိုရင် မူလတန်းအခမဲ့ ပညာရေးစနစ်နဲ့ ကလေးတွေကို ပုံနှိပ်စာအုပ် အခမဲ့ပေးတယ်။ တစ်ယောက်စီကို ဗလာစာအုပ် ခြောက်အုပ်စီလည်း ပေးတယ်။ နောက်ပြီး ပညာသင်ကြားရေးမှာ အထောက်အကူဖြစ်အောင်လို့ဆိုပြီး ငွေကျပ် တစ်ထောင်စီ နိုင်ငံတော်က ပေးငွေကို မိဘလက်ဝယ်ပေးပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ အလယ်တန်းအဆင့် ဒီနှစ်မှစပြီး အခမဲ့ပညာရေးစနစ်ပါပဲ။ ဒီအလယ်တန်းအဆင့် ငါးတန်းမှ ရှစ်တန်း ကလေးတွေကိုလည်း ကျောင်းလခ မကောက်တော့ပါဘူး။ မိဘ၊ ဆရာ အသင်းကြေးလည်း မကောက်ခံပါဘူး။ ASL လို့ခေါ်တဲ့ အားကစားကြေး၊ စာကြည့်တိုက်ကြေး၊ စာရေးကိရိယာ

ဆရာဦးမောင်မောင်အုန်းသန်း
(အလက-၁ ဒဂုံ)

ကြေးတွေကိုလည်း မကောက်တော့ပါဘူး။ ပုံနှိပ်စာအုပ်တွေကိုလည်း နိုင်ငံတော်က အခမဲ့ဖြန့်ဝေပေးပါတယ်။ ဒါကြောင့်မို့ အလယ်တန်းအဆင့်က အခမဲ့ပညာရေးပါပဲ။ အထက်တန်းအဆင့် ကိုးတန်း၊ ၁၀ တန်းကတော့ အရင်တုန်းက သတ်မှတ်ထားတဲ့ အတိုင်းပါပဲ။ ပြဋ္ဌာန်းစာအုပ်တွေကို သတ်မှတ်ထားတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးပါတယ်။ ကျောင်းလခက ကိုးတန်းဆိုရင် ကျပ် ၉၀၀၊ ၁၀ တန်းဆိုရင် ကျပ် ၁၀၀၀ ကောက်ခံပြီးတော့ နိုင်ငံတော်ဘဏ်ကို သွင်းရပါတယ်။ ကျောင်းမှာ ကလေးတွေအတွက် ပညာသင်ကြားရေး အစစအရာရာ အထောက်အကူပြုနိုင်ဖို့အတွက် မိဘ၊ ဆရာအသင်းကြေး ကျပ် ၅၀၀ နဲ့ ASL ကျပ် ၅၀၀ ကောက်ပြီးတော့ ဒီကလေးတွေအတွက် ပြန်လည်အသုံးချပါတယ်။

ကျောင်းသားမိဘတစ်ဦး
(ဒဂုံ-၁)

အစ်မက ကလေးနှစ်ယောက်ရှိတယ်။ တစ်ယောက်က ခုနစ်တန်းပါ။ ဒီနံနက် ကျောင်းလာအပ်တယ်။ နေ့လယ်မှာ အငယ်မလေး နှစ်တန်းကို ကျောင်းအပ်ရမှာဆိုတော့ နံနက်ကတည်းက ခေါ်လာတယ်။ လူတိုင်းစေ့ အကုန်လုံးတော့ သူ့ဟာသူပေးနိုင်ကြတာရှိမယ်။ ဒါပေမယ့် အလယ်တန်းအဆင့်အခမဲ့ ပညာသင်ကြားရေးစနစ်ဆိုတော့လည်း ဝမ်းလည်း ဝမ်းသာကြမှာပေါ့။ မိဘတွေအနေနဲ့လည်း တစ်မျိုးပေါ့။ အခမဲ့ ကိုယ့်နိုင်ငံတော်က လုပ်ပေးတဲ့အတွက် ပီတိတစ်မျိုးဖြစ်ကြမှာပါ။

ဆရာ ဦးမောင်မောင်အုန်းသန်း
(အလက-၁ ဒဂုံ)

နိုင်ငံတော်က ကြိုတင်ပြီးစာအုပ်တွေထုတ်ပေးထားတယ်။ ကျောင်းသားတစ်ယောက်ကို စာအုပ်ခြောက်အုပ်နဲ့ ငွေတစ်ထောင် ဖတ်စာအုပ်တွေ အားလုံးနဲ့ ကျောင်းတံဆိပ်တွေကိုပါ ကျောင်းလာအပ်ရင် မိဘအုပ်ထိန်းသူနဲ့ တိုက်ရိုက်တွေ့တဲ့အခါ လက်ထဲကို တစ်ပါတည်းပေးလိုက်ပါတယ်။

ကျောင်းသားမိဘတစ်ဦး
(အလက-၁ ဒဂုံ)

ပညာရေးက အခမဲ့ ပညာရေးစနစ်ဆိုတော့ ကျွန်မ အင်မတန်ဝမ်းသာပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မကလေးတွေက အမြဲပူး၊ သူများထက်စာရင် တစ်ပြိုင်တည်း နှစ်ဆကုန်တဲ့လူဆိုတော့ အခမဲ့ပညာရေးဆိုတော့ အလွန်အဆင်ပြေပါတယ်။ ဒီကျောင်းက စိတ်ဓာတ်ရေး စည်းကမ်းပိုင်းရော အလေးပေးပြီး လေ့ကျင့်သင်ကြားပေးနေတဲ့ ကျောင်းတစ်ကျောင်းဖြစ်တယ်။

"နိုင်ငံတော်၏ အနာဂတ်လူပဖို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်စို့"၊ "ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး" စသည့် ကျောင်းအပ်နှံရေး ဆောင်ပုဒ်များနှင့်အညီ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ယနေ့နံနက် ၁၀ နာရီမှစ၍ ကျောင်းနေအရွယ် ကလေးများအား ကျောင်းအပ်နှံနေပြီဖြစ်သည်။

ဒလမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း လေးကျောင်း၊ အထက်တန်းကျောင်းခွဲတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၅၅ ကျောင်းနှင့် မူလွန်ကျောင်း လေးကျောင်းများ၌ ကြေညာချက်များ ထောင်ထားသည်ကို တွေ့ရသည်။

ကျောင်းအပ်လက်ခံခြင်းကို မေ ၂၅ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ မူလတန်း၊ အလယ်တန်းအခမဲ့ ပညာရေးအဖြစ် ပုံနှိပ်စာအုပ်အခမဲ့ ပေးမည်ဖြစ်ကြောင်း၊ ကျောင်းလခ၊

ကျောင်းအုပ်ဆရာမကြီးဒေါ်ဌေးဝင်း
(အထက-၅ ဗိုလ်တထောင်)

အားကစားကြေး၊ အခြားရန်ပုံငွေနှင့် မည်သည့်အလှူငွေမျှ မကောက်ခံပါကြောင်း၊ မည်သည့်ကျောင်းသုံးပစ္စည်းမှ မရောင်းချပါကြောင်း ကြေညာထားသည်။

ထို့ပြင် ကျောင်းအပ်နှံရာ၌ လိုအပ်သည်များကိုလည်း သိရှိနိုင်ရန် အသိပေးထားရာ မူလတန်းကျောင်းသားသစ်များ အပ်နှံရာတွင် အိမ်ထောင်စုစာရင်းမူရင်းနှင့် မိတ္တူ၊ မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးလက်မှတ်မူရင်းနှင့် မိတ္တူယူဆောင်၍ အုပ်ထိန်းသူကိုယ်တိုင်လာရောက်အပ်နှံပါ၊ ကျောင်းထွက်လက်မှတ်ကိုလည်း နေ့စဉ်မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအတွင်း ထုတ်ပေးပါမည်။ စတုတ္ထတန်းဓာတ်ပုံရိုက်ထားသော ကျောင်းသားများ ဓာတ်ပုံယူစရာမလို၊ အခြားအတန်းများအတွက် လိုင်စင်ဓာတ်ပုံ နှစ်ပုံယူဆောင်လာရန်၊ အုပ်ထိန်းသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ထုတ်ယူရန်၊ မြို့နယ်အတွင်းရှိ ကျောင်းသားများအား ကျောင်းအုပ်ကြီးက တိုက်ရိုက်ထုတ်ပေးပါမည်။ နယ်ပြောင်းကျောင်းသားများအတွက် ပညာရေးမှူး လက်မှတ်လိုအပ်ပါသဖြင့် ကြိုတင်စာရင်းပေးထုတ်ယူရန်ဆိုသည့် အသိပေးကြေညာချက်များကိုလည်း တွေ့ရှိခဲ့ရသည်။ ॥



ပန်းကြာဝေ
(၈ တန်း၊ အထက-၅ ဗိုလ်တထောင်)

ပန်းကြာနွယ်
(၇ တန်း၊ အထက-၅ ဗိုလ်တထောင်)

ကျောင်းသားမိဘတစ်ဦး
(အလက-၁ ဒဂုံ)

ပုဇွန်တောင် အထက(၄) ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူအဟောင်းများ၊ အသစ်များအတွက် အုပ်ထိန်းသူ၊ မိဘများလာရောက်အပ်နှံလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ကျောင်းအပ်နှံရေးနေ့ အဆင်ပြေချောမွေ့စေရေးအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်နုနုရွှေ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီပေးကြသည်။

"ဒီနှစ်ပညာသင်နှစ်က မူလတန်းနဲ့အလယ်တန်း အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် မိဘများဆီက အခကြေးငွေ ကောက်ခံမှုမရှိပါဘူး။ မူလတန်းနဲ့ အလယ်တန်းကျောင်းသားတွေအတွက် ပြဋ္ဌာန်းစာအုပ်တွေကို အခမဲ့ဖြန့်ဝေပေးနေပါတယ်။ ကျောင်းသားသစ်ကော ကျောင်းသားဟောင်းတွေကိုရော လက်ခံပါတယ်။ ဒီနေ့မှာ မူလတန်းကနေ ဒသမတန်းအထိ ကျောင်းသားအင်အား ၅၀၀ လောက် လာရောက်အပ်နှံပါတယ်။ ကျောင်းအပ်နှံတဲ့အခါ သူငယ်တန်းများအတွက် မွေးစာရင်းနှင့် သန်းခေါင်စာရင်းများကို ယူဆောင်လာဖို့နဲ့ ကျောင်းသားအသစ်တွေအတွက် ကျောင်းထွက်လက်မှတ်ယူဆောင်လာဖို့၊ ကျောင်းသားဟောင်းတွေအတွက်တော့ သက်ဆိုင်ရာအတန်းအသီးသီးမှာ လက်ခံပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီးက ပြောကြားသည်။

ကျောင်းလာအပ်သူ မိဘတစ်ဦးကလည်း "အခုလို အခမဲ့ပညာသင်စနစ်ဖြစ်တဲ့အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နဲ့ ဗလာစာအုပ်များကို အခမဲ့ရတော့ ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်" ဟု ပြောပြသည်။

ကျောင်းအပ်နှံခြင်းကို မေ ၃၁ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်းနှင့် ဇွန် ၂ ရက်(တနင်္လာနေ့)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်စတင်မည်ဖြစ်ရာ အဖြူ အစိမ်းကျောင်းဝတ်စုံများဖြင့် ကျောင်းအသီးသီးတွင် ကျောင်းသား ကျောင်းသူများစည်းကားတော့မည်ဖြစ်ပေသည်။

(ရီရီသန့်)

ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

မေ ၂၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉)တွင် ပါရှိသည့် ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းနှင့် ပတ်သက်သည့် အင်တာဗျူးတွင် ကော်လံ ၁ စာပိုဒ် ၅၊ စာကြောင်းရေ ၅ ၌ ပါရှိသည့် MBA အစား LPA(Low Pressure Area) ဟု လည်းကောင်း၊ ကော်လံ ၂ စာပိုဒ် ၃၊ စာကြောင်းရေ ၇ ၌ပါရှိသည့် ၁၈၇၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တိုက်ခဲ့တဲ့မုန်တိုင်းတွေရဲ့(အစား) ၁၈၇၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မှတ်သုံကာလအတွင်း တိုက်ခဲ့တဲ့မုန်တိုင်းတွေရဲ့ဟု လည်းကောင်း ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

(မြန်မာ့သတင်းစဉ် သတင်းအဖွဲ့)

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်

ရန်ကုန် မေ ၂၅

မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ အချိန်မှန်မီးလာစေရေးအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစံဌေး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် ဒေါပုံမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့ ပါဝင်သော ဝန်ထမ်းများနှင့် ခရိုင်မှ စုစည်းထားသော ဝန်ထမ်းအင်အားများ စုပေါင်း၍ မေ ၂၄ ရက်က ဒေါပုံ၊ သာကေတ၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ လမ်းတစ်လျှောက် လျှပ်စစ်မီးကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ခုတ်ထွင်ရှင်းလင်းကြောင်း သိရသည်။

အေးသန်း(ဒေါပုံ)

အဝေးပြေးခရီးသည်တင်ယာဉ်များ သတိပြုစရာ

သောင်းလွင်ဦး

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှု အန္တရာယ်များ မကြာခဏ ဖြစ်ပေါ်နေခြင်းကြောင့် အဆိုပါလမ်းမကြီးကို အသုံးပြုနေသည့် မော်တော်ယာဉ်များအား မည်ကဲ့သို့ သွားလာပြေးဆွဲနေသည်ကို အရှိကို အရှိတိုင်း သိရှိနိုင်စေရန် ရှောင်တခင် စစ်ဆေးမှုများကို မေ ၁၇ ရက် ညနေပိုင်းမှစ၍ ည ၁၂ နာရီထိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့ (ယာဉ်ထိန်း)တို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် နေပြည်တော်-ရန်ကုန်-မန္တလေးတို့မှ ထွက်ခွာသော ခရီးသည်တင် (Express)ယာဉ်များကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း တင်ပြလိုပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်မှ ထွက်ခွာသော ခရီးသည်တင်ယာဉ်များကို စစ်ဆေးခဲ့ရာတွင် ယာဉ်အများစုသည် မော်တော်ယာဉ်ကို ခရီးသည်ရဖို့သာ အဓိကထားပြီး ယာဉ်အန္တရာယ်ဖြစ်စေနိုင်သည့် ပြုပြင်ရမည့်အချက်များကို ကြိုတင်ပြင်ဆင်မှုမရှိဘဲ တင်ဆောင်မောင်းနှင်လာကြကြောင်းကို တွေ့ရှိရပါသည်။ စစ်ဆေးမှုများအရ တာယာများ ကြိုးပေါ်နေသည့် ယာဉ် ခုနစ်စီး၊ အရေးပေါ် ထွက်ပေါက်သာပါရှိပြီး အသုံးပြုနိုင်မှုမရှိသည့် ယာဉ် သုံးစီး၊ မှန်များအသေတပ်ထားပြီး အရေးပေါ်အချိန်တွင် မှန်ခွဲနိုင်ရန်အသုံးပြုသည့် တူ၊ ပုဆိန် မပါရှိသည့် ယာဉ် ငါးစီး၊ အသက်ကယ် ထိုင်ခုံခါးပတ်များ အောက်တွင် ခေါက်သိမ်းထားခြင်း၊ ခါးပတ်များမပါရှိသည့် ယာဉ် ၃၆ စီး၊ သတ်မှတ်ထားသည့်အတိုင်း မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်းမရှိသည့် ယာဉ်လေးစီး၊ သတ်မှတ်ရောင်ပြန်ပြား တပ်ဆင်ထားခြင်းမရှိသည့်ယာဉ် ၁၄ စီး၊ ယာဉ်ရပ်နားစဉ် (သို့) ယာဉ်ပြုပြင်စဉ် အသုံးပြုသည့် တြိဂံရောင်ပြန်မရှိသည့် ယာဉ် ၃၇ စီး၊ သက်တမ်းရှိယာဉ် သက်သေခံလက်မှတ် တင်ပြနိုင်ခြင်းမရှိသော ယာဉ် ခြောက်စီး၊ သတ်မှတ်ထားသည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင် မပါရှိသည့်ယာဉ် ငါးစီး၊ သက်တမ်းရှိ အငှားလိုင်စင်မရှိဘဲ မောင်းနှင်သည့် ယာဉ် သုံးစီး၊ အရန်ယာဉ်မောင်းမပါရှိသည့်ယာဉ် ၁၆ စီး၊ ယာဉ်နောက်လိုက်၊ ယာဉ်အကူ မပါရှိသည့်ယာဉ် ၁၁ စီး၊ ယာဉ်နောက်လိုက်(ယာဉ်အကူ)ပါသော်လည်း သက်တမ်းရှိ ယာဉ်အကူလိုင်စင် (သို့) စပယ်ယာလိုင်စင်မပါရှိသည့် ယာဉ် ၁၀ စီး ရှိကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပါသည်။ အထက်ပါတွေ့ရှိချက်များအပြင် 'င'လိုင်စင်အတုဖြင့် မောင်းနှင်သူတစ်ဦး၊ အငှားယာဉ်ကို 'ခ'လိုင်စင်ဖြင့် မောင်းနှင်သူ နှစ်ဦး၊ ယာဉ်လိုင်စင်

လုံး၀မရှိဘဲ မောင်းနှင်သူ တစ်ဦးတို့ ရှိကြောင်းကိုလည်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

အမြန်လမ်းပေါ်တွင် ပြေးဆွဲသွားလာလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်များသည် ခရီးသည်ရရှိရေးအတွက်ကိုသာ သက်ဆိုင်ရာဂိတ်တာဝန်ရှိသူများနှင့် ယာဉ်ပိုင်ရှင်များက ဦးစားပေးဆောင်ရွက်နေသကဲ့သို့ဖြစ်ပြီး အန္တရာယ်ဖြစ်ပေါ်စေနိုင်သော၊ ယာဉ်၏ ချွတ်ယွင်းနေသော လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်မှုမရှိကြောင်းကို ယခုစစ်ဆေးမှုအရ တွေ့ရှိနေရပါသည်။ တာယာကြိုးပေါ်နေသော်လည်း မမောင်းသင့်တော့သည့်အခြေအနေကို ပြေးဆွဲခိုင်းခြင်းသည် အန္တရာယ်ရှိမှန်းသိလျက်နှင့် ပြီးခဲ့သော ကာလဖြစ်ပေါ်ခဲ့သော ယာဉ်တိမ်းမှောက်မှုအန္တရာယ်များကို ဂရုမစိုက်ဘဲ နေသကဲ့သို့ ဖြစ်နေပါသည်။ မော်တော်ယာဉ်တွင် ထားရှိရမည့် လိုအပ်ချက်များကို ဖြည့်တင်းထားရှိမှုမရှိခြင်း၊ သတ်မှတ်လိုင်စင်၊ သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှုမရှိခြင်း၊ ကျွမ်းကျင်လိုင်စင်မရှိဘဲ မော်တော်ယာဉ်ကို ပေးမောင်းစေခြင်းတို့သည် ယာဉ်ပိုင်ရှင်နှင့် သက်ဆိုင်ရာဂိတ်လိုင်းအသီးသီးတို့၏ ကြီးမားသော တာဝန်ပျက်ကွက်မှုများပင် ဖြစ်ပါသည်။ မိမိငွေရလျှင်ပြီးရောဆိုသည့် သဘောနှင့် ခရီးသည်တို့၏ အသက်ကို အလေးမထားရာကျရောက်ပါသည်။ အန္တရာယ်ဖြစ်လာမှ ပြုမူဆောင်ရွက်ပေးခြင်းထက် အန္တရာယ်ဖြစ်စေလောက်သော အထက်တင်ပြပါ ချွတ်ယွင်းချက်များကို သေချာစွာ ဂရုတစိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားသင့်ပါသည်။ ကျွမ်းကျင်သော ယာဉ်မောင်းကို အသုံးမပြုဘဲ လိုင်စင်မရှိသော၊ ဈေးသက်သက်သာသာ ပေးရသော ယာဉ်မောင်းများအား ယာဉ်ကို မောင်းနှင်စေမှုများသည် သေချာစွာ စဉ်းစားသုံးသပ်ရပါလျှင် အလွန်ကြီးလေးသော ပြစ်မှုကို ကျူးလွန်သကဲ့သို့ ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များ၊ ဂိတ်တာဝန်ရှိသူများသည် ထိုလိုင်းကားများကို မော်တော်ယာဉ် မထွက်ခွာမီ အန္တရာယ်ဖြစ်စေသော လိုအပ်ချက်များရှိ မရှိ စစ်ဆေးပေးရန် တာဝန်ရှိကြောင်း အထူးမှာကြားလိုပါသည်။ တာယာမကောင်းခြင်းမှအစ မှန်ခွဲသည့်တူအဆုံး ပါသင့်သည့် ပစ္စည်း စာရွက်စာတမ်းများ ပါဝင်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီး ခရီးစဉ်တစ်လျှောက်လုံးတွင် ယာဉ်အန္တရာယ် မဖြစ်စေရေးအတွက် မှာကြားသင့်သောအချက်များ မှာကြားပေးခြင်း၊ ပင်ပန်းနွမ်းနယ်၍ အိပ်ငိုက်နိုင်သည့် အခြေအနေတွင် အရန်ယာဉ်မောင်းဖြင့် လဲလှယ်မောင်းနှင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို စနစ်တကျ ဖြစ်စေရန် ယာဉ်ပိုင်ရှင်၊ ဂိတ်တာဝန်ရှိသူများက အမြဲပင် ကြီးကြပ်စစ်ဆေးပေးခြင်းဖြင့် ယာဉ်အန္တရာယ်များ လျော့နည်းပပျောက်စေမည်ဖြစ်ပါသည်။ ဌာနဆိုင်ရာ စစ်ဆေးရန် တာဝန်ရှိသူများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ရှောင်တခင် စစ်ဆေးမှု မကြာခဏပြုလုပ်ပေးခြင်း၊ စစ်ဆေး ကြပ်မတ်ပေးခြင်းဖြင့် ယာဉ်တိုက်ခိုက်မှု အန္တရာယ်များ လျော့နည်း ပပျောက်သွားမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ နောင်တွင် ခရီးသည်တင်ယာဉ်ပိုင်ရှင်များအနေဖြင့် ကြိုတင်သိရှိနိုင်ရန် အောက်ပါတို့ကို စစ်ဆေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ယာဉ်များကို စစ်ဆေးရာတွင် သက်တမ်းရှိ မော်တော်ယာဉ် သက်သေခံလက်မှတ် ပါ၊ မပါ၊ လုပ်ငန်းလိုင်စင် ပြည့်စုံမှု ရှိ၊ မရှိ၊ ယာဉ်၏အစိတ်အပိုင်းများ ကောင်းမွန်စွာ အလုပ်လုပ်နိုင်မှု ရှိ၊ မရှိ၊ ယာဉ်၏ ကိုယ်ထည် ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ၊ တာယာများ ကောင်းမွန်မှု ရှိ၊ မရှိ၊ သတ်မှတ်လူစီးထိုင်ခုံအရေအတွက်ထက် ပိုမိုခြင်းရှိ၊ မရှိ၊ ခရီးသည်နှင့် ကုန်စည်တင်ဆောင်မှု သတ်မှတ်ချက်အတိုင်း ရှိ၊ မရှိ၊ မီးသတ်ဆေးဘူး သတ်မှတ်ချက်အတိုင်း ပါ၊ မပါ၊ အရေးပေါ်ထွက်ပေါက် အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ၊ ရေသုတ်တံများ(Wiper) ကောင်း၊ မကောင်း၊ ရောင်ပြန်ပြားများ ပါ၊ မပါ၊ ရပ်နားစဉ် အသုံးပြုသည့် တြိဂံရောင်ပြန်ပါ၊ မပါ၊ အရေးပေါ်အချိန်တွင် အသုံးပြုနိုင်ရန် မှန်ခွဲသည့် တူ၊ ပုဆိန် ပါ၊ မပါ၊ ယာဉ်မောင်းများသည် အငှားလိုင်စင်ဖြစ်ရမည်။ အရန်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်(ယာဉ်အကူ) ပါရှိရမည်။ အားလုံးသည် သတ်မှတ်သက်တမ်းရှိလိုင်စင်များ ရှိနေရမည်။ အရက်သေစာ၊ မူးယစ်ဆေးဝါးသုံးစွဲထားမှု မရှိစေရ။ ခရီးသည်များအတွက် အသက်ကယ် ထိုင်ခုံခါးပတ်များကို မထွက်ခွာမီ ပတ်ပြီးဖြစ်နေရမည်။

ယာဉ်အန္တရာယ်များ ကင်းဝေးနိုင်ကြပါစေ . . . . .။

ဝန်ထမ်းများအတွက် အထူးအစီအစဉ်ဖြင့် အဝေးပြေးမော်တော်ယာဉ်ပြေးဆွဲ

နေပြည်တော် မေ ၂၅

နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ရုံးပိတ်ရက်များတွင် ရန်ကုန်နှင့် မန္တလေးမြို့များသို့ ဘေးကင်းလုံခြုံစွာ ခရီးသွားနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လေအေးစက်ပါ မော်တော်ယာဉ်များဖြင့် သောကြာနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ဘောဂသီရိ အဝေးပြေးကားဝင်းမှ စတင်ထွက်ခွာလာပြီး မြို့မဈေးကားဂိတ်သို့ ညနေ ၆ နာရီတွင်လည်းကောင်း၊ သပြေကုန်းကားဂိတ်သို့ ညနေ ၆ နာရီ ၁၅ မိနစ်တွင် လည်းကောင်း ရောက်ရှိ/ထွက်ခွာမည်ဖြစ်ကြောင်းနှင့် တနင်္ဂနွေနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်လက်မှတ်များကို တစ်ဦးလျှင် ၃၅၀၀ ကျပ်နှုန်းဖြင့် သုံးရက်ကြိုတင်ဝယ်ယူစီးနင်းနိုင်မည်ဖြစ်ကြောင်းနှင့် ပြေးဆွဲမည့် ခရီးစဉ်၊ အချိန်များကို အသေးစိတ်သိရှိလိုပါက ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဖုန်း-၀၉-၄၉၃၃၂၃၀၅၊ ၀၉-၄၂၀၇၅၉၅၀၂၊ ၀၆၇-၂၆၁၈၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း၊ လက်မှတ်ခတွင် အမြန်လမ်းမကြီးအထူး ခရီးသွားအာမခံနှင့် သူတစ်ပါး ထိခိုက်မှုအာမခံများ ပါဝင်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန တာဝန်ရှိသူများထံမှ သိရသည်။ **ကျော်သူရ(နေပြည်တော်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၏ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် ကတ္တရာလမ်း(၂၀/၁)မိုင်/ဖာလုံ၊ ကျောက်လမ်း(၅၆/၅)မိုင်/ဖာလုံ၊ မြေလမ်း(၇၆/၂)မိုင်/ဖာလုံ၊ ကွန်ကရစ်တံတား ပေ(၂၀၀)၊ သစ်သားတံတား(၁၇၄၅)ပေ၊ ရေမြောင်း(၆၃၈)ပေ၊ တွင်းနက်(၁၃)တွင်း၊ လက်တူးတွင်း(၄၀)တွင်း၊ စိမ့်စမ်းရေသွယ်(၄၇)ခု၊ ယင်လုံအိမ်သာ(၂၀၇)လုံး၊ တန်ဖိုးနည်းအိမ်ရာ (၃၆)လုံးတို့အား ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ကချင်ပြည်နယ်အစိုးရ အဖွဲ့ရုံးတွင် အောက်ပါအတိုင်း ဝယ်ယူတင်သွင်းနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရန် - ၂၇-၅-၂၀၁၄ ရက် ရုံးဖွင့်ချိန်မှ ၂၇-၆-၂၀၁၄ ရက် ၁၄း၀၀ နာရီအတွင်း

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စီးပွားဌာနစိပ်၊ မြစ်ကြီးနားမြို့။

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဖုန်း-၀၇၄-၂၉၅၄၄၊ ၂၂၄၈၄၊ ၂၂၃၂၉ ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၇၄-၂၄၂၂၃၊ ၀၉-၇၃၈၁၀၁၅၅၊ ၀၉-၅၃၅၀၆၉၂ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့

249871, 255553, 389611, 09-5137745

ဦးထွန်းလင်းဦး
B.Com, CPA, DA (LCCI), ACCA
LCCI Level (I,II,III)
June -14
Ph- 095115604, 0973224433

အောင်သျှုဝိုင်း(ကျိုက်မရော)စီစဉ်သည်
အနုပညာဂျာနယ်
● အစည်းအရုံးကိုအကြံပြုကြတဲ့ ဒါရိုက်တာဒီအေးလွင်နှင့် သျှိုကြီးစတီရီယို ● ဘိုးအေကြီး ၁၀ယောက်ဖျော်ဖြေမယ့်ပွဲ
● မြန်မာပြည်ပရိသတ်နှင့် တွေ့ဆုံခဲ့တဲ့ မျောက်မင်းစွန်းဝူခုန်း
● ပါဖောမန့်ကို ဇွတ်လုပ်ယူလို့ မရပါဘူးဆိုသူ ဘိုဘိုဟန်
● ဒန်ဆာတွေအားဖြည့်တာပါဖောမန့်မဟုတ်ဘူးဆိုသူစိန်ဝင်းထွန်း
● ချမ်းချမ်းက အိပ်မက်၊ စန္ဒီမြင့်လွင်က ကလီယိုပါထရာ
● အိပ်မက်ဆုံရာထက်အောင်ကို အကြီးအကျယ်ပွဲထုတ်ကြပြီ
● ဆွေမျိုးတွေကတားလို့ ပြသခွင့်မရလိုက်တဲ့ အတ္ထုပ္ပတ္တိဗီဒီယို
● မာမာအေးနဲ့ မင်းအောင်ခိုင်၊ ရီရီသန့်နဲ့ ဇော်မျိုးထက်
● ကြော်ငြာဖိုးမတတ်နိုင်လို့တဲ့၊ အခွေနှစ်ခွေပေါင်းထုတ်မယ့်အဆိုတော် ● ကားထွက်ပြီးမှနာမည်ပြောင်းတဲ့မင်းသမီး

RUBY
519100
09-51-77212, 535100

380164
09 5017088
09250640699

မီး သတိပြု

SPECIAL REPORT
PH: 01-707183, 01-710102, 01-380169

မိုဘိုင်းဖုန်းသုံးစွဲရာမှု လွယ်ကူချောမွေ့ရေး တာဝါတိုင်များစိုက်ထူ

ခရမ်း မေ ၂၅

မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ခရမ်းမြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများ မိုဘိုင်းဖုန်းသုံးစွဲရာတွင် လွယ်ကူချောမွေ့စေရေးအတွက် ပြင်ပကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို၍ တာဝါတိုင်များ စိုက်ထူလျက်ရှိသည်။**(ယာပုံ)**

အသစ်တည်ဆောက်လျက်ရှိသော တာဝါတိုင်များမှာ ခရမ်းမြို့မှ အရှေ့ဘက် ကိုးမိုင်အကွာ ကြာကန်ကျေးရွာတွင် အမြင့် ၄၅ မီတာရှိ တာဝါတိုင်တစ်တိုင်၊ ခရမ်းမြို့ တောင်ဘက် ခြောက်မိုင်အကွာ တမံကြီးကျေးရွာတွင် အမြင့် ၄၅ မီတာရှိ တာဝါတိုင်တစ်တိုင်၊ ခရမ်းမြို့နယ်မှ ရှစ်မိုင်အကွာ အနောက်ဘက်ဒေသရှိ ပိန်းကန်စံပြကျေးရွာတွင် အမြင့် ၄၅ မီတာရှိ တာဝါတိုင်တစ်တိုင်တို့ကို တပ်ဆင်သွားမည်ဟု သိရသည်။ ယခုအချိန်တွင် စခန်းအဆောက်အအုံများ ဆောက်လုပ်ပြီးစီး၍ ခရမ်းမြို့ အရှေ့ဘက်ခြမ်း ကြာကန်ကျေးရွာတွင် လျှပ်စစ်ဓာတ်အားမရရှိသေးသော်လည်း ဆိုလာစနစ်ဖြင့်တပ်ဆင်ပေးမည်ဖြစ်ပြီး ယခုအခါ တာဝါတိုင်မှာ စိုက်ထူပြီးစီး၍ စက်ကိရိယာများ တပ်ဆင်ရန်သာ ကျန်ရှိပြီး ကျန်နေရာများကိုလည်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ တာဝါတိုင်များအား Asia Mega Link ကုမ္ပဏီမှ တည်ဆောက်ပေးခဲ့ကြောင်း။

အဆိုပါ တာဝါတိုင်များတပ်ဆင်ပြီးစီးပါက ခရမ်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ မိုဘိုင်းဖုန်းကို လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်တော့မည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့မှာ အချိန်နှင့်တစ်ပြေးညီ စံစားရတော့မည်ဖြစ်၍ ကျေးလက်နေပြည်သူများ ပျော်မဆုံးဖြစ်နေကြကြောင်း သိရသည်။ **(ကိုမင်း-ခရမ်း)**

ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်

နေပြည်တော် မေ ၂၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကင်မွန်းတန်းအုပ်စု လက်ပံတောကျေးရွာမှ တပ်ကုန်းမြို့သို့ ဆက်သွယ်ထားသော ကျေးလက်မြေသားလမ်းအား ကိုယ်ထူကိုယ်ထ ကျောက်ချောလမ်းအဖြစ် တိုးချဲ့ဖွင့်လှစ်ပွဲအခမ်းအနားကို မေ ၂၂ ရက် ညနေ ၃ နာရီတွင် ကျင်းပခဲ့သည်။**(ယာပုံ)**

အဆိုပါ ကျောက်ချောလမ်းသည် အရှည်ပေ ၅၅၀၀၊ အကျယ်ပေ ၃၀ ခန့်ရှိပြီး ကလောမြို့ဝိဇ္ဇာတောင် ဆရာတော် ဦးဉာဏသသိဒ္ဒိ၏ ဩဝါဒကိုခံယူကာ လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌဦးကျော်ဒင်ပါအဖွဲ့ဝင် ၁၅ ဦးဖွဲ့စည်းပြီး ရွာသူရွာသားများ၊ အလှူရှင်များစုပေါင်းကာ သိန်းပေါင်း ၆၅ သိန်းအကုန်အကျခံ၍ပြုပြင်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကင်မွန်းတန်းတောရစာသင်တိုက် ပဓာနနာယကဆရာတော် ဦးဇောတိကနှင့် သံဃာတော်အရှင်သူမြတ်တို့မှ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။ **(၅၆၄)**

ညောင်လေးပင်၌ စာပေရေချမ်းစင်များ ဖွင့်လှစ်

ညောင်လေးပင် မေ ၂၅

ပဲခူးတိုင်းဒေသကြီးညောင်လေးပင်မြို့နယ်၌ ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် စာပေရေချမ်းစင်များ လိုက်လံဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက် နံနက် ၉ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်နီနီဝင်းနှင့် ဝန်ထမ်းများသည်ညောင်လေးပင်မြို့ လူစည်ကားရာ နေရာများဖြစ်သော မြို့မဈေး၊ မီးရထားဘူတာ၊ ကားဂိတ်၊ ပြည်သူ့ဆေးရုံ၊ စေတနာဆေးခန်းများတို့တွင် နံရံကပ် စာပေရေချမ်းစင်များထားရှိကာ အလားတူ ပွဲ့တန်ဆာမြို့လူစည်ကားရာနေရာ နှစ်နေရာ၊ ပိန်းဇလုပ်မြို့၌နှစ်နေရာ၊ မဒေါက်မြို့၌နှစ်နေရာနှင့် ချောင်းရင်းကျေးရွာ၊ ရှမ်းရွာကျေးရွာ၊ စံဖဲကျေးရွာ၊ တော်ပိကျေးရွာ၊ ရေဖြူကန်ကျေးရွာ၊ မုက္ခမှုကျေးရွာ စုစုပေါင်း ရေချမ်းစင် ၁၈ နေရာ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ စာပေရေချမ်းစင်များ၌ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ အားကစား၊ ယဉ်ကျေးမှုနှင့်အနုပညာ၊ သိပ္ပံနှင့်နည်းပညာ၊ ကလေး သူငယ် အတ္တုပ္ပတ္တိဆိုင်ရာ ပညာရပ်စုံ ၁၂မျိုး ပါရှိကြောင်း သိရသည်။ **(၆၉၂)**

ပဲခူးထွေ/အုပ် ပညာသင်စရိတ်ပေးအပ်

ပဲခူး မေ ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၂၃ ရက် နံနက် ၁၁ နာရီခွဲက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများတွင် မူလတန်းမှ တက္ကသိုလ်အထိ ပညာတက်ရောက် သင်ကြားနေသော ကျောင်းသား ကျောင်းသူ ၅၇ ဦးအား စုစုပေါင်း ငွေကျပ် ၅၂၀၀၀၀ တန်ဖိုးရှိ ပညာသင်ထောက်ပံ့ကြေးငွေနှင့် ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ပဲခူးသား)**

နေပြည်တော်လေဆိပ်တွင် ဒစ်ဂျစ်တယ်စာကြည့်တိုက်တပ်ဆင်

လယ်ဝေး မေ ၂၅

စာအုပ်စာပေဖတ်ရှုနှုန်းနည်းပါးလာသည့် နည်းပညာခေတ်တွင်လူတန်းစားအလွှာစုံတို့ လက်ကိုင်ဖုန်းရှိရုံဖြင့် စာအုပ်ပေါင်း ၆၀၀၀ ကျော် ဖတ်ရှုခွင့်ရနိုင်မည့် Public Digital Library Service စက်ကို နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၉ ရက် ညနေပိုင်းတွင် စတင်တပ်ဆင်ပေးခဲ့သည်။

အဆိုပါ Public Digital Library Service တွင် အင်တာနက်ချိတ်ဆက်စရာမလိုဘဲ မီတာ ၆၅၀ အတွင်း ဖတ်ရှုနိုင်ပြီး Download ဆွဲနိုင်ခြင်းကြောင့် စာဖတ်သူများ အကြိုက်တွေ့လျက်ရှိသည်။ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း စာပေရေချမ်းစင်တစ်ခုထားရှိပြီး အနီးတွင် (PDLS) စက်တပ်ဆင်ပေးထားခြင်းကြောင့် ခရီးသည်များနှင့် လေဆိပ်ဝန်ထမ်းများ စာအုပ်စာစောင်များနှင့် (Public Digital Library Service) တို့ကို တစ်လှည့်စီ ဖတ်ရှုလျက်ရှိသည်ကို တွေ့ရသည်။ "ဒီစက်စတပ်ကတည်းက ပြန်/ဆက်က ဝန်ထမ်းတွေကလည်း အသုံးပြုနည်းတွေကို နေ့စဉ်ရှင်းပြတယ်။ အသုံးပြုနည်းလမ်းညွှန် ဗီနိုင်းလည်း ထားပေးတယ်။ ငွေကုန်လည်း သက်သာ၊ Download ဆွဲရတာလည်း အဆင်ပြေတယ်" ဟု လေဆိပ်ဝန်ထမ်းတစ်ဦးက ပြောသည်။ **(ဝေကြည်စန်းအောင်)**

ယာဉ်တိုက်ခိုက်မှု လျော့နည်းရေး စစ်ဆေးပညာပေး

တောင်ကြီး မေ ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး တောင်ကြီးနှင့် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနတို့သည် ယာဉ်တိုက်မှုကျဆင်းရေးအတွက် မေ ၂၀ ရက် အေးသာယာ အဝေးပြေးဂိတ်တွင် ရှောင်တခင်စစ်ဆေးပညာပေးမှုပြုလုပ်ရာ တောင်ကြီးမှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်၊ မကွေး၊ မုံရွာ၊ ပခုက္ကူသို့ ထွက်ခွာမည့်အဝေးပြေး EXPRESS ယာဉ်များတွင် အရန်ယာဉ်မောင်းများ ပါရှိမှုကိုလည်းကောင်း၊ အရေးပေါ်အခြေအနေများတွင် ကြိုတင်ပြင်ဆင်ထားမှုကိုလည်းကောင်း၊ ယာဉ်မောင်း၊ စပယ်ယာလိုင်စင်၊ သက်သေခံအဝိုင်းများကိုလည်းကောင်း၊ မီးသတ်ဆေးဘူး ပါရှိမှုကိုလည်းကောင်း စစ်ဆေးရာ ဦးဇော်ကိုကိုဖေ စစ်ဆေးရေးမှူး (ကညန)၊ မီးသတ်ဦးစီးမှူး ဦးအောင်သူ၊ ဦးအုန်းမောင် ဦးစီးအရာရှိ (ပို့ဆက်)တို့က စစ်ဆေးပညာပေးခဲ့ကြောင်း သိရသည်။ **(မျိုးဝင်း)**

SHWE LWIN LWIN SERVICES CO., LTD

သင် JAPAN နိုင်ငံသို့ အလုပ်(သို့)ကျောင်း(သို့) အလည်အပတ်ဖြင့်သွားလိုပါက အမှန်ကန်ဆုံး အမြန်ဆုံးပို့ဆောင်ပေးနေပြီးဖြစ်ပါသည်။ Shwe Lwin Lwin Services Co.,Ltd. မှ အလုပ်ဖြင့်၂၀၁၃ (၁၂)လပိုင်း ကျား(၆)ဦး၊ မ(၅)ဦး၊ ၂၀၁၄ (၃)လပိုင်း ကျား(၉)ဦး၊ မ(၄)ဦး၊ ၂၀၁၄ (၅)လပိုင်း ကျား(၁၆)ဦး၊ မ(၁၁)ဦး၊ စုစုပေါင်း(၅၁)ဦးအား ပို့ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။

* ဂျပန်နိုင်ငံ CHIBAKEN, IBARAKIKEN,YOKOHAMA မြို့များရှိ ရေထွက်ကုန်ထုတ်လုပ်ငန်းစက်ရုံ၊ တွင်ခုံလုပ်ငန်းစက်ရုံ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် (၂၀၁၄)ခုနှစ် (၉)လပိုင်း၊ (၁၁)လပိုင်း၊ (၁၂)လပိုင်းများအတွက် အမျိုးသားနှင့်အမျိုးသမီးအထွေထွေလုပ်သားများ အမြန်အလိုရှိသည်။
ဖောင်ပိတ်ရက် (၁၄-၆-၂၀၁၄)
* Shwe Lwin Lwin Services Co.,Ltd. မှ ဖွင့်လှစ်ထားသော AOYAMA SCHOOL OF JAPANESE ဂျပန်ဘာသာစကားသင်တန်းကျောင်းတွင် ဂျပန်လုပ်ငန်းခွင်သုံး အသုံးအနှုန်း ယဉ်ကျေးမှု၊ စည်းကမ်း၊ ဥပဒေများအား သင်ကြားပေးလျက်ရှိပြီး အရည်အချင်းပြည့်မီသောသင်တန်းသားများအား Shwe Lwin Lwin Services Co.,Ltd. မှ ဂျပန်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများတွင် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် စိစစ်ပို့ဆောင်ပေးသွားမည်ဖြစ်ပါသည်။
* ဂျပန်နိုင်ငံ Tokyo, Shibuyaku ရှိ AOYAMA SCHOOL OF JAPANESE ကျောင်းတက်ရင်း အလုပ်လုပ်လိုသူများအတွက် (N 4, N 5 Level)အလုပ်အကိုင်နှင့်နေစရာပါ တစ်ပါတည်းစီစဉ်ပေးပါမည်။
* အလည်အပတ်ဖြင့်သွားရောက်လိုသူများအတွက် Japan နိုင်ငံရှိ နာမည်ကြီးမြို့များသို့ (၇)ညအိပ် (၈)ရက်ခရီးဖြင့် အလည်အပတ်ပို့ဆောင်ပေးလျက်ရှိသည်။
* မှတ်ချက်။ အလုပ်အကိုင်ဖြင့် သွားရောက်လိုသူများအတွက် အသက်(၂၀)နှစ်မှ (၃၀)နှစ်ကြား ကျန်းမာသန်စွမ်းပြီး သွက်လက်ဖျတ်လတ်သော အမျိုးသား၊ အမျိုးသမီးများဖြစ်ပြီး ဘယ်သန်၊ မျက်မှန်တပ်ဆင်ထားသူ၊ ဆေးမင်ကြောင်ထိုးသူ၊ Japan နိုင်ငံ Visa လျှောက်ထားခဲ့ဖူးသူ၊ Japan သို့ သွားရောက်အလုပ်လုပ်ကိုင်ဖူးသူများမဖြစ်စေရပါ။

SHWE LWIN LWIN Services Co.,Ltd. ရုံးခန်းအတွက် အလုပ်အကိုင်ခေါ်ယူခြင်း

* N3 အောင်မြင်ပြီး ရုံးလုပ်ငန်းတွင် လုပ်သက်အနည်းဆုံး(၂)နှစ်ရှိပြီး ဂျပန်စကားနှင့် ကွန်ပျူတာအသုံးပြုနိုင်သော ကျား၊ မ(၁)ဦး [ရွှေလွင်လွင်ကုမ္ပဏီရုံးခန်း(ရန်ကုန်)နှင့် (ဂျပန်)ရုံးခန်းတွင် အလုပ်လုပ်နိုင်သူ]
* N5 အောင်မြင်ပြီး ရုံးလုပ်ငန်းလုပ်သက်အနည်းဆုံး(၂)နှစ်ရှိပြီး ကွန်ပျူတာအသုံးပြုနိုင်သော ကျား(၁)ဦး [ယာဉ်မောင်းတတ်ရမည်။ ရွှေလွင်လွင်ကုမ္ပဏီရုံးခန်း(ရန်ကုန်)တွင် အလုပ်လုပ်နိုင်သူ]

အသေးစိတ်သိရှိလိုပါက SHWE LWIN LWIN Services Co.,Ltd. ရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

Building(C), Room(101), Delta Plaza, Shwegonedaing Road,
Bahan Township, Yangon, Myanmar
Tel:01-8604948,09-8303939, (Fax)01-557570 Email;shwelwinlwin.co@gmail.com
SKYPE:shwelwinlwin.jp.co., FACEBOOK:shwelwinlwin.co

ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၂၅

နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးသည် ယနေ့နံနက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကေသီခိုင်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီဝင်များလိုက်ပါလျက် ဇေယျာသီရိမြို့နယ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွဲဝေချထားငွေကျပ်သိန်း ၂၄၀၀ ဖြင့် အသစ်တည်ဆောက်လျက်ရှိသည့် သိုက်ချောင်း၊ သာယာစု၊ စည်ပင်ကြီး၊ ရွာသစ်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်မှုများကို ကွင်းဆင်းစစ်ဆေး၍ **(အပေါ်ပုံ)** လိုအပ်ချက်များ မှာကြားခဲ့ကြောင်းသိရသည်။ **(မြို့နယ်ကျန်းမာရေး)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၆-၅-၂၀၁၄ (တနင်္လာနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော် + ရတနသုတ်	၆း၀၀	MRTV-4 သတင်း
၈း၀၀	Cartoon Series (Go Go Giggles)	၆း၂၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မိန်းမသားလေးကျွန်မ"(အပိုင်း-၁)
၈း၅၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး"(အပိုင်း-၅၉)	၇း၁၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ရွှေသရဖူ" (အပိုင်း-၂၆)
၁၁း၃၀	MRTV-4 Stage	၈း၀၀	MRTV-4 သတင်း
၁၁း၅၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပန်းမင်းသမီးရဲ့သူရဲကောင်း" (အပိုင်း-၂၉)	၈း၁၅	The Rich Gems (နေပြည်တော်ဆိုင်ခွဲဖွင့်ပွဲ)
၂း၂၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ရွှေသရဖူ" (အပိုင်း-၂၅)	၈း၃၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး"(အပိုင်း-၆၀)

နေ့စားလပေး မူလတန်းပြဆရာဖြစ်အထူးမွမ်းမံသင်တန်းဆင်း

ပူတာအို မေ ၂၅

ဆရာအတတ်ပညာများရရှိ၍ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးရာတွင် စနစ်တကျသင်ကြားတတ်စေရန်နှင့် ဆရာ့စွမ်းရည်ပြည့်ဝလာစေရန် ရည်ရွယ်၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နေ့စားလပေး ခန့်အပ်ထားပေးခဲ့သည့် မူလတန်းပြ ဆရာ ဆရာမများ၏ မြို့နယ်အခြေပြု နေ့စားလပေး မူလတန်းပြ ဆရာဖြစ်အထူးမွမ်းမံသင်တန်းဆင်းပွဲကို မေ ၂၄ ရက် နံနက် ၁၁ နာရီတွင် ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း (ပူတာအို)ရှိ အောင်ဆန်းခန်းမ၌ ကျင်းပရာ သင်တန်းသား သင်တန်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ခရိုင်အုပ်ချုပ် ရေးမှူး ဦးထွန်းဝေက သင်တန်းဆင်း အမှာစကားပြောကြားသည်။ မြို့နယ်ပညာရေးမှူး ဦးကံသောင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းတင်ပြပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် ၂၀၁၄ ခုနှစ် ဧပြီ ၂၂ ရက်မှ မေ ၂၂ ရက်အထိ အခြေခံပညာအထက်တန်းကျောင်း (ပူတာအို) ၌ ဖွင့်လှစ်ခဲ့သည့် မြို့နယ်အခြေပြု နေ့စားလပေးမူလတန်းပြ ဆရာ ဆရာမများ၏ ဆရာဖြစ်အထူးမွမ်းမံသင်တန်းတွင် ထူးချွန်ဆု ပထမဆုရ သင်တန်းသူ မဆန်ဒေါင်နန်ရမ် (ခေါင်လန်ဖူး)၊ဒုတိယဆုရ မဒမေရမ် (နမ်ထွမ်ခူး)၊ တတိယဆုရ မရင်ထန်ခူရ်(အထကခွဲ-လုံရှာယာန်) တို့အား ခရိုင်အုပ်ချုပ်ရေးမှူးက ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ပူတာအိုခရိုင်အတွင်းရှိ ပူတာအိုမြို့နယ်မှ ၃၃ ဦး၊ မချမ်းဘောမြို့နယ်မှ ၁၁ ဦး၊ နောင်မွန်မြို့နယ်မှ ၁၁ ဦး၊ ခေါင်လန်ဖူးမြို့နယ်မှ ၃၃ ဦး စုစုပေါင်း ၉၀ တို့ တက်ရောက်သင်ကြားခဲ့ပြီး ဆွမ်ပရာဘွမ်မြို့နယ်တွင် တာဝန်ကျ ဆရာ ဆရာမများအနေဖြင့် မြို့နယ်ပညာရေးမှူး၏ ခွင့်ပြုချက်ဖြင့် ၎င်းတို့နှင့် နီးစပ်ရာမြို့များတွင် သင်တန်းတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မြန်မာဘောလုံးအကယ်ဒမီအတွက် ရွေးချယ်ခံထားရသော ကစားသမားများ မေ ၂၇ ရက် လာရောက်ရန်နှိုးဆော်ထား

ရန်ကုန် မေ ၂၅

မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)အတွက် ကစားသမား ၄၄ ဦး ရွေးချယ်ထားပြီး ယင်းကစားသမားများကို မေ ၂၇ ရက် အရောက်လာရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နှိုးဆော်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာဘောလုံးအကယ်ဒမီတွင် တစ်နိုင်ငံလုံးမှ အရည်အချင်းရှိသည့် လူငယ်ကစားသမားများပါဝင်လာစေရန် မြို့ကြီးခုနစ်မြို့တွင် ပထမအဆင့်လူရွေးပွဲပြုလုပ်ခဲ့ပြီး မေ ၁၈ ရက်တွင် ရန်ကုန်မြို့၌ နောက်ဆုံးအဆင့် လူရွေးပွဲပြုလုပ်ခဲ့သည်။ ယင်းနောက်ဆုံးအဆင့် လူရွေးပွဲတွင် ကစားသမား ၉၂ ဦးရွေးချယ်ခံခဲ့ပြီး ၎င်းတို့အနက် ၄၄ ဦးကို ရွေးချယ်ခဲ့သည်။ အဆိုပါ ကစားသမားများကို အသက်မှန်ကန်ရေးအတွက် မေ ၂၈ ရက်တွင် စနစ်တကျ စစ်ဆေးသွားမည်ဖြစ်ပြီး MFFမှ စီမံကိန်းဒါရိုက်တာ ဦးစိုးမိုးကျော်၊ MNL တာဝန်ခံ ဦးရဲမျိုးဟိန်းနှင့် တာဝန်ရှိသူများက ရွေးချယ်ပေးသွားမည်ဖြစ်သည်။

မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)အတွက် ရွေးချယ်ခံထားရသော ကစားသမားများမှာ ရဲကျော်ကျော်ထက် (ရန်ကုန်)၊ ရွှေကို (ရန်ကုန်)၊ ဟိန်းနိုင်ဇေ (ရန်ကုန်)၊ ညဏ်လင်းထက် (မန္တလေး)၊ နောင်နောင်စိုး (မြစ်ငယ်)၊ ထက်ရှိုင်း (မန္တလေး)၊ ဝေလင်းဦး (ပြည်ကြီးတံခွန်)၊ ထွေးကိုကို (မဟာနွယ်စဉ်)၊ လမင်းထွေး (ရွှေဘို)၊ ဝေယံစိုး (ရွှေဘို)၊ နိုင်ထွေး (မုံရွာ)၊ ကောင်းခန့်စံ (ဆိပ်ဖြူ)၊ ထွန်းဝဏ္ဏ (ဆိပ်ဖြူ)၊ ဟိန်းထက်အောင် (သရက်)၊ ဝေယံထက် (မော်လမြိုင်)၊ ရဲထက်အောင် (မော်လမြိုင်)၊ ထက်လင်းကိုကို (ရန်ကုန်)၊ ပြည့်ဖြိုးဝင်း (ရန်ကုန်)၊ စည်သူနိုင် (မဟာအောင်မြေ)၊ စောသိန်းလွင်ထွန်း (ချမ်းအေးသာစံ)၊ စည်သူ (မဟာအောင်မြေ)၊ ချမ်းမြေ့အောင် (တောင်ကြီး)၊ ခန့်ဇင် (တောင်ကြီး)၊ သီဟဇော် (တောင်ကြီး)၊ ကျော်ဇေယျာလင်း (တောင်ကြီး)၊ ရန်ကျော်စိုး (ချောက်)၊ ကျော်လင်းထွန်း (ချောက်)၊ ဇေယျာလင်း (ရန်ကုန်)၊ ပြည့်ဖြိုးအောင် (မဟာအောင်မြေ)၊ သီဟအောင် (ယင်းမာပင်)၊ စောကောင်းခန့် (မုံရွာ)၊ ရဲထွန်းနောင်၊ ကျော်ကျော်ထွန်း၊ ရဲရင့်အောင်၊ စိုင်းမင်းသက်၊ ခေါင်ဘုန်းကျော်၊ ခွန်ချစ်ကိုကို၊ ဟန်နိုင်စိုး (တောင်ကြီး)၊ ကျော်စိုးထွန်း (မော်လမြိုင်)၊ ဖြိုးကျော်ကျော် (ရန်ကုန်)၊ ငြိမ်းထက်ကျော် (အမရပူရ)၊ ညဏ်မျိုးအောင် (မူဆယ်)၊ လှိုင်မင်းအောင် (အမရပူရ)နှင့် စိုင်းနောင်နောင် (ဆိပ်ဖြူ)တို့ ပါဝင်ကြသည်။

ရှိုင်းထက်ဇော်

ဖတ်စရာ မှတ်စရာ

ကျော်စိုးဝေ

ပေါ့ပါးသွက်လက်စွမ်းရည်ထက်သည့် Mini Excavator များ

အမှတ် (၁၅)အကြီးစားစက်ရုံ (သာဂရ)သည် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန၏ လက်အောက်တွင်တည်ရှိပြီး ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရတွင်တည်ရှိသည်။ ရန်ကုန်-မန္တလေးလမ်းဟောင်း ရန်ကုန်-မန္တလေးအမြန်လမ်း၏ကြား ဗဟိုတည့်တည့် သုံးမိုင်စီအကွာ၌ တည်ရှိသော စက်ရုံဖြစ်ပါသည်။

စက်ရုံကြီးအား စတင်တည်ထောင်ဖွင့်လှစ်စဉ်ကပင် ကိုယ့်အားကိုယ်ကိုး၍ နည်းပညာများတိုးတက်ရရှိစေရန် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ စက်ရုံအနေဖြင့် အဓိက Design ပြုလုပ်ထားသည်မှာ 22Ton Bulldozer များဖြစ်သည်။ Bulldozer ၏ Chassics ပိုင်း၊ ဆက်စပ်ပစ္စည်းများဖြစ်သော Component များနှင့် Cabin ပိုင်းတို့အားထုတ်လုပ်ခဲ့ပါသည်။ ၎င်းမှစတင်၍ Excavator များကို တိုးချဲ့ထုတ်လုပ်ခဲ့ပါသည်။ ထုတ်လုပ်ခဲ့ပြီး 29 Ton Excavator များ၊ Vibratory Soil Compactor များ အဆင့်ဆင့်ထုတ်ကုန်အမယ်အသစ်များ တိုးချဲ့ထုတ်လုပ်လာခဲ့ပြီး ဝန်ချီစက် Forklift အထိ ဈေးကွက်ဝင်ထုတ်လုပ်နိုင်ခဲ့ပါသည်။

စက်ရုံ၌ ထုတ်လုပ်ခဲ့သော 22 Ton Bulldozer များ၊ 29 Ton Excavator များ၊ Vibratory Soil Compactor များ၊ Forklift များအနက်မှ ဈေးကွက်အတွင်း လူမှုပတ်ဝန်းကျင်အဝန်း MI(2)ဟူသော စာတန်းကလေးဖြင့် သွက်လက်လှုပ်ရှားလုပ်ငန်းခွင်ဝင်နေသည့် 3.5 Ton (0.11 m3) Mini Excavator ကလေးများဖြစ်ပါသည်။ ရန်ကုန်မြို့တော်ကြီး၏ ရေစီးရေလာကောင်းမွန်ရေးအတွက်လည်းကောင်း၊ အမှိုက်သရိုက်များဖယ်ရှားရာတွင် လည်းကောင်း၊ Contrect လမ်းငယ်များဖောက်ထွင်းခြင်း၊ လမ်းမကြီး၏ Car Parking လမ်းပခုံးချဲ့ထွင်ခြင်းလုပ်ငန်းများတွင် Mini Excavator များသည် အလွန်အသုံးဝင်စွာ ရန်ကုန်မြို့တော်လူထုအတွက် တာဝန်ကျေပွန်စွာလုပ်ဆောင်ပေးနေသော MI(2) Mini Excavator များ တွေ့မြင်နေရပါသည်။

Mini Excavator ဖြစ်သည့် အားလျော်စွာ အလေးချိန်လျှော့ချ၍ ဆီစားနှုန်းသက်သာစေရန် တည်ဆောက်ထားပါသည်။ Engine အား 3TNV 88 သုံးလုံးထိုး Yanmar Engine Brand New များ တပ်ဆင်ထားပြီး 3.5 Ton Gross Weight ခန့်သာရှိပါသည်။ ယခင်က Chain Type မထုတ်လုပ်မီက ရန်ကုန်မြို့တော်ကြီးအတွက် ရည်ရွယ်ကာ Rubber Slipper Type များ ထုတ်လုပ်ခဲ့ပါသော်လည်း ရေမြေရာသီဥတုနှင့် ကိုက်ညီသော Chain Type များကိုသာ ပြောင်းလဲထုတ်လုပ်လာသည်ကို တွေ့ရပါသည်။

ရန်ကုန်မြို့တော်ကြီးအတွက် တာဝန်ကျေရုံသာမက မန္တလေးမြို့တော်တစ်ခွင်၌လည်း ရေနီမြောင်းအား ရှင်းလင်းခြင်း၊ မြို့သစ်တစ်ခွင်၏ ရေစီးရေလာကောင်းရေး ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရပါသည်။ ထို့ပြင် နေပြည်တော်တစ်ခွင်၌လည်း ကွန်ကရစ်လမ်းများဖျက်ရာတွင် လည်းကောင်း၊ ရေထုတ်မြောင်းရေသွယ်ပိုက်နေရာချခြင်း စသည့် လုပ်ငန်းခွင်များတွင် ယန္တရားဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်နေသည်ကို မြင်တွေ့နေရပါသည်။

မြောင်းကြား၊ ရွှံ့ကြားထဲတွင် ပေတူးနေသော MI(2) Mini Excavator တို့အား လယ်မြေရွှံ့နွံများအကြားတွင် ထွန်ယက်နေသော ကျွဲပေါက်ကလေးအလား တဝုန်းဝုန်းတပွက်ပွက်နှင့် မရပ်မနားဘဲ Operator သာ ပြောင်းသွားသည် Mini Excavator လေးကတော့ ကြံ့ကြံ့ခိုင်ပြီး ရွှံ့နွံတွေသယ်နေတာကို မြင်တွေ့နေရသော မြင်ကွင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စွမ်းဆောင်မှုအောက်မှာ အထင်းသားရှိနေပါသည်။

စက်ကလေးက သေးသည်။ ဆီစားနှုန်းသက်သာသည်။ စွမ်းဆောင်ရည်က မြင့်သည့်အတွက် သုံးစွဲသူအကြိုက်ဖြစ်ရသည်။ သို့သော် လူပုဂ္ဂိုလ်များ၏ တစ်ဦးချင်းအသုံး မကိုက်သည့်အတွက် ပုဂ္ဂလိကဝယ်လိုမှုအားနည်းသည်ကို တွေ့ရသည်။ သို့သော် လူလုပ်အားနှင့် အရင်းပြုပြီး နေ့စဉ် လုပ်ငန်းတွေ၊ ရာသီအလိုက်အချိန်ပေါ်လုပ်ရသောလုပ်ငန်းများတွင် သုံးစွဲနေသည်ကို တွေ့ရပါသည်။ မွန်ပြည်နယ်ဘက်မှ ဆားချက်လုပ်ငန်းတွင် သုံးနေကြပါသည်။ ပင်လယ်ရေကို နေလှန်းဆားတွင်းအရောက်သွယ်ဖို့ ရေသွယ်မြောင်းတူးသည့် လုပ်ငန်းများတွင် အသုံးပြုပြီး ဆားကြမ်းများကို Mini Excavator ရှေ့၌ တပ်ဆင်ထားပြီး မြေထိုးကော် (Dozer Blade)လေးက ဆားကြမ်းသိမ်း၊ ဆားကြမ်းစုပုံခြင်းလုပ်ငန်း၌ သုံးနေသည်ကို တွေ့ရပါသည်။

ဤကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးသို့ ရောက်သွားချိန်တွင် ရော်ဘာပင်များအောက်ခြေတွင် တောရှင်းသည့်အလုပ်၊ ပေါင်းမြက်ရှင်းသည့်အလုပ်များတွင် လုပ်သားအင်အားမလိုဘဲ ရှင်းလင်းနေတာကို တွေ့ရပြန်ပါသည်။ နေရာပေါင်းစုံဘက်ပေါင်းစုံမှ အသုံးဝင်သည့် Mini Excavator လေးကိုတွေ့ရသည့်အတွက် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့်ယန္တရားလေးကို ခင်တွယ်မိရပြန်ပါသည်။ မည်သို့ပင် ခေတ်ပြောင်းပြောင်းတိုးတက်လာသော လူနေမှုစနစ်နှင့်အညီ ထုတ်လုပ်ထားသည့် Mini Excavator လေးမှာ မြန်မာပြည်တွင် အလှဆင်ယဉ်နေတုန်းပင်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

"ဂုဏ်ယူဝမ်းမြောက်ခြင်း"

TOSTA GROUP LTD. ၏ နှစ်(၂၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အား ၂၃-၅-၂၀၁၄ရက် Western Park Royal တွင် ကျင်းပပြုလုပ်ကြောင်း သိရှိရပါသဖြင့် ဒါရိုက်တာများနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

(၁) ဦးသာအေး	Nile Industries Co.,Ltd.	(၉) ဦးကျင်တီ	ချမ်းသာဆောက်လုပ်ရေး
(၂) ဦးစိုးမြင့်	High Rise Co.,Ltd.	(၁၀) ဦးနေလင်းဇင်	Excel International Trading Co.,Ltd.
(၃) ဦးကျော်ကျော်ဦး	Steel King Co.,Ltd.		
(၄) ဦးသူရအောင်	အောင်မြင်ပြည့်စုံကုမ္ပဏီ	(၁၁) ဦးမျိုးဝင်း	ဝင်းရွှေရည်ဆောက်လုပ်ရေး
(၅) ဦးကိုကိုလေး	Three Friends	(၁၂) ဒေါ်သီတာ	ရတနာဘိလပ်မြေ
(၆) ဒေါ်အေးလှသူ	ထွဋ်ခေါင်မိသားစု ဆောက်လုပ်ရေး	(၁၃) ဒါရိုက်တာများ	Super Builders Corporation Public Company Ltd.
(၇) ဦးစံသိန်း	Glory Success Co.,Ltd.	(၁၄) စိုးအောင်ဘရားသား	လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေး
(၈) Dr.ဇော်ထွန်း	ယူနီဗာဆယ် ဆောက်လုပ်ရေး	(၁၅) ဦးသောင်း	ရန်ကုန်ထရန်စဖော်မာ

ငွေ ကြယ်

ကျူပီအာအသင်း ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ပြန်လည်ရရှိ

လာမည့်နှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ တန်းတက်နိုင်ရေးအတွက် ချန်ပီယံရှစ်အသင်းနှစ်သင်းဖြစ်သည့် ဒါဘီအသင်းနှင့် ကျူပီအာအသင်းတို့သည် ရှုံးထွက်ပွဲစဉ်အဖြစ် ဝင်ဘလေကွင်းကြီးထဲတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ကျူပီအာအသင်းက ဇာမိုရာ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ဒါဘီအသင်းအား တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ကျူပီအာအသင်းသည် ဆင်ဆန်၊ ဘာတန်၊ ဒွန်နီ၊ အိုနေးလ်၊ အောက်စတင်၊ ကရန်ဂျာစသည့် ကစားသမားများကို အသုံးပြုကာ ပွဲထွက်လာခဲ့ပြီး ပွဲကစားချိန် မိနစ် ၉၀ တွင်သွင်းယူပေးခဲ့သည့် ဇာမိုရာ၏ သွင်းဂိုးဖြင့် ဒါဘီအသင်းကို အနိုင်ရရှိကာ ကျူပီအာအသင်း ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ထိုသို့ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ခြင်းကြောင့် ကျူပီအာအသင်းပိုင်ရှင် တိုနီဖာနန်ဒက်စ်က နွေရာသီ အပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုတွင် ငွေကြေးအမြောက်အမြားသုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေးဗစ်လုဇ်နေရာတွင် အစားထိုးရန် ဗာရာနီအား ချယ်လ်ဆီးပစ်မှတ်ထား

ပရီမီယာလိဂ်ကလပ်ချယ်လ်ဆီးအသင်းသည် နောက်တန်းကစားသမား ဒေးဗစ်လုဇ်အား ပြင်သစ်ကလပ်ပီအက်စ်ဂျီအသင်းသို့ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဖြင့် ရောင်းချရန် သဘောတူညီခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုအနေဖြင့် ဒေးဗစ်လုဇ်နေရာတွင် အစားထိုးရန်အတွက် ရီးယဲလ်မက်ဒရစ်လူငယ်ကစားသမား ဗာရာနီအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၁ ခုနှစ်အတွင်းက နောက်တန်းကစားသမား ဗာရာနီအား စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ပြီး ယခုနှစ်အစောပိုင်းကမူ ဗာရာနီသည် ကမ္ဘာ့အကောင်းဆုံးလူငယ်ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။ အသက်(၂၁)နှစ်အရွယ်ရှိ ဗာရာနီသည် နည်းပြအန်ဆယ်လော့တီ လက်ထက်ဖြစ်သည့် ယခုနှစ်ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရရခြင်းကြောင့် အသင်းမှ ထွက်ခွာရန်စီစဉ်လျက်ရှိပြီး မော်ရင်ဟိုအနေဖြင့် ဗာရာနီအား စတမ်းဖို့ဒ် ဘရစ်ချ်သို့ ခေါ်ယူရန် ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။

ဆောက်လုပ်ဆဲ စာသင်ကျောင်း လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီး

ဖျာပုံ မေ ၂၅

ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ဆိပ်မကျေးရွာအုပ်စု ငါးတန်ဆည်ကျေးရွာ၌ ယနေ့ ညနေ ၃ နာရီခွဲက လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာ ကျေးရွာအတွင်း ဆောက်လုပ်ဆဲ ကိုယ်ထူကိုယ်ထ အမက(တွဲဖက်) စာသင်ကျောင်း အလျား ၃၀ ပေ×အနံ ၂၀ပေ၊ အမြင့် ၁၀ ပေ အုတ်ဖိနပ် သစ်သားတိုင်၊ဓနိမိုး ထရံကာစာသင်ကျောင်း ပြိုကျပျက်စီးသွားကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ချိန်တွင် စာသင်ကျောင်းပေါ်သို့ တက်ရောက်၍ ဓနိမိုးနေကြသည့် ဦးခင်မြင့် (၅၂) နှစ်၊ ဦးသိန်းဆင့် (၇၀)နှစ်၊ ကိုမိုးကျော် (၃၂) နှစ်၊ဦးမင်းစိုး (၄၂) နှစ်တို့ ဒဏ်ရာအသီးသီးရရှိသွားပြီး စာသင်ဆောင်အမိုးအောက်မှ ဓနိပေးသူ မလဲ့လဲ့ငွေ(ကိုယ်ဝန်ဆောင်) (၃၀) နှစ်သည်ထိတ်လန့်မူးမေ့သွား သဖြင့် ဆိပ်မကျေးရွာ ကျန်းမာရေးဆေးခန်း၌ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

(ပုသိမ်လှကြည်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

အလုံမြို့နယ် အလုံလမ်းနှင့်ပြည်လမ်းဆုံမီးပွိုင့်အနီး အလုံလမ်းပေါ်တွင် မေ ၂၄ ရက် ည ၁၁ နာရီခန့်က ကိုယ်ပိုင်ယာဉ်တစ်စီး ပက်လက်အနေအထား ဖြင့် တိမ်းမှောက်နေသည်ကိုတွေ့ရစဉ်။ **(ဝ၃၇)**

လှိုင်သာယာ၌ ယာဉ်ငါးစီးဆက် တိုက်မှုဖြစ်ပွား

ရန်ကုန် မေ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားလမ်းမကြီးတွင် (Good Brother) လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီမှ ယာဉ်တစ်စီးက ယာဉ်လေးစီးအား ဆက်တိုက်ဝင်ရောက်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားလမ်းအတိုင်း မြောက်မှ တောင်သို့ (Good Brother) ယာဉ်မောင်း ဇော်မင်းဦး (၃၇)နှစ် လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၂ဂ/. . ကင်ဒါဘောက်အဖြူ ရောင်(၄ား) ယာဉ်သည် နဝဒေးဈေးလမ်းထိပ်အရောက် တစ်ဖက်ယာဉ်ကြောမှ ကျော်တက်မောင်းနှင်စဉ် မျက်နှာချင်းဆိုင်မှ ကိုဇော်မြင့်အေး မောင်းနှင်လာသော ၇က/. . ကရီနာဗင်အဖြူရောင် (ပိုင်)ယာဉ်အားတိုက်ပြီး ဆက်မောင်း သွားစဉ် နဝဒေးအိမ်ရာအဝင်လမ်းထိပ်အရောက် မျက်နှာချင်းဆိုင်မှ ကိုစောသာဆေး မောင်းလာသော ၈ဂ/. . . . တောင်းအေ့ အဖြူရောင်(ပိုင်)ယာဉ်အား ထပ်မံတိုက်ပြီး မောင်းပြေးစဉ် နဝဒေးအိမ်ရာတိုက် (၈)ရှေ့အရောက် လမ်း၏ ယာဘက်ဘေးတွင် ရပ်ထားသော ကိုဆန်းမင်း မောင်းသော BB/ . . . ပရိုဘောက်အဖြူရောင် အငှားယာဉ်အား နောက်မှ ဝင်တိုက်သဖြင့် ပရိုဘောက်ယာဉ်မှာ တိုက်မိသောအရှိန်ဖြင့် ၎င်းရှေ့တွင်ရပ်ထားသော ကိုရန်နိုင်မောင်းနှင်သည့် ၇က/ . . ဘီအမ်အဝါကျားရောင် အငှားယာဉ်အား ထပ်မံတိုက်မိသဖြင့် ယာဉ်ငါးစီးပျက်စီးသွားသည်။ အခင်းဖြစ်နေရာသို့ လှိုင်သာယာမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၁၇)မှ ရဲအုပ်ဝင်းငွေးနှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာဉ်မောင်း ဇော်မင်းဦးအား စစ်ဆေးရာ အရက်များအလွန်အကျွံသောက်စားကာ ယာဉ်မောင်းနှင်လာကြောင်း သိရသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

စာတည်းမှူးထံ ရောက်ရှိလာသော ပေးစာများ

ဒေါ်သိန်းတင်လမ်းပေါ်က ဆူညံသံများ

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး ဒေါ်သိန်းတင်လမ်း လူအိုရုံဘေးတွင် ညဘက်ဖွင့်သော လေထိုးကျွတ်ဖာနှင့် အသုပ်စုံဆိုင်သည် ည ၂ နာရီ၊ ၃ နာရီအထိဖွင့်ကာ သီချင်းကိုဆူညံစွာဖွင့်ခြင်း၊ စားသောက်သူများ၏ ဆူညံစွာ ငြင်းခုံရန်ဖြစ်သံများ၊ ကားဘီးခွေများ ကတ္တရာလမ်းပေါ်ပစ်ချသောအသံများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ၊ ကျောင်းသား ကျောင်းသူများအတွက် အိပ်မရဖြစ်ကာ အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **(ပတ်ဝန်းကျင်ပြည်သူများ)**

လူနေရပ်ကွက်မှ စက္ကူလုပ်ငန်းများ ဖယ်ရှားပေးစေလို

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် (၅၆)လမ်းတိုတွင် ပုံနှိပ်စက္ကူလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ လမ်းအတွင်းစက္ကူကားများအဝင်အထွက်ရှိ၍ လမ်းသွားလမ်းလာနှင့် ယာဉ်ဝင်ယာဉ်ထွက်မှုအခက်အခဲရှိသည့်အပြင် အဆိုပါ စက္ကူများကိုသိုလှောင်ထားပါသဖြင့် မီးဘေးအန္တရာယ်ရှိခြင်းတို့ကြောင့် လမ်းသူလမ်းသားများ စိုးရိမ်ပူပန်မှု နေ့စဉ်ရှိနေရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ စိစစ်၍ သတ်မှတ်ထားသောစက်မှုလုပ်ငန်းနေရာတွင် ပြောင်းရွှေ့ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(လမ်းသူလမ်းသား)

လိုင်စင်မဲ့လုပ်ကိုင်လျက်ရှိသော ဆိုင်နှစ်ဆိုင် ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် အမှတ်(၁၇) စာသင်ကျောင်းဝင်းရှေ့ ဒလ-တွံတေးကားလမ်းမကြီးဘေးတွင် ဆရာချိအေးပန်းပဲဖိုမှ သံထည်အမျိုးမျိုးလုပ်ငန်းနှင့် ရွှေထွန်းသံပန်းသံတံခါး ဝရိန်ဆိုင်တို့မှ နေ့စဉ် လျှပ်စစ်မီးအားများကို အလွန်အကျွံသုံးစွဲ၍ ဖြတ်စက်ဖြင့် စတီးချောင်းများဖြတ်ခြင်း၊ ကျောက်စက်စားခြင်း၊ ဝရိန်ဆော်ခြင်းတို့ကြောင့် ဈော်နံ့ပြင်းထန်ခြင်း၊ မီးဘေးစိုးရိမ်နေရခြင်း၊ ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ဒုက္ခကြီးစွာနေ့စဉ်ခံစားနေရပါသဖြင့် တားဆီးပိတ်ပင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(ဆူညံသံနှင့်ဈော်နံ့မခံနိုင်သူများ)

လျှပ်စစ်အန္တရာယ်၊ မီးဘေးအန္တရာယ် ရှင်းလင်းပေးစေလို

မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် လမ်း (၁၂၀) အမှတ် (၄၆) (ဘယ်ဘက်) မြေညီထပ်တွင် ပလတ်စတစ်အဟောင်းများနှင့် ကတ်ထူစက္ကူအဟောင်းများကို သိုလှောင်၍ နေ့စဉ်ရောင်းဝယ်ဖောက်ကားသိုလှောင်ထားခြင်းကြောင့် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသည်။

ထို့အပြင် ကတ်ထူစက္ကူများ အတင်အချပြုလုပ်ရာမှ ထွက်ပေါ်လာသော အမှုန်အမွှားများမှာလည်း အနီးပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ ကူညီဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

(ပတ်ဝန်းကျင်နေထိုင်သူများ)

ကြော်လှော်နေသည့် အညော်နံ့များ နေ့စဉ်ရှူရှိုက်နေရ

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် စံပြဈေး ငမိုးရိပ်(၄) လမ်းထိပ် လူသွားလမ်း ပလက်ဖောင်းပေါ်၌ ငါးပိ၊ ငါးခြောက်၊ ကြက်သွန်နှင့်ဆတ်သားခြောက်များ၊ ငရုတ်သီးများ နေ့စဉ်ကြော်လှော်နေမှုကြောင့် အညော်နံ့ကို သက်ကြီးရွယ်အိုများ၊ကလေးသူငယ်များ၊ လမ်းသွားလမ်းလာများ နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးအတွက် စိုးရိမ်နေရသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြပါသည်။

(အညော်နံ့မခံနိုင်သူများ)

ဦးအောင်ဝင်း
LCCI သင်တန်းများ ...
June-14(Sat) ... Aircon ...
LCCI
ဖုန်း-01-371741, 240824, 381350

GOLDEN STAR
ကျိုက်ထီးရိုး/ချောင်းသာ
ငွေဆောင်
209200
430480
544383
703446

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ၏
"သမိုင်းကို သက်သေတည်၍"
"ပျော်ရွှင်အောင်မြင် လှပ်ငန်းခွင်မှာ"

Certificate of Hair Design
• Basic Hair Cutting
• Basic Hair Perming
• Basic Hair Coloring
• Health & Safety
• Basic Barbering
• Basic Hair Styling
• Beauty Illustration
• Hair Science

Early Bird 22% OFF
JULY INTAKE

STI MYANMAR UNIVERSITY
www.stiedu.net

SEO KYEONG UNIVERSITY
www.skuniv.ac.kr

Certificate of Beauty Therapy
• Basic Facial Treatment
• Basic Body Treatment
• Anatomy & Physiology
• Health & Safety
• Electrical Facial Treatment
• Hair Depilation
• Foot Reflexology
• Dermatology

Certificate of Make-up
• Basic Make-up
• Advanced Make-up
• Art Make-up
• Make-up Illustration

NEW CAMPUS:
Building-10, MICT Park
Hlaing Campus, Yangon.
TEL: 377988, 507151/52
09250064451, 0931702299
09420254872

မန္တလေးအဝေးပြေးကားကွင်းမှ ထွက်ခွာသည့် ခရီးသည်တင်ယာဉ်များအား နေ့စဉ်စစ်ဆေး

အဝေးပြေးယာဉ်လိုင်းမှ ယာဉ်တစ်စီးအား ပူးပေါင်းအဖွဲ့မှ စစ်ဆေးရေးများ စစ်ဆေးနေစဉ်။

မန္တလေး၊ မေ ၂၅

အဝေးပြေး ယာဉ်လိုင်းများအား မန္တလေးမြို့ထွက် တံခွန်တိုင်အပိုင်းနှင့် ကားကွင်းအတွင်း၌ ပူးပေါင်းအဖွဲ့များဖြင့် သတ်မှတ် စည်းကမ်းများ လိုက်နာမှု ရှိ-မရှိကို မေ ၁၂ ရက်မှ စတင်စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

ထိုသို့ လုပ်ဆောင်ခြင်းသည် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် ရည်ရွယ်ကြောင်းသိရသည်။

"ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်တွေက များသောအားဖြင့် ယာဉ်မောင်းတွေပေါ်မူတည်ပါတယ်။ ယာဉ်လိုင်းပိုင်ရှင်၊ ယာဉ်ပိုင်ရှင်တွေအနေနဲ့ ယာဉ်မောင်းတွေကို စည်းကမ်းလိုက်နာပြီး ခရီးသည်တွေ ဘေးကင်းအောင် ယာဉ်ကြံ့ခိုင်မှုကအစ ဂရုစိုက်မောင်းနှင်ကြဖို့နဲ့ သတ်မှတ်ယာဉ်မောင်းလိုင်စင်ရှိသူတွေဖြစ်ဖို့ အနီးကပ်လုပ်ပေးသင့်တယ်"ဟု ၎င်းက အကြံပြုပြောကြားသည်။

မန္တလေး၊ ချမ်းမြေ့ပြည် အဝေးပြေး ယာဉ်ရပ်နားစခန်းမှ ထွက်ခွာ/ဝင်ရောက်လာသော ခရီးသည်တင်ယာဉ်များတွင် မီးသတ်ဆေးဘူးပါရှိရန်၊ ယာဉ်ကြံ့ခိုင်မှုရှိရန် လုပ်ငန်းလိုင်စင်၊ သတ်မှတ်သည့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်မောင်းနှစ်ဦး၊ ယာဉ်နောက်လိုက်တို့ ပါရှိရန်၊ အရက်သေစာ သောက်စားခြင်း ရှိ၊ မရှိ တို့ကို ပူးပေါင်းအဖွဲ့များဖြင့် နေ့စဉ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"အဝေးပြေး ယာဉ်လိုင်းတွေသာမက မြို့ထဲမှာ ပြေးဆွဲနေတဲ့ ကိုယ်ပိုင်ယာဉ်တွေ အပြင် အငှားယာဉ်နဲ့ ဘတ်စ်ကားတွေကိုလည်း နေ့စဉ်အဖွဲ့သုံးဖွဲ့နဲ့ စစ်ဆေးနေတယ်"ဟု ၎င်းက ပြောသည်။

"သတ်မှတ်တဲ့နေရာမှာ ရပ်နားဖို့၊ လုပ်ငန်းလိုင်စင်၊ ယာဉ်မောင်းလိုင်စင်ဒါတွေကို စစ်နေတယ်၊ ယာဉ်တွေနှစ်ထပ်ရပ်တာတွေကိုလည်းအရေးယူတယ်။ ဘတ်စ်ကား တွေဆိုရင် သတ်မှတ်တဲ့နေရာတွေမရပ်တာမျိုးတွေဆိုရင်အရေးယူနေပြီ၊ ကုန်တင်ခေါက်တိုကားတွေလည်း အပါအဝင် စစ်ဆေးပါတယ်" ဟု အဆိုပါ စစ်ဆေးရေးအဖွဲ့ဝင်က ပြောသည်။

မြို့တွင်း၌ မေ ၁ ရက်မှ ၁၉ ရက်အထိ သတ်မှတ်စည်းကမ်းမလိုက်နာ၍ အရေးယူခဲ့သည့် ယာဉ်အစီးအရေ ၇၄ စီးရှိပြီး အဝေးပြေးခရီးသည်ယာဉ်များကို မေ ၁၂ ရက်မှ ၁၉ ရက်အထိ စစ်ဆေးခဲ့သည့် အစီးရေမှာ ၁၃၁ စီးရှိကြောင်း ၎င်းအဝေးပြေးယာဉ်များတွင် သတ်မှတ်စည်းကမ်းနှင့်မကိုက်ညီသည့် ယာဉ်နှစ်စီးတွေ့ရှိခဲ့၍ ပညာပေး ပြောကြားခဲ့ကြောင်း ပညာပေးကာလကျော်လွန်ပြီး လာမည့်ဇွန်လမှစတင်၍ အရေးယူမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းသူတို့သည် ယာဉ်ဂိတ်များမှ စတင်ထွက်ခွာစဉ် သောက်စားထားခြင်းမရှိ သော်လည်း အမြန်လမ်းဝေးပြေးလမ်းများပေါ်မှ ယာဉ်ရပ်နားစခန်းများ၊ လမ်းများ၌ အရက်သေစာများသောက်စားမောင်းနှင်ကြခြင်းများ ရှိနိုင်သဖြင့် ထိုသို့ပြုလုပ်ခြင်းမျိုးကိုလည်း ရှောင်ရှားသင့်ကြောင်း အဝေးပြေး ခရီးသွားပြည်သူတစ်ဦးက သုံးသပ်ပြောသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

နော်ဝေနိုင်ငံအခြေစိုက် တယ်လီနောမိုဘိုင်းကုမ္ပဏီ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှု အခြေအနေများ ကျုံဒိုးမြို့တွင်ရှင်းလင်း

ကျုံဒိုး၊ မေ ၂၅

မြန်မာ့ဆက်သွယ်ရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပနိုင်ငံရှိကုမ္ပဏီများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာ တင်ဒါအောင်မြင်သော နော်ဝေနိုင်ငံအခြေစိုက် တယ်လီနောကုမ္ပဏီ၏ ဝန်ဆောင်မှုအကြိုလုပ်ငန်း ဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန်အတွက် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ရှိ အ-ထ-က မြရတနာအဆောင်တွင် မေ ၂၃ ရက် နံနက် ၁၀ နာရီက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

မိုဘိုင်းဆက်သွယ်ရေး တယ်လီနောကုမ္ပဏီ၏ ကရင်ပြည်နယ်ဆက်ဆံရေးတာဝန်ခံ ဦးမေတ္တာက ဘားအံမြို့တွင် ၎င်းတို့၏ရုံးခွဲဖွင့်ရန်ရှိကြောင်း၊ လက်ရှိထိုင်းနိုင်ငံတွင် အသုံးပြုနေသည့် ဆင်းကတ်နှင့် ဆက်သွယ်ရေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီဖြစ်ပြီး မည်သည့်ဟန်းဆက်နှင့်မဆို ထည့်သွင်းဆောင်ရွက်နိုင်အောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် မိုဘိုင်းဖုန်း ခေါ်ဆိုဆက်သွယ်ရာတွင် တစ်ဦးမှ ငါးဦးအထိ ခေါ်ဆိုချိတ်ဆက်နိုင်ရန်၊ အင်တာနက်စနစ်များ၊ ငွေဖြည့်ကတ်များကို အနိမ့်ဆုံး ၅၀၀ ရှိရုံနှင့် ဝယ်ယူပြောဆိုနိုင်ပြီး၊ လတ်တလော ငွေဖြည့်ကတ်များ ဝယ်ယူရန် အခက်အခဲရှိသူများအတွက် ငွေချေးစနစ်များ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချိတ်ဆက်ပြောဆိုဆောင်ရွက်နိုင်အောင် စသော ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတွင် တာဝါတိုင်းများကို ရှစ်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးလက်ဒေသများပါမကျန် စိုက်ထူပြီးပါက ဆင်းကတ်များကို ၁၅၀၀ နှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ခေါ်ဆိုခနှုန်းထားတစ်မိနစ် ကျပ် ၅၀ မှ ထက်ဝက်ကျော် လျှော့ချပေးမည်ဖြစ်ကြောင်း တာဝန်ခံဦးမေတ္တာကဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံအတွင်းရှိ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် ပြည်သူများ အလုပ်အကိုင်ရရှိအောင် ပါဝင်ဆောင်ရွက်ကူညီပေးမည်ဖြစ်ကြောင်း ဆက်ဆံရေးတာဝန်ခံက ဆက်လက်ပြောကြားခဲ့သည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

ငေါ်ချန်းခ ရေအားလျှပ်စစ်စီမံကိန်း ဆွေးနွေးခြင်းနှင့် ကွန်ပျူတာလှူဒါန်းပွဲကျင်းပ

မြစ်ကြီးနား၊ မေ ၂၅

မေ ၂၃ နံနက် ၉ နာရီတွင် Resource and Enviroment Myanmar ကုမ္ပဏီက ငေါ်ချန်းခ ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းလုပ်ငန်းကို ချီဖွေမြို့နယ်အုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဒေါက်တာဝင်းမော်နှင့်လူမှုဝန်းကျင်ပညာရှင် ဒေါ်ခင်ဥမ္မာထွေးက ငေါ်ချန်းခရေအားလျှပ်စစ်တည်ဆောက်ခြင်းဖြင့် ပေါ်ပေါက်လာနိုင်သည့်ကောင်းကျိုး၊ဆိုးကျိုးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ NGO အဖွဲ့များနှင့်ဒေသခံပြည်သူများ အပါအဝင်လူဦးရေ ၇၀ တက်ရောက်ခဲ့သည်။ Resouce and Enviroment Myanmar ကုမ္ပဏီက ချီဖွေမြို့ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် နိုဇွန်ဘောင် အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ စုစုပေါင်းတန်ဖိုး ငွေ ကျပ် ၆၀၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
Electrical Equipment for 230/132/66/33/11 kV Substation

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
SCADA EMS
Relay and Meter

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဆောင်းပါး

ကျိုးကြောင်းခိုင်လုံမြန်မာ့တိုင်းရင်းဆေးဖုံ

à wifxGt pNwNk iaq;)

ကမ္ဘာပေါ်ရှိ လူဦးရေ ရှစ်ဆယ်ရာခိုင်နှုန်းသည် မိမိရိုးရာအလိုက် တိုင်းရင်းဆေးများကို အမှီပြုသုံးစွဲလျက်ရှိကြရာ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ သီရိလင်္ကာ နိုင်ငံများတွင်သာမက ဥရောပနိုင်ငံများ၊ အမေရိကန်စသည့်နိုင်ငံများတွင်ပါ တိုင်းရင်းဆေးများကို တစ်လှည့်ပြောင်းဆေးပညာအဖြစ် သုံးစွဲလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက် ပေါ်ထွန်းလာသော မြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးသမားတော်ကြီးများ၏ ပြုစုပျိုးထောင်မှု၊ တီထွင်ကြံဆမှုများပေါင်းစည်းပြီး ခက်ခဲနက်နဲသည့် ဆေးကျမ်းအသွယ်သွယ်၊ စွမ်းအင်ထက်မြက်သည့် ဆေးဝါးအဖုံဖုံ၊ တိကျအစွမ်းထက်သည့် ကုထုံးနည်းနာအမျိုးမျိုးတို့၏ ပြည့်စုံကုံလုံကြွယ်ဝလှသော အလွန်သိမ်မွေ့နက်နဲလှသည့် မြန်မာ့ရိုးရာပညာရပ်များအဖြစ် ရပ်တည်ခဲ့သည်။

မြန်မာမင်းများလက်ထက်က ရွှေနန်းတော်ဝင်ဘုရင့်သမားတော်ကြီးများသည် ဘုရင်အပါအဝင် မှူးကြီးမတ်ရာ သေနာပတိတို့နှင့် ပြည်သူများကို ဆေးကုသရာတွင် ဆေးဖက်ဝင်ပစ္စည်းများကို ကိုယ်တိုင်ရှာဖွေ၊ ခွဲစိတ်၊ဖြတ်တောက်၊ ကြိတ်ခွဲ၊ ထုထောင်းသည့်စနစ်ဖြင့် ဆေးဝါးဖော်စပ်ခဲ့ကြသည်။ ဆေးဖက်ဝင်ပစ္စည်းများကို ကျောက်ဆုံ၊ သံဆုံတို့တွင် ထုထောင်းသည့် အဆင့်များမှ ယခုအခါ အဆင့်မြင့်ထုတ်လုပ်မှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆေးဝါးပစ္စည်းများသန့်စင်ခြင်း၊ အခြောက်လှန်းခြင်း၊ ကြိတ်ခွဲခြင်း၊ ဆေးပြား၊ ဆေးလုံး၊ ဆေးတောင့်ပြုလုပ်ခြင်း စသည့်လုပ်ငန်းစဉ်များ အစမှ အဆုံးတိုင် ချောမွေ့လွယ်ကူစွာ ဆောင်ရွက်နိုင်ကြသည့်အတွက် အလွယ်တကူ အဆင်သင့်ပြုလုပ်ပြီး ပစ္စည်းများအဖြစ် ဆေးမှုန့်၊ ဆေးပြားများကို ဝယ်ယူသုံးစွဲသည့် အလေ့အထရှိလာကြသည်။

ပြည်သူအများ ယုံကြည်ကိုးစား အားထားသုံးစွဲမှု များပြားလာသဖြင့် သုံးစွဲသောတိုင်းရင်းဆေးဝါးများ၏ အရည်အသွေးမှန်ကန်မှု အကျိုးသက်ရောက်အစွမ်းထက်မြက်မှုရှိရန် ဆေးဝါးများဖော်စပ်ရာတွင် ကျိုးကြောင်းခိုင်လုံသောဆေးဖုံ (Evidence Based Medicine) ဖြစ်စေရန် အရေးကြီးပုံကို တင်ပြပါသည်။

ဆေးဝါးများကို ဖော်စပ်အသုံးပြုမှုတွင် သစ်ပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ မြေထွက်ပစ္စည်းဟူ၍ အုပ်စုလေးမျိုးရှိပြီး အသုံးပြုမှု ပမာဏနှင့်ပတ်သက်၍ သစ်ပင်ထွက်ပစ္စည်းများအနေဖြင့် အများဆုံးပမာဏဖြစ်ပြီး တိရစ္ဆာန်ထွက်ပစ္စည်းအနေဖြင့် ဒုတိယအများဆုံးနှင့် အခြားအုပ်စုအမျိုးအစားများကို အနည်းဆုံး အသုံးပြုကြောင်း လေ့လာတွေ့ရှိရပေသည်။

အာနိသင်ထက်မြက်သော ဆေးဝါးများရရှိရန် ဆေးဖက်ဝင်ပစ္စည်းများကို ရယူစုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ဖော်စပ်ခြင်းနှင့် ထုပ်ပိုးခြင်းများစနစ်ကျရန် လိုအပ်သောဆေးဝါးကုန်ကြမ်းများ ရယူရာတွင် မြန်မာ့တိုင်းရင်းဆေးပညာဥပဒေအဖြစ် အရည်နှင့်တကွ ဆေးကိုရယူလိုပါက အရည်ဓာတ်ပြည့်စုံသည့်ကာလ (သီတင်းကျွတ်၊ တန်ဆောင်မုန်း) သရဒရတုတွင်လည်းကောင်း၊ ဓာတ်နုတ်ဆေး၊ အန်ဆေးတို့အတွက် ရယူလိုပါက ပူသောရာသီ (ဝသန္တရတု-တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှ ကဆုန်လပြည့်နေ့အထိ နှစ်လအတွင်း) တွင်လည်းကောင်း၊ ဆေးဝါးပစ္စည်းအစိတ်အပိုင်းများနှင့် စပ်လျဉ်း၍ အသီး၊ အခေါက်၊ ပင်စည်၊ အမြစ်၊ အနှစ်၊ အစေး၊ အရွက်၊ အဆီ၊ အသီး၊ အပွင့်စသည့် အသွင်အမျိုးမျိုးဖြင့် ရှေးသမားတော်ကြီးများ၏ စနစ်တကျ စည်းကမ်းသတ်မှတ်ချက်အတိုင်း အသုံးပြုကြသည်။

> သုတေသနနည်းစဉ်ဖြစ်သည့် အသုံးပြုဖော်စပ် ဆေးဖက်ပစ္စည်းများ၏ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်၊ အသီးတို့၏ ရူပ၊ ဓာတုအရည်...

ဆေးဝါးကုန်ကြမ်းများသိုလှောင်ခြင်းနှင့် စပ်လျဉ်း၍ နရသုခိအပါအဝင် တိုင်းရင်းဆေးကျမ်းကြီးများတွင် 'အရှာသာတတ်၊ ထားမတတ် မုချပျက်မည်မှတ်' ဟူသော ဥပဒေသစကားရပ်နှင့်အညီ စုဆောင်းရရှိထားသော ဆေးဝါးပစ္စည်းများကို စင်ကြယ်အောင်သန့်စင်ပြီး အေး၍ခြောက်သွေ့နေသော နေရာတွင်ထားရှိခြင်း၊ အချင်းချင်းရောစပ်ခြင်း၊ အတူတကွထားရှိခြင်းကြောင့် ဆေးဝါးအာနိသင်ပျက်ယွင်းစေမှုများ၊ စစ်ဆပ်ပြာ၊ ယမ်းစိမ်း၊ ကန့်တို့ကို ရောစပ်ကြိတ်ခြင်း၊ ချင်း(ဂျင်း)ခြောက်နှင့် ဇဝက်သာ၊ မင်လင်သီး၊ စစ်ဆပ်ပြာ၊ စမုန်နက်၊ မုတ်ခါး၊ ချေးသီး စသည့်ဆေးဝါးပစ္စည်းများရောစပ်ခြင်း၊ တောင်တန်ကြီး၊ ကရမတ်၊ နံ့သာနီစသည့် ဆေးမည်များအချင်းချင်း ပွတ်တိုက်မိခြင်းကြောင့် မီးလောင်စေတတ်ခြင်း၊ သည်းခြေဆေး၊ သွေးဆေးနီ၊ သက်ရင်းကလာပ်စသည့် ဆေးဖက်အချင်းချင်း ထိတွေ့မှုကြောင့် အပူရှိန်ဖြစ်ပြီး မီးလောင်တတ်ခြင်း၊ သိန္ဓော၊ ဆားပုပ်၊ ဇဝက်သာ၊ ပရုပ်၊ မင်သော်တို့၏ အစိုပြန်စေတတ်သည့် သဘာဝရှိခြင်း၊ အနံ့ကူးခြင်း၊ အနံ့စုပ်ယူခြင်းဖြစ်စေတတ်သည့် ဆေးဝါးပစ္စည်းအချင်းချင်း ပေါင်းစပ်စေခြင်းစသည်များ မဖြစ်ပေါ်စေရေးနှင့် အခိုးထွက်ရှိမှု ပြင်းထန်သော ဆေးဝါးများအတွက် အနက်ရောင်ရှိ ပုလင်းများဖြင့်လည်းကောင်း၊ ဆေး၏အာနိသင် ပိုမိုရရှိစေရန် အလင်းရောင်ရရှိမှု နည်းစေသည့် နေရာတွင်လည်းကောင်း၊ ဩဇာဓာတ် လိုအပ်သည့် ဆေးဖက်ဝင်ပစ္စည်းများအတွက် လုံခြုံသော စဉ့်အိုးများတွင် ပိတ်လှောင်ပြီး မြေကြီးတွင် စနစ်တကျ မြှုပ်နှံ၍လည်းကောင်း၊ အနံ့အရသာ ကြာရှည်စွာ တည်တံ့လိုပါက အမှုန့်ထောင်းပြီး အတောင့်၊ အတုံး၊ ကြိတ်ဆေးပုံသဏ္ဌာန်ဖြင့်လည်းကောင်း ထားရှိဆောင်ရွက်အသုံးပြုခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

ဆေးဝါးများ ရယူစုဆောင်းသိုလှောင်ပြီးနောက် အသုံးပြုဖော်စပ်ခြင်းအဆင့်တွင်လည်း အရပ်သုံး၊ အများသုံးဝေါဟာရနှင့် ဆေးဖက်ဆိုင်ရာ သမားသုံးဝေါဟာရတို့ကို ယှဉ်တွဲသိရှိခြင်း (ဥပမာ- ပန်းပေါင်း ၁၀၀၀ သည်ပျားရည်၊ သစ်ရွက် ၁၀၀၀ သည် ဆိတ်ချေး၊ ထင်းပေါင်း ၁၀၀၀သည် ကျပ်ခိုး၊ ငါးပေါင်း ၁၀၀၀ သည် ငံပြာရည်၊ သစ်သီးပေါင်း ၁၀၀၀ သည် ငှက်ချေး) စသည်ဖြင့် ဆေးဝါးအသုံးပြုမှုပစ္စည်းများ မှန်ကန်စွာ အသုံးပြုလျက် ကြိတ်ခွဲခြင်း၊ အမှုန့်ပြုလုပ်ခြင်း၊ ဆေးပြားရိုက်ခြင်းများ အဆင်သင့်ပြုလုပ်ပြီးဖြစ်၍ ခြောက်သွေ့သောနေရာတွင် ထားရှိပါသည်။

အထက်ဖော်ပြပါအတိုင်း အဆင့်ဆင့် စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ဆေးဝါးကုန်ချောများ ရရှိပြီးနောက် သုတေသနနည်းစဉ်များဖြစ်သည့် အသုံးပြုဖော်စပ် ဆေးဖက်ပစ္စည်းများ၏ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်၊ အသီးတို့၏ ရူပ၊ ဓာတုအရည်အသွေး စံညွှန်းပမာဏ၊ ပျော်ရည်အဆင့်တွင် ပျော်ဝင်ဒြပ်များ၊ ဒြပ်ပေါင်းများပါဝင်မှု၊ အလွှာပါးခရိုမက်တိုဂရပ်ဖီ၊ အနီအောက်ရောင်စဉ်၊ ခရမ်းလွန်နှင့်ဖြစ်နိုင်သော ရောင်စဉ်နုတ်ယူမှု တိုင်းတာခြင်းစသည်တို့ကို သုတေသန ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေး စမ်းသပ်ကြသည်။

ဆေးဝါးကုန်ချောများအပေါ် ဓာတ်ခွဲခန်းအတွင်း၌ သုတေသနအပြင်၊ ဆေးဝါးစားသုံးသူများအပေါ် အကျိုးသက်ရောက်မှု ရှိ-မရှိ၊ ဝေဒနာသက်သာပျောက်ကင်းမှု အခြေအနေ၊ ဆင့်ပွားဆိုးကျိုးရှိ-မရှိ၊ လက်တွေ့ဆေးကုသမှုဆိုင်ရာ သုတေသနပြုမှု (Clinical Trial) ကိုပါ စနစ်တကျ ပြုလုပ်ပြီးမှ ရရှိလာသော ရလဒ်များကို စိစစ်သုံးသပ်ပြီးမှ ဝေဒနာပျောက်ကင်းမှု အတိုင်းအတာများအရ ကျိုးကြောင်းခိုင်လုံသည့် ဆေးဝါးအဖြစ် ကောက်ချက်ချနိုင်မည်ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

မြစ်သားမြို့နယ်ရှိအရေးမဆိုကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိ

ကျောက်ဆည်၊ မေ ၂၅

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အထူးသီးသန့်ရန်ပုံငွေဖြင့် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အရေးမဆိုကျေးရွာတွင် ယခင်တွင်းဟောင်းအား ပြန်လည်ပြုပြင်၍ တူးဖော်ပေးမှုကြောင့်ရေချိုရရှိနေပြီဖြစ်ကြောင်း သိရသည်။

"လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ လောက်က သုံးရေအတွက်သာ အသုံးပြုနိုင်တဲ့တွင်းဟောင်းကို ပြန်လည်ပြုပြင်တာပါ။ အရင်ကတော့ရေချိုမရတဲ့တွင်းပါ။ အခု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုရရှိအောင်တူးဖော်ပေးလို့ များစွာပျော်ရွှင်မိပါတယ်။ အရင်က သောက်သုံးရေကို ရွာထိပ်ကဘုန်းကြီးကျောင်းမှာ သွားခပ်ရတာ ခုလောက်လဲရေမပေါ်ဘူးလေ။ အခုရေတွင်းက ရွာလယ်မှာဆိုတော့ အဆင်ပြေတာပေါ့"ဟု အဆိုပါကျေးရွာသားတစ်ဦးက ပြောသည်။

အဆိုပါစက်ရေတွင်းသည် နှစ်လက်မ စက်ရေတွင်းအမျိုးအစားဖြစ်ပြီး အနက် ၃၈၅ ပေဖြစ်ကာ တန်ဖိုးငွေကျပ် ၁၃သိန်းကုန်ကျခဲ့သည်။ အရေးမဆိုကျေးရွာ၌ အိမ်ထောင်စု ၂၅၅ စု၊ လူဦးရေ ၈၀၀ ကျော် ရှိကြောင်းသိရသည်။

သန်းဇော်မင်း

အခွန်အကောက်ဥပဒေပူတာအိုတွင်ရှင်းလင်း

ပူတာအို မေ ၂၄

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်ဥပဒေများအား အခွန်ထမ်းပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိ နားလည်စေရန်ရှင်းလင်းခြင်းကို ကချင်ပြည်နယ်၊ ပူတာအိုမြို့ ဖုန်ကန်ရာဇိခန်းမ၌ မေ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးဦးထွန်းစိုးက အခွန်ဆိုင်ရာဥပဒေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်မှ ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့သည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်နှင့် ၂၀၁၄ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိလိုသည့် အချက်အလက်များအား မေးမြန်းဆွေးနွေးကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက အသေးစိတ်ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

ဖုန်ကန်(ပူတာအို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

PARADISE PRODUCTS CO.,LTD.

မီတာခနှုန်းထားသစ်များဖြင့် ကောက်ခံမှုများ မရှင်းလင်း၍ မေးမြန်းမှုများလာ

စစ်ကိုင်း၊ မေ ၂၅

မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် ၂၀၁၄ ခုနှစ်၊ ဧပြီ ၁ ရက်မှ စတင်၍ လျှပ်စစ်ဓာတ်အားခ နှုန်းထားများကို နှုန်းထားသစ် ပြင်ဆင်ကောက်ခံရာ သုံးစွဲယူနစ်တွက်ချက်မှုနှင့် ပတ်သက်၍ ရှင်းလင်းမှု မရှိကြသဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးရုံးသို့ လာရောက် မေးမြန်းစုံစမ်းမှုများ ရှိနေကြောင်းသိရသည်။

ယခင်က အိမ်ခြံဝင်းတစ်နေရာတည်းတွင် အိမ်သုံးမီတာ၊ စက်မှုသုံးပါဝါမီတာ မည်မျှပင်ရှိနေသော်လည်း မီတာတစ်လုံးချင်း အလိုက် ဓာတ်အားသုံးစွဲခတောင်းခံပြေစာ ထွက်ရှိကာ ငွေပေးသွင်းစေခဲ့ခြင်းဖြစ်သည်။

ယခု အသစ်ပြင်ဆင်သတ်မှတ် ကောက်ခံသည့်စနစ်သစ်အရ တစ်နေရာတည်းတွင် အိမ်သုံးမီတာ၊ စက်မှုသုံးပါဝါမီတာများ တစ်လုံးထက် ပိုမိုတပ်ဆင် အသုံးပြုပါက သုံးစွဲယူနစ်များအား ဓာတ်အားသုံးစွဲခ တောင်းခံပြေစာ တစ်စောင်တည်းတွင် ထည့်ပေါင်းတွက်ချက်ပြီး တောင်းခံကြောင်း သိရသည်။

ထိုသို့ ဓာတ်အားခ တောင်းခံလွှာတစ်စောင်တည်းတွင် မီတာခ ထည့်ပေါင်းတွက်ချက် တောင်းခံသည့်စနစ်သစ်ကြောင့် ဓာတ်အားသုံးစွဲခများကို ပိုမိုပေးဆောင်ကြရမည်ဖြစ်၍ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ လာရောက် မေးမြန်းစုံစမ်းကြခြင်းဖြစ်ကြောင်း သိရသည်။

"အိမ်တစ်ဝင်းထဲမှာ ညီအစ်ကိုမောင်နှမ မိသားစုနှစ်စုနေတော့ လျှပ်စစ်မီတာနှစ်လုံး တပ်ထားကြတယ်။ ကိုယ့်မိသားစုသုံးတဲ့ ဓာတ်အားခကို ကိုယ့်ဖာသာ ပေးဆောင်ခဲ့ကြတာပါ။ အခု စနစ်သစ်အရ တစ်နေရာတည်းမှာ မီတာနှစ်လုံးရှိတဲ့အတွက်ဆိုပြီး တောင်းခံလွှာတစ်စောင်ထဲမှာ ထည့်ပေါင်းပြီး တောင်းတယ်။ အရင်က ကိုယ့်မိသားစုသုံးစွဲတာက ယူနစ်တစ်ရာမကျော်တော့ ၃၅ ကျပ်နှုန်းနဲ့ ငွေသွင်းလိုက်ရုံပဲ။ အခု မီတာနှစ်လုံးကို ပေါင်းတွက်လိုက်တော့ မီတာယူနစ်က တစ်ရာကျော်သွားပြီး ကျပ် ၄၀ နှုန်းနဲ့ သွင်းရတော့ ငွေပိုကုန်လာတယ်။ ငွေပိုသွင်းရတာ မများလှန်းပေမယ့် ဒီစနစ်က မိသားစုတွေအကြားမှာ အဆင် မပြေမှုတွေ၊ စိတ်သဘောကွဲလွဲမှုတွေ ဖြစ်လာနိုင်လို့ စိုးရိမ် မိတယ်" ဟု မြို့သစ်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ယခု ပြင်ဆင်သတ်မှတ်သည့် ဓာတ်အားခ နှုန်းထားစနစ်သစ်အရ အိမ်သုံးမီတာများအား တစ်ယူနစ်မှ ယူနစ် ၁၀၀ အထိ ၃၅ ကျပ်နှုန်း၊ ၁၀၁ ယူနစ်မှယူနစ် ၂၀၀ အထိ ကျပ် ၄၀ နှုန်း၊ ၂၀၁ ယူနစ်နှင့်အထက် ကျပ် ၅၀ နှုန်း ကောက်ခံမည်ဖြစ်ပြီး စက်မှုသုံးမီတာများအတွက် တစ်ယူနစ်မှ ၅၀၀ ယူနစ်အထိ ၇၅ ကျပ်နှုန်း၊ ၅၀၁ ယူနစ်မှ ယူနစ် ၁၀၀၀ အထိ ကျပ် ၁၀၀ နှုန်း၊ ၁၀၀၁ ယူနစ်မှ ၅၀၀၀ ယူနစ်အထိ ၁၂၅ ကျပ်နှုန်း၊ ၅၀၀၁ ယူနစ်မှ ယူနစ် ၂၀၀၀၀၀ အထိ ကျပ် ၁၅၀ နှုန်း၊ ၂၀၀၀၀၁ ယူနစ်မှ ၃၀၀၀၀၀ ယူနစ်အထိ ၁၂၅ ကျပ်နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ဓာတ်အားသုံးစွဲသူ အမျိုးအစားနှင့် ဓာတ်အားအမျိုးအစားကို ဖော်ပြရာတွင် အိမ်သုံးတွင် အိမ်သုံး၊ အိမ်သုံးပါဝါ၊ လမ်းမီးတစ်လုံးတစ်ခဲတည်းဟု ဖော်ပြထားပြီး စက်မှုသုံးတွင် အသေးစား စက်မှု၊ စက်မှုလက်မှုသုံး၊ တစ်လုံးတစ်ခဲတည်း၊ စီးပွားရေးလုပ်ငန်းသုံး၊ ယာယီသုံး ဟုဖော်ပြထားကြောင်း သိရသည်။

"ဒီဖော်ပြကောက်ခံတာနဲ့ ပတ်သက်ပြီး မရှင်းလင်းတာတွေရှိတယ်။ စက်မှုသုံးထဲမှာ စီးပွားရေးလုပ်ငန်းသုံးဆိုပြီး ထည့်ထားတယ်။ အိမ်မှာ ကားဝပ်ရှော့လေး ဖွင့်ထားတယ်။ ဒီလုပ်ငန်းရဲ့အလင်းရောင်အတွက် မီးချောင်းလေး တစ်ချောင်းကိုပဲ ညမှာ ထွန်းတယ်။ မီတာခကောက်တော့ အိမ်သုံးမီတာခနဲ့ မကောက်ဘဲ စီးပွားရေးလုပ်ငန်းသုံးဆိုပြီး တစ်ယူနစ် ၇၅ ကျပ်နှုန်းနဲ့ကောက်တော့ တော်တော် နစ်နာတယ်။ နိုင်ငံတော်အနေနဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို ဆောင်ရွက်နေတယ်လို့ဆိုတယ်။ တစ်ဖက်က အရင်းအနှီး နည်းနည်းနဲ့ မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်နေကြရတဲ့ အိမ်ဈေးဆိုင်လေးတွေ၊ ကွမ်းယာဆိုင်၊ စာအုပ်ဆိုင်လေး၊ ဝပ်ရှော့ဆိုင်လေးတွေကို အလင်းရောင်အတွက် မီးထွန်းတာကိုပဲ စီးပွားရေးလုပ်ငန်းသုံးအနေနဲ့ မီတာခ ပိုကောက်နေတာ မဖြစ်သင့်ဘူး။ စီးပွားရေးလုပ်ငန်းခေါင်းစဉ်နဲ့ ကောက်ခံမှာက ဘယ်လုပ်ငန်းမျိုးတွေ၊ ဘယ်လိုလုပ်ငန်းကလေးတွေဆိုရင် စီးပွားရေးလုပ်ငန်းသုံးအနေနဲ့ မကောက်ခံဘူးဆိုတာကို လျှပ်စစ်ဌာနအနေနဲ့ ပွင့်လင်းမြင်သာ ရှင်းလင်းစွာ ထုတ်ပြန်ကြေညာပေးစေချင်တယ်" ဟု ကားဝပ်ရှော့ လုပ်ကိုင်သူတစ်ဦးက ပြောသည်။

လျှပ်စစ်ဓာတ်အားခများကို ပြင်ဆင်သတ်မှတ်ကောက်ခံသည့် စနစ်သစ်ကြောင့် စစ်ကိုင်းမြို့မှ ကိုယ်ထူကိုယ်ထ ရပ်ကွက်ရေပေးဝေရေး လုပ်ငန်းများအနေဖြင့် လျှပ်စစ်ဓာတ်အားခများ ပေးဆောင်ရာတွင် ယခင်ကထက် တစ်လလျှင် ကျပ်သိန်း ဆယ်ဂဏန်းခန့်အထိ ပိုမိုကုန်ကျ မည်ဖြစ်ကြောင်း၊ လစဉ်လျှပ်စစ်ဓာတ်အားခများ ပိုမိုကုန်ကျတော့မည်ဖြစ်၍ ရေမီတာခများကိုလည်း တိုးမြှင့်ကောက်ခံသွားရန် စီစဉ်နေကြရကြောင်း၊ ယခု ပြင်ဆင်သတ်မှတ်သည့် စနစ်သစ်အရ တစ်နေရာတည်းတွင် လျှပ်စစ်မီတာတစ်လုံးထက်ပိုမိုရှိပါက သုံးစွဲယူနစ်ပေါင်းအား တွက်ချက်ကောက်ခံခြင်းကို ပြည်သူအများစုတို့က နှစ်သက်မှုမရှိကြောင်း သိရသည်။

နန္ဒာမင်းလွင်

ခုတင် ၅၀ ဆံ့တိုင်းရင်းဆေးရုံ တိုးချဲ့သုံးထပ်ဆောင်သစ်ဖွင့်လှစ်

မြစ်ကြီးနား၊ မေ ၂၅

မြစ်ကြီးနားမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ တိုးချဲ့သုံးထပ်ဆောင်သစ် ဖွင့်ပွဲကို မေ ၂၂ ရက်နံနက်ပိုင်းက ကျင်းပခဲ့ကြောင်းသိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက ဆေးရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာတို့က အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးပြီး သုံးထပ်ဆောင်သစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဆိုပါဆေးရုံကို တာဝန်ယူဆောက်လုပ်သည့် မြန်မာမိတ်ကာဟုမ်း ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက တိုးချဲ့သုံးထပ်ဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာန ပြည်နယ် ဦးစီးမှူးထံလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဆေးရုံကြီးတွင် လူနာများအသုံးပြုရန်အတွက် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ Wheel Chair တစ်စီး၊ ထမ်းစင်တစ်ခု၊ ခြင်ထောင် အလုံး ၅၀ နှင့် ဓာတ်ဆားထုပ်များ၊ မြန်မာမိတ်ကာဟုမ်းကုမ္ပဏီမှ လူနာတင် တွန်းလှည်းတစ်စီး၊ မြစ်ကြီးနားမြို့ တိုင်းရင်းဆေးထုတ်လုပ်သူ လုပ်ငန်းရှင်များက လူနာသုံးမွေ့ရာ၊ အခင်း၊ ခေါင်းအုံးအစုံ ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့သည်။

အဆိုပါ တိုးချဲ့ဆောင်သစ်တွင် ကျား၊ မ အကြောပြင်၊ အရိုးဒဏ်နာ၊ မီးယပ်၊ သူငယ်နာ၊ အနာပေါက်နှင့် အထွေထွေရောဂါကုဌာနတို့ ပါဝင်ပြီး သံယာသီးသန့်ဆောင် ပါရှိကာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းဖြင့် စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် ပြန်/ဆက်

ကျောက်ပန်းတောင်းမြို့အခြေခံပညာ ဆရာ၊ဆရာမများ အရည်အသွေးမြင့်မားရေးဆွေးနွေး

ကျောက်ပန်းတောင်း၊ မေ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်အဆင့် အခြေခံပညာ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးဆွေးနွေးပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲတွင် လူမှုဘဝဖူလုံရေး၊ ဆရာ၊ဆရာမများ၏အရည်အသွေးမြင့်မားရေးနှင့် သဘောထားခံယူချက် မှန်ကန်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ထို့ပြင်မန္တလေးပညာရေးကောလိပ်တွင် သင်တန်းတက်ရောက်ခဲ့သည့် ဆရာ၊ ဆရာမ ၁၅ ဦးက ဦးဆောင်၍ ဆင့်ပွားပို့ချဆွေးနွေးခြင်းဖြစ်ပြီး၊ တစ်မြို့နယ်လုံးမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများအပါအဝင် အထက်တန်း၊ အလယ်တန်းအဆင့် ဆရာ၊ ဆရာမ ၆၃၀ နှင့်ကိုယ်ပိုင် သင်တန်းကျောင်းများမှ ဆရာ ၂၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းတက်ရန် ကျန်ရှိနေသေးသည့် ဆရာ၊ဆရာမများအား ယခုဆွေးနွေးပွဲကို တတ်ရောက်နေသော ဆရာ၊ဆရာမများမှ တစ်ဆင့် မေ ၂၄ရက်တွင် မြို့မ၊ ပွေးကျစ်၊ လက်ပံပျား၊ ပုပ္ပားစသည့် မြို့နယ်ခွဲ အလိုက် ဆင့်ပွားဆွေးနွေးပို့ချခြင်းများအား ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

"အခြေခံပညာ ဆရာ၊ဆရာမတွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေဖို့နဲ့သဘောထားခံယူချက်တွေ တိုးတက်ပြောင်းလဲစေဖို့အဓိကရည်ရွယ် ပြီး ဒီဆွေးနွေးပွဲတွေကို လုပ်တာပါ" ဟု ပုပ္ပား အ-ထ-ကမှ ကျောင်းအုပ်ဆရာကြီး ဦးလှကြိုင်က ပြောကြားသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

Holiday

အသည်းအားဆေး

ကရင်ပြည်နယ် လိပ်သိုမြို့နယ်မှထွက်ရှိသော ဆေးဖက်ဝင်သံပုရာသီးများအား ဈေးကွက်အတွင်းတွေ့ရစဉ်။

မန္တလေးဈေးကွက် ဆေးဖက်ဝင်သံပရာ အဝယ်လိုက်

ရေတာရှည်၊ မေ ၂၅

ပူပြင်းလှသည့် ယခုအချိန်တွင် သံပရာသီးရှားပါးလျက်ရှိပြီး ယခုရက်ပိုင်းအတွင်း ကရင်ပြည်နယ် လိပ်သိုမြို့နယ်(ခွဲ)မှထွက်ရှိသည့် ဆေးဘက်ဝင် သံပရာသီးများဈေးကွက်ကို နေ့စဉ်ဝင်ရောက်လျက်ရှိပြီး မန္တလေးမြို့ကို တင်ပို့ပေးနေရကြောင်း သိရသည်။

"လက်ပံဖြူရွာကနေ တစ်ဆင့်ပြန်ယူပြီး ပြန်ရောင်းတာ မနက် ၄ နာရီလောက်ကနေ ဆိုင်ကယ်နဲ့ ထွက်လာရင် ဆွာကို ၇ နာရီခွဲလောက် ရောက်တယ်" ဟု ဆိုင်ကယ်ဖြင့် သံပရာသီးဝယ်ရောင်းလုပ်သူတစ်ဦးက ပြောသည်။

တောင်ပေါ်ဒေသများတွင် ကွမ်းသီးခြံများအတွင်း သံပရာပင်များကို ကြားညှပ် စိုက်ပျိုးကြခြင်း ဖြစ်ပြီး စိုက်ပျိုးထွက်ရှိလာသည့် သံပရာသီး များအား ဆိုင်ကယ်တစ်စီးလျှင် သံပရာသီးအလုံးရေ နှစ်ထောင်မှ သုံးထောင်အထိသယ်ယူနိုင်ကာ တစ်ရက်လျှင်အလုံးရေတစ်သောင်းကျော်အထိ လာရောက်ရောင်းချကြောင်း သံပုရာသီးအဝယ်ဒိုင်ဖွင့်သည့်ဆိုင်ရှင်အမျိုးသမီးတစ်ဦးက ပြောသည်။

"ဒီမှာဝယ်တာကတော့ အလုံး တစ်ရာကို ကျပ် ၁၂၀၀ နဲ့ဝယ်ပါတယ်။ အဓိကတင်ပို့တာက မန္တလေးကိုပို့တာ။ ဘယ်လောက်လာလာ ပို့လို့ရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကိုလွင်(ဆွာ)

စစ်ကိုင်းမြို့နယ်အတွင်း စပါးရိတ်သိမ်းချိန်တွင် မိုးဦးလေဦးကျချိန်ဖြစ်၍ ခြွေလှေ့စက်များဖြင့် နွေစပါးအချိန်မီ ရိတ်သိမ်းရန်စီစဉ်

စစ်ကိုင်း၊ မေ ၂၅

စစ်ကိုင်းမြို့နယ်တွင် နွေစပါး ၄၇၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ရာ လယ်ကြီးအင်းအတွင်း ဧက ၇၀၀ ကျော် စိုက်ပျိုးခဲ့သည်။ လယ်ကြီးအင်းတွင် လယ်ကြီး၊ မောင်းထောင်၊ ညောင်ပင်လှ၊ နံ့တွင်းကျေးရွာမှ တောင်သူများ စိုက်ပျိုးကြပြီး အထူးသဖြင့် မနောသုခစပါးမျိုးကို ပျိုးထောင်စိုက်ပျိုးရာ ယခုအခါ ရိတ်သိမ်းချိန်ရောက်ရှိနေပြီး မိုးဦးလေဦးကျချိန်ရောက်ရှိနေပြီဖြစ်၍ အမြန်ရိတ်သိမ်းနိုင်ရန်နှင့် လုပ်သားရှားပါးမှုမှ ကျော်လွှားနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြတ်၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးထိန်မင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ဦး၏ တင်ပြချက်အရ ထက်အောင်ခန့်ကုမ္ပဏီမှ ရိတ်သိမ်းခြွေလှေ့စက် ၁၀ စီးဖြင့် နွေစပါးရိတ်သိမ်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

စက်တစ်စီးလျှင် တစ်နေ့ ၁၀ ဧကခန့် ရိတ်သိမ်းနိုင်ပြီး အချိန်မီရိတ်သိမ်းနိုင်ရန် လေလွင့်ဆုံးရှုံးမှုလျော့နည်းခြင်း၊ အရည်အသွေးကောင်းခြင်းများရှိပြီး ယခုနှစ်တွင် ယခင်နှစ်ထက် စပါးတစ်တင်း စပေါ်ငွေကျပ် တစ်ထောင်ခန့် ဈေးပိုရခြင်း၊ အထွက်နှုန်းမှာလည်း ယခင်နှစ်ထက်ပိုမိုခြင်းတို့ကြောင့် နွေစပါးစိုက်တောင်သူများ ဝင်ငွေပိုမိုရရှိပြီး တစ်ဧကအပေါ်မှ ဝင်ငွေလေးသိန်းခွဲခန့်ရရှိကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ဆောင်းပါး

အခြေခံပညာရေးပြုစရာ ပြင်စရာလေးများ

à cifrmifX;(ynma&;)

ဒီကနေ့ပညာရေးကဏ္ဍကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုရဖို့ ကြိုးပမ်းလာတာ သိသိသာသာတွေ့ရပါတယ်။ အထူးသဖြင့်တော့ နိုင်ငံတော်သမ္မတရဲ့ လက်တွေ့ကျတဲ့ ပြုပြင်ပြောင်းလဲမှုနောက်ပိုင်းမှာ တွေ့ရတာပါ။ အခြေခံပညာ ကဏ္ဍနဲ့ အဆင့်မြင့်ပညာကဏ္ဍ နှစ်ခုစလုံးမှာ ထင်သာမြင်သာရှိမှုတွေ တွေ့ရပါတယ်။

ပညာရေးကဏ္ဍကြီး တစ်ခုလုံး အနေနဲ့ဆိုရင် ပညာရေးအသုံးစရိတ် တိုးမြှင့်လာနိုင်ခြင်းပါ။ ဒါ့ကြောင့် လိုအပ်တဲ့ နေရာတွေမှာ အခြေခံ အဆောက်အအုံတွေ တိုးချဲ့လာနိုင်ပါတယ်။ ဒုတိယတစ်ချက်ကတော့ လိုအပ်နေတဲ့ ဆရာမဦးရေအတွက် နေ့စားလပေး ဆရာ၊ ဆရာမတွေ ဖော်ထုတ်ခန့်ထားနိုင်ခြင်းပါပဲ။ လိုအပ်တဲ့ ရွေးချယ်မှု၊ သင်တန်းပေးမှု၊ ခန့်ထားမှု စတဲ့အပိုင်းတွေ လုပ်ဆောင်နေတာတွေ့ရပါတယ်။

ပထမပြောချင်တဲ့ အပိုင်းကတော့ ပညာရေးဌာန အသုံးစရိတ်တွေ ချထားပေးခြင်းပါပဲ။ လိုအပ်လို့ တင်ပြလာတဲ့နေရာ အတော်များများမှာ ဘတ်ဂျက်ချပေးတာ တွေ့ရပါတယ်။ အဲ့ဒီနေရာမှာ လုပ်နည်းလုပ်ဟန်ပဲ လိုအပ်နေတာလား၊ ဒါမှမဟုတ် လုပ်ငန်းလွှယ်ကူချောမွေ့စေဖို့လားတော့ မသိဘူး။ ဒါပေမယ့် အဆင်မချောတာလေးတွေ တွေ့နေရတယ်။ အဲဒါက ဘာလဲဆိုတော့ အသုံးစရိတ်တွေချထား ပေးတဲ့နေရာမှာ ဘောက်ချာပြမှ ငွေထုတ်ပေးတဲ့စနစ်။ ဒီတော့ လက်လုပ် ဘောက်ချာတွေဖြစ်အောင် လုပ်လာကြတယ်။ ဆိုလိုတာက ငွေထုတ်လို့ရအောင် ဘောက်ချာပြတယ်။ ငွေထုတ်ပြီးသွားတာနဲ့ လုပ်ငန်းအကောင်အထည်ဖော်ဖို့ အပိုင်းမှာ ဖင့်နွှေးနေတာတွေ တွေ့ရတယ်။ တချို့ အရပ်ဒေသတွေမှာ တိုင်ကြတောကြနဲ့ ပြဿနာတွေ ဖြစ်တာတောင် ကြားရတယ်။

တကယ်တော့ ဘောက်ချာပြနိုင်လို့ ငွေထုတ်ပေးတာ ပြဿနာမရှိပေမယ့် အကောင်အထည်ဖော်တဲ့ အပိုင်းမှာ စနစ်ကျဖို့လိုတယ်။ ကျောင်းတွေမှာဆိုရင် မိဘဆရာအသင်းရှိတယ်။ ကျောင်းအကျိုးတော်ဆောင်တွေ ရှိတယ်။ ပူးပေါင်းနိုင်ကြဖို့ လိုတယ်။ ဒါမှ နိုင်ငံတော်က ချပေးလိုက်တဲ့ ဘဏ္ဍာငွေတွေ လိုအပ်တဲ့နေရာမှာ လိုအပ်သလို ထိထိမိမိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ဝန်ထမ်းတွေပြောင်းရွှေ့ရေးနဲ့ ခန့်ထားရေး အပိုင်းပါပဲ။ ဖြစ်သင့်တာကတော့ ပြောင်းရွှေ့ရေးပြီးမှ ခန့်ထားရေးဆိုတာ ဖြစ်သင့်တာပေါ့။ အခုဆိုရင် နေ့စားလပေးဆရာမတွေ ရွေးချယ်ခန့်ထားနေပါပြီ။ ဒီတော့ ကျောင်းပိတ်ချိန်ရာသီကတည်းက နယ်ဝေးရပ်ဝေးမှာ သွားပြီး အမှုထမ်းနေရသူတွေကို ပထမ အပြောင်းအရွှေ့ ပြုလုပ်ပေးထားသင့်ပါတယ်။ ပြီးမှ လစ်လပ်တဲ့နေရာတွေမှာ အသစ်ဝင်လာသူတွေကို ခန့်ထားသင့်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ခန့်ထားမှုတွေကို အရင်လုပ်လိုက်ရင် အနစ်နာခံပြီး အဝေးသွားရသူတွေရဲ့စိတ်ထဲမှာ မလိုလားအပ်တဲ့ စိတ်ခံစားမှုတွေ ဖြစ်နိုင်ပါတယ်။ လုပ်ငန်းခွင်မပျော်ပိုက်တာတို့၊ သင်ကြားမှုအဆင်မပြေတာတို့ ဆိုတာတွေဟာ စိတ်ခံစားမှုနဲ့ ဆက်နွှယ်နေပါ တယ်။

> ## ပညာရေး အသုံးစရိတ် တိုးမြှင့်လာနိုင်ခြင်းပါ. . .

ဒီတော့ ခန့်ထားရေး၊ ပြောင်းရွှေ့ရေးဆိုတာကလည်း စာရင်းဇယား အခိုင်အမာရှိနေဖို့လိုပါတယ်။ ခန့်ထား၊ လစ်လပ်ရာထူးနေရာတွေ အသင့်ရှိနေဖို့လိုတယ်။ ဒီတော့ ပညာရေးရုံးတွေရဲ့အား လိုလာပြန်တယ်။ ခုခါမှာဆိုရင် အခြေခံပညာရေးရုံးတွေမှာ ဝန်ထမ်းအသစ်တွေခန့်ထားတာရှိပါတယ်။ တချို့ရုံးတွေဆိုရင် ဝန်ထမ်းကများနေလို့ ထိုင်စရာနေရာတောင်မရှိပါဘူးတဲ့။ တကယ်တော့ လုပ်ရမယ့်အလုပ်တာဝန်နဲ့ ဝန်ထမ်းနဲ့ မျှမျှတတဖြစ်ရင် အလုပ် ပြီးနိုင်ပါတယ်။ လူများပြီးပွဲမစည်တဲ့အဖြစ်မျိုးကတော့ ဘတ်ဂျက်ကုန်ရုံပဲ ရှိပါလိမ့်မည်။

တကယ်တော့ ပညာရေးဆိုတဲ့ အဝန်းအဝိုင်းကြီးကတော့ ကျယ်ပြန့်လှပါတယ်။ ခုရေတွင်းတူး၊ ခုရေကြည်သောက်လို့တော့ မရနိုင်ပါဘူး။ ဒါပေမယ့် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်ကနေ အထက်ထိ ထိတွေ့ဆက်ဆံမှု မပြတ်ဖို့လိုပါတယ်။ ဆိုလိုတာက လုပ်ငန်းတစ်ခု အစီအမံတစ်ခုချလိုက်ရုံနဲ့ ပြီးမသွားစေချင်ပါဘူး။ အဲဒီလုပ်ငန်း စီမံချက်ဟာ ဘယ်လောက် ထိရောက်မှုရှိသလဲ၊ အကျိုး ရှိ-မရှိစတဲ့ ပြန်လည်လေ့လာသုံးသပ်မှုတွေ ရှိရမှာဖြစ်ပါတယ်။

တစ်ချက်ကတော့ ဒေသခံတွေရဲ့ အသံတွေကိုလည်း နားစွင့်ရပါလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ အောက်ခြေနဲ့ အဓိက ဆက်နွှယ်ပတ်သက်နေတာက ဒေသခံပြည်သူတွေပဲဖြစ်ပါတယ်။ ဒေသခံပြည်သူတွေနဲ့ သက်ဆိုင်ရာတာဝန်ခံ အဖွဲ့အစည်းတွေနဲ့ သဟဇာတဖြစ်တဲ့နေရာတွေမှာ တစ်ဟုန်ထိုးတိုးတက်လာတာ တွေ့ရပါတယ်။

ဒါ့ကြောင့် လုပ်နည်း လုပ်ဟန် အမှားတွေဆိုရင်လည်း အချိန်မီ ပြုကြပြင်ကြဖို့လိုပါတယ်။ စေတနာအမှားဆိုရင်လည်း လူအများက နားလည်ခွင့်လွှတ်နိုင်ကြမှာပါ။ ပညာရေးလောကဟာ ဂုဏ်သိက္ခာနဲ့ ရှေ့တန်းတင် လုပ်ရတဲ့အလုပ်ဆိုတော့ မှားကြရင်တောင် စေတနာအမှားမျိုးပဲ ဖြစ်ရမှာပေါ့။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

★ သင့်လုပ်ငန်းတွင် စိတ်ချရအောင် ★
ကွန်ပျူတာသုံး စနစ်များ တပ်ဆင်လိုလျှင်

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)
Diploma in Information Technology
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် Wisdom Power Co.,Ltd တို့

မိုဘိုင်းလှည့်ကင်းနှင့် ယာဉ်ကြော ကျပ်တည်းသည့်နေရာရှိ စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးသွားရန်ဆောင်ရွက်

ရန်ကုန်၊ မေ ၂၅

ယာဉ်ကြောကျပ်တည်းမှုရှိသော နေရာ ၇၉ ခုတွင် မိုဘိုင်းလှည့်ကင်းများဖြင့် စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးခြင်း၊ ယာဉ်ကြောကျပ်တည်းမှု ဖြေရှင်းခြင်းများကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း မေ ၂၄ ရက်တွင် အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

"စည်းကမ်းဖောက်လို့ ယာဉ်ကြောကျပ်နေတာ။ အဲဒီလို ယာဉ်ကြောကျပ်နေပြီဆိုရင် ဒီကအဖွဲ့ကသွားပြီး ဘယ်သူစည်းကမ်းဖောက်လဲ စည်းကမ်းဖောက်တဲ့သူကို ဖမ်းမယ်။ ပြီးရင် ယာဉ်ကြောရှင်းသွားအောင် လုပ်မယ်။ အဖွဲ့တစ်ဖွဲ့မှာ အရာရှိတစ်ဦးအပါအဝင် တပ်ဖွဲ့ဝင် ၁၀ဦးရှိမယ်။ အဲဒီအဖွဲ့တွေက တစ်နေရာတည်းမှာတင်ရှိနေမှာ မဟုတ်ဘဲ ယာဉ်ကြောကျပ်တဲ့နေရာတိုင်းကိုသွားမှာ"ဟု အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ရဲအုပ်တစ်ဦးက ပြောသည်။

အဆိုပါ မိုဘိုင်းလှည့်ကင်းများကို မြို့နယ်အလိုက် အုပ်စုကိုးစုခွဲထားပြီး အုပ်စုတစ်စုလျှင် လှည့်ကင်းအဖွဲ့နှစ်ဖွဲ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြို့နယ်အလိုက် အုပ်စု ခွဲဝေထားမှုများမှာ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာတွင်တစ်ဖွဲ့၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ မရမ်းကုန်းတွင် တစ်ဖွဲ့၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဗဟန်းတွင်တစ်ဖွဲ့၊ သင်္ဃန်းကျွန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်တွင် တစ်ဖွဲ့၊ သာကေတ၊ ဒေါပုံ၊ ဗိုလ်တထောင်တွင်တစ်ဖွဲ့၊ လမ်းမတော်၊ လသာ၊ ပန်းပဲတန်းတွင် တစ်ဖွဲ့၊ စမ်းချောင်း၊ အလုံ၊ ဒဂုံတွင် တစ်ဖွဲ့၊ ကမာရွတ်၊ လှိုင်၊ ကြည့်မြင်တိုင်တွင် တစ်ဖွဲ့၊ ဒဂုံမြို့သစ် (အရှေ့၊ မြောက်၊ တောင်)နှင့် ဒဂုံဆိပ်ကမ်းမြို့တွင် တစ်ဖွဲ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ဆောင်ရွက်မည့် မိုဘိုင်းလှည့်ကင်းများအပြင် မီးပွိုင့် ၁၇၀ ကျော်၌ ရှိသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များမှလည်း မှတ်သားဖမ်းဆီးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား ၉၀၀ ခန့်ရှိသော်လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား တစ်ရာကျော်မှာ သင်တန်းများ တက်ရောက်လျက်ရှိနေကြောင်း အဆိုပါ ယာဉ်ထိန်းတပ်ဖွဲ့ရုံးမှ သိရသည်။

တင်မောင်ဦး

ကံမမြို့နယ်တွင် အမျိုးသားတစ်ဦး မြေပိသေဆုံး

ကံမ၊ မေ ၂၅

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ကရင်စုကျေးရွာတွင် မေ ၂၂ ရက်ကအမျိုးသားတစ်ဦး မြေပိသေဆုံးကြောင်းသတင်းအရ ကံမမြို့နယ်၊ ရေနံ့သာရဲကင်းစခန်းမှူး ဒုရဲအုပ်ကျော်ဇေယျာမင်းနှင့်အဖွဲ့သည် သက်သေ များနှင့်သွားရောက်စစ်ဆေးရာသေဆုံးသူမှာ ကိုပု(ခ)မျိုးမင်းဖြစ်ပြီး ၎င်းသည် ဝင်လိုကိုင်းကျေးရွာဆက်သွယ်ရေးလမ်းမြေဖို့ရန် မြေတူးနေစဉ် မြေပြိုကျပိမိခဲ့ပြီး ဝဲလက်ပွန်းပဲ့ဒဏ်ရာ၊ နောက်ကျောခါးညိုမည်းဒဏ်ရာ၊ နှာခေါင်းပွန်းပဲ့ဒဏ်ရာများနှင့်သေဆုံးနေ၍ကံမမြို့နယ်၊ မြို့မရဲစခန်းက သေမှုသေခင်းအမှတ် စဉ် ၄/၂၀၁၄ ဖြင့်အမှုဖွင့်ထားသည်။

ကျော်ဇေယျ(မကွေး)

၂၀၁၄ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ ရှင်းလင်း

တောင်တွင်းကြီး၊ မေ ၂၅

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ ရှင်းလင်းပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီခွဲက တောင်တွင်းကြီးမြို့ ပြည်တွင်းအခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဇော်ဝင်းက ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဆွေးနွေးရာတွင် ၂၀၁၄ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေကို မတ် ၂၈ ရက်က ပြည်သူ့လွှတ်တော် ဥပဒေအမှတ် (၂၀) အရ ပြဋ္ဌာန်းပေးပြီးဖြစ်ရာ ဝင်ငွေခွန်ပြင်ဆင်သည့် ဥပဒေကို မတ် ၂၄ ရက်က ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၁၅) အရ ပြဋ္ဌာန်းပြီး ၂၀၁၄-၂၀၁၅ ဝင်ငွေခွန်နှစ်တွင် အကျိုးသက်ရောက်မည်ဖြစ်၍ ကုန်သွယ်လုပ်ငန်းဥပဒေကို မတ် ၂၄ ရက်က ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၁၆) အရပြဋ္ဌာန်းပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကာ ပြင်ဆင်ပြဋ္ဌာန်းသည့် အခွန်ဥပဒေများတွင် ရုံးခွန်အက်ဥပဒေ၊ တံဆိပ်ခေါင်းခွန် ဥပဒေတို့ကိုလည်း ပြင်ဆင်ပြီးဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ အခွန်ထမ်းပြည်သူများ စုစုပေါင်း ၇၀ ကျော် တက်ရောက်ခဲ့ပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးဌာနမှဌာနမှူးကပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီးယင်းနောက် လက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

နိုင်ဝင်း

တောင်ညိုရွာသစ် ကျေးရွာတွင် ကိုယ်ထူကိုယ်ထ မီးလင်းရေးဆောင်ရွက်ပြီးစီး

စစ်ကိုင်း၊ မေ ၂၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကျေးလက်နေပြည်သူများ၏ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော ကျေးလက်လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၇ နာရီက စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာအုပ်စု တောင်ညိုရွာသစ်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ညိုရွာသစ်ကျေးရွာ ဆရာတော်ဘဒ္ဒန္တစန္ဒာသီရိ၊ စစ်ကိုင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထိုက်ဦးနှင့် ဒု-လက်ထောက်အင်ဂျင်နီယာ ဦးကျော်စိုးထွန်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

တောင်ညိုရွာသစ်ကျေးရွာတွင် အိမ်ခြေ ၁၃၀ ကျော်ရှိပြီး ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိမှ ဦးဆောင်၍ ကျေးရွာအုပ်ရေးမှူး ဦးပု၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များမှ ကျေးရွာပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၅၀၀ ခန့်ဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထိုက်ဦးနှင့် ဝန်ထမ်းများ၏ဆောင်ရွက်မှုဖြင့် 11.10.4 KV(200)KVA ထရန်စဖော်မာဖြင့် လျှပ်စစ်ဓာတ်အားကို ကျေးရွာနေ ပြည်သူများ ဓာတ်အားအပြည့်အဝရရှိစေရန် ဌာန၏နည်းပညာ၊ စက်ယန္တရားလိုအပ်သည့် အထောက်အပံ့ပစ္စည်းများ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်ဖြင့် စစ်ကိုင်းတွင် အိမ်မဲ့မြေမဲ့စာရင်း ကောက်ခံ

စစ်ကိုင်း၊ မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ စီစဉ်ညွှန်ကြားချက်အရ စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် မေ ၂၁ ရက်မှစတင်၍ အိမ်မဲ့မြေမဲ့မိသားစုစာရင်းများအား ကောက်ခံလျက်ရှိနေကြောင်း သိရသည်။

ယင်းသို့စာရင်းကောက်ခံရာတွင် အိမ်မဲ့မြေမဲ့မိသားစုများအနေဖြင့် အိမ်ထောင်ဦးစီးကိုယ်တိုင် အိမ်ထောင်စုလူဦးရေ စာရင်း (ပုံစံ-၆၆/၆)၊ ရပ်ကွက်တွင် အမှန်တကယ်နေထိုင်ကြောင်း နယ်မြေမှူး၏ ထောက်ခံချက်တို့နှင့်အတူ လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာထားသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ ညွှန်ကြားချက်အရ ကောက်ခံခြင်းဖြစ်ကြောင်း၊ အိမ်ရာ မြေကွက် ချထားပေးရန်၊ သို့မဟုတ် အိမ်ရာ ဆောက်လုပ်နေရာချထားပေးရန်၊ သို့မဟုတ် မည်သည့် အစီအမံဆောင်ရွက်ပေးရန် ကောက်ခံခြင်းဆိုသည်ကိုမူ တိတိကျကျ မသိရကြောင်း၊ အိမ်ရာချထားပေးပါက ရပ်ကွက်အတွင်း၊ သို့မဟုတ် မြို့နယ်အတွင်း၊ သိုမဟုတ် တိုင်းဒေသကြီးအတွင်း နေထိုင်လိုကြောင်း ခွဲခြားဆန္ဒပြုရေးသွင်း ကောက်ခံမည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုစာရင်းကောက်ခံမှုနှင့် ပတ်သက်၍ နိုင်ငံတော်မှ အကောင်အထည်ဖော်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းနှင့် သက်ဆိုင်မှုမရှိကြောင်း၊ ယခုကောက်ခံမှုမှာ စုပေါင်းအိမ်ရာများ တည်ဆောက်ရန်အတွက် အိမ်မဲ့မြေမဲ့များစာရင်း ကိန်းဂဏန်း၊ စာရင်းဇယားများ ရရှိစေရန် ရည်ရွယ်ကောက်ခံခိုင်းခြင်း ဖြစ်နိုင်ကြောင်း၊ စာရင်းကောက်ခံမှုကို မေ ၂၃ ရက်အထိ သတ်မှတ်ထားကြောင်း၊ ယခုအခါ စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အိမ်မဲ့၊ မြေမဲ့စာရင်း လာရောက်ပေးသွင်းသူများနှင့် စည်ကားနေကြောင်း သိရသည်။

နန္ဒာမင်းလွင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

WIPO-DL101

Ace Top Academy

လူမှုဘဝမြှင့်တင်နိုင်ရန် မြစိမ်းရောင် ကျေးရွာစီမံကိန်း အောင်မြင်ရေး ကွင်းဆင်းဆွေးနွေး ဆောင်ရွက်

ကျောက်ပန်းတောင်း၊ မေ ၂၅

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရန် အကောင်အထည် ဖော်ဆောင်ရွက်မည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းဆိုင်ရာ လုပ်ငန်းစဉ်များကို ကျေးလက်နေပြည်သူများ လေးလေးနက်နက် နားလည်သဘောပေါက် လာစေရန်နှင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဟောပြော ရှင်းလင်းဆွေးနွေးပွဲများကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းဝင်ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက လှိုင်သာကျေးရွာ အုပ်စု၊ မန်ကျီးစုကျေးရွာ တောင်သူများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါ ရှင်းလင်း ဆွေးနွေးပွဲများကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်(လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ) နှင့် ဝန်ထမ်းများသည် မေ ၂၁ ရက်တွင် ဟင်းခွက်အိုင်ကျေးရွာအုပ်စု သစ်ဆိပ်ပင်ကျေးရွာသို့ လည်းကောင်း ၊ မေ ၂၂ ရက်တွင် ကြက်ဆူတောကျေးရွာသို့ လည်းကောင်း ကွင်းဆင်းရောက်ရှိခဲ့ကြပြီး ကျေးရွာလူထု၏ သဘောဆန္ဒဖြင့် ဖွဲ့စည်းခဲ့ကြပြီးဖြစ်သော ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီ၏ စီမံဆောင်ရွက်မှုဖြင့် မိမိတို့၏ ကျေးလက်လူမှုစီးပွားဘဝများ မြှင့်တင်နိုင်ရန် စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရေး ဟောပြောဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ဆောင်းပါး

ခရီးသည်များအတွက်လည်း စဉ်းစားပေးကြပါ

à atmifq

ဧပြီ ၂၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် မင်းထက်ပိုင်(လှိုင်သာယာ)၏ သတင်းကလေးတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ရွှေပြည်သာမြို့နယ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသတင်းဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း ပြေးဆွဲနေသော(ဟိုင်းလတ်)ယာဉ်ပိုင်ရှင်များက စုပေါင်း သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြသည်။ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော (ဟိုင်းလတ်)ယာဉ် ၅၀၀ ကျော်တို့ကို မှီခို စားသောက်နေရသော ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် သူတို့ကို မှီခိုစားသောက်နေရသော မိသားစုဝင်များတွင် အခက်အခဲများနှင့် ကြုံတွေ့ကြရမည့်အရေးကို မထသ(ဗဟို)ဥက္ကဋ္ဌ တာဝန်ရှိသူများအား အကြိမ်ကြိမ်တင်ပြသော်လည်း အရေးတယူစဉ်းစားဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်းနှင့် (ဟိုင်းလတ်)ယာဉ်ပြေးဆွဲခွင့်ကာလကို ၂၀၁၄ ခု နှစ်ကုန်အထိ ပြောင်းလဲသတ်မှတ်ပေးရန် အဓိကထားတောင်းဆိုလိုကြောင်း ပြောကြားသွားသည်ဟု ဆိုပါ၏။

ထိုပြောကြားချက်မှာ မှန်ပါသည်။ ယာဉ်စီးရေ ၅၀၀ ကျော်ကို မှီခိုစားသောက်နေသည့် မိသားစုဝင်များ အလွန်များပါလိမ့်မည်။ ထိုသူများ၏ အခက်အခဲများအတွက် တတ်နိုင်သမျှခွင့်ပြုပေးမည်ဆိုလျှင် သင့်လျော်မည် ထင်ပါသည်။ ကျွန်တော်တို့နေထိုင်ရာ မှော်ဘီမှ ခရီးသည်များဆိုလျှင် ငါးမိနစ်တစ်စီးမျှ ထွက်နေသော မှော်ဘီ-တိုက်ကြီး-ရန်ကုန် (ဟိုင်းလတ်)ယာဉ်များကို အများဆုံး အားကိုးနေကြသည်။ ညဘက်ပြန်ချိန်နောက်ကျလည်း ပူရန်မလို(ဟိုင်းလတ်) တစ်စီးမဟုတ်တစ်စီး ရောက်လာမည်သာ။ မီနီဘတ်စ်များ၊ ကားကြီးများ ရှိကြသော်လည်း (ဟိုင်းလတ်)ကားလောက် မပေါများကြ၍ ထိုကားငယ်များကို မပပျောက်စေလိုကြပါ။

သို့သော် (ဟိုင်းလတ်)ကားမောင်းသူ တော်တော်များများသည် အမြန်(တော်တော်မြန်မြန်) မောင်းတတ်ကြပါသည်။ ကွေ့များ၌လည်း (ဥပမာ- လေတပ်ကွေ့)အရှိန်လျှော့၍ ကွေ့ရန်ဝန်လေးတတ်ကြပါသည်။ ခရီးသည်များအတွက် မည်မျှပင် အန္တရာယ်ရှိပါစေ သူတို့ဂရုမမူတတ်ကြပါ။ ထို့ကြောင့် မှော်ဘီလေတပ်ကွေ့အနီး၌ မကြာမကြာ ကားတိုက်၊ ကားမှောက်မှုများ ဖြစ်ခဲ့ကြပါသည်။

လူပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ နောက်ကားအရိပ်အယောင်တွေ့သည်နှင့် ဖိုက်ရန်(အမြန်ပြိုင်မောင်းရန်) အဆင်သင့်ဖြစ်နေတတ်ကြပါသည်။ ညဘက်ဆိုလျှင် ပို၍ပင် အမြန်မောင်းတတ်ကြပါသည်။

ကားပေါ်၌ ဝန်မည်မျှတင်ထားသည်ဖြစ်စေ အမိုးပေါ်၌ ကုန်ထပ်တင်ရန် လုံးဝ ဝန်မလေးကြပါ။ တစ်ခါတစ်ရံ အမိုးပေါ်၌ တင်ထားသော ကုန်တို့သည် အလွန်ပင် မြင့်မောက်နေ၍ လမ်းမီးကြိုးနှင့် လွတ်ရုံမျှသာ ရှိပါသည်။

"ယောကျ်ားလေးတွေ အမိုးပေါ်တက်"ဟူသောစကားသည် (ဟိုင်းလတ်)ယာဉ်နောက်လိုက်ခပ်များများ၏ လက်သုံးစကားများထဲမှ တစ်ခုပင်ဖြစ်ပါသည်။ အမိုးပေါ်မှ ရှမ်းလပ်များ ဖြုတ်ထားခိုင်းသော်လည်း အလယ်မှ ကြိုးတစ်ချောင်းဆွဲ၍ အမိုးပေါ်လူတင်ကြပါသည်။ ယာဉ်ထိန်းရဲများက အရေးယူသည်ဆိုသော်လည်း အမိုးပေါ်လူတင်- မတင်ကို မှော်ဘီတိုးဂိတ်၏ CCTV တွင် ထင်ထင်ရှားရှားတွေ့နိုင်ပါသည်။ ဤသည်မှာလည်း အလွန်အန္တရာယ်များသောကိစ္စဖြစ်ပါသည်။

မတ်လကုန်ခန့်က ရန်ကုန်မြို့တွင်းသို့(ဟိုင်းလတ်)မဝင်ရဟု အမိန့်ထုတ်ခဲ့သည်။ တိတိကျကျလည်း ပညာပေး အရေးယူခဲ့သည်ဟု သိရပါသည်။ ထိုအခါ ထောက်ကြန့်အထိသာ ပြေးဆွဲရသဖြင့် မကိုက်ဟုဆိုကာ(ဟိုင်းလတ်)တို့၏ ယာဉ်စီးခ တက်ဆင်း ၂၀၀ ကျပ် ဖြစ်လာသည်။ ယခင်က ၁၀၀ ကျပ်သာတောင်းသော မီနီဘတ်စ်တို့ကလည်း ကျပ် ၂၀၀ ဖြစ်သွားသည်။ မထသ၏ ခွင့်ပြုချက်ရှိ မရှိတော့ မသိပါ။ ခရီးသည်တို့မှာ ဘယ်ကားစီးစီး တက်ဆင်း ကျပ် ၂၀၀ သာ ပေးရပါသည်။ ယခုအခါ (ဟိုင်းလတ်)များကို ဧပြီလကုန်အထိ ခွင့်ပြုထားသည်ဟု သိရသော်လည်း ကားခကတော့ဖြင့် ပြန်မကျတော့ပါ။ ထောက်ကြန့်အထိ တက်ဆင်း ကျပ် ၂၀၀ သာ ပေးကြရသည်။ ခရီးသည်များမှာ အခြား စီးရန်လည်းမရှိ ကြိတ်မှိတ်စီးနေရပါသည်။ ကျပ် ၂၀၀ မပေးလျှင် ရောက်သည့်နေရာထိုးရပ်ပြီး ခရီးသည်ကို ဆင်းခိုင်းသော (ဟိုင်းလတ်)ယာဉ်နောက်လိုက် အချို့ရှိနေပါသည်။

(ဟိုင်းလတ်)ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များဘက်မှလည်း ခရီးသည်များကို မိသားစုချင်း၊ အသက်ချင်း၊ ငွေကြေးချင်း စာနာကြပြီး မတရားမောင်း၊ မတရားတင်၊ မတရားတောင်းအဖြစ်မျိုး မပြုကြရန် ဆင်ခြင်ကြစေလိုပါသည်။ ရိုင်းစိုင်းစွာ မောင်းချခြင်းမျိုးကို လုံးဝ မပြုလုပ်သင့်ကြပါ။ ယာဉ်ပိုင်ရှင်များဘက်မှလည်း မိမိတို့၏ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့အား နားလည်အောင် ပြောပြမောင်းနှင်ခိုင်းစေသင့်ပါသည်။

တာဝန်ရှိသူများကလည်း တိကျပြတ်သားစွာ အရေးယူစေလိုပါသည်။ အမိုးပေါ်လူတင်သဖြင့် အတိအကျ ဖမ်းဆီးပြီး ပြတ်သားစွာ အရေးယူမည်ဆိုလျှင် ၁၀ စီးပြည့်အောင် မဖမ်းရပါ။ မည်သည့်ကားမျှ တင်ရဲမည်မဟုတ်ပါ။ ယာဉ်စီးခ ပိုတောင်းခြင်းကိုလည်း ထိုနည်းတူပင် ဖြစ်ပါသည်။

ထို့ကြောင့် ခရီးသည်များဘက်မှလည်း စဉ်းစားပေးကြပါ။ "ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းဆွဲသာ"ဆိုသည့် စကာပုံကဲ့သို့ ဝိုင်းဝန်းစဉ်စားဆုံးဖြတ်ပေးကြရန် လိုပါသည်။

အားလုံးအဆင်ပြေကြရန် ခရီးသည်များဘက်မှ မျှော်လင့်ဆုတောင်းနေကြပါ၏။

မူဆယ်ခရိုင် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပ

မူဆယ်၊ မေ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ၊ မူဆယ်ခရိုင်၊ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီခွဲက မူဆယ်မြို့တော်ခန်းမ၌ ကျင်းပကြောင်းသိရသည်။

အဆိုပါ အခမ်းအနားဖွင့်ပွဲတွင် မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောပြီး ခရိုင်စီမံကိန်းဦးစီးမှူးကိုယ်စား ကွတ်ခိုင်မြို့နယ် စီမံကိန်းမှူးက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းတာဝန်များကို ပေးအပ်ရာတွင် မူဆယ်မြို့မှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ နမ့်ခမ်းမြို့မှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကွတ်ခိုင်မြို့မှ မြို့နယ်အုပ်ချုပ်ရေးမှူး စသောသက်ဆိုင်ရာ မြို့နယ်အလိုက် အုပ်ချုပ်ရေးမှူး အသီးသီးများအား မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက တာဝန်ပေးလက်မှတ်များကိုပေးအပ်ကြောင်း သိရပါသည်။

အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ကုမ္ပဏီကိုယ်စားလှယ်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘဏ်လုပ်ငန်း ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်းလည်း သိရသည်။

အယ်လ်စိုး(ပြန်/ဆက်)

သွေးသည်အသက်

တိုက်ခန်းရောင်းမည်

(Panasonic Computer)

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

Ph: 01 - 379385

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းများအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါဦးစီးဌာနနှင့် တက္ကသိုလ်များတွင် ဆောင်ရွက်မည့် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	ကျောင်းအမည်	လုပ်ငန်းအမည်
၁။	နည်းပညာတက္ကသိုလ်(ထားဝယ်)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း
၂။	နည်းပညာတက္ကသိုလ်(တောင်ငူ)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၃။	နည်းပညာတက္ကသိုလ်(ကျောက်ဆည်)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၄။	နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)	(က) သံကူကွန်ကရစ်နှစ်ထပ်စာသင်ဆောင် (၂၀၂'×၆၄')(၂)လုံးဆောက်လုပ်ခြင်းလုပ်ငန်း (ခ) သံကူကွန်ကရစ်အလုပ်ရုံ (၁၂၀'×၇၀'×၂၀')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း (ဂ) သံကူကွန်ကရစ်နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ (၄၈'×၄၉')(၂)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၅။	နည်းပညာတက္ကသိုလ်(ပခုက္ကူ)	RCနှစ်ထပ် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၆။	နည်းပညာတက္ကသိုလ်(ဟသ်ာတ)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၇။	နည်းပညာတက္ကသိုလ်(မအူပင်)	RCနှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၈။	နည်းပညာတက္ကသိုလ်(သန်လျင်)	(က) စာသင်ဆောင်(၁၁၁'×၈၃')Theatare (၂)လုံးဆောက်လုပ်ခြင်းလုပ်ငန်း (ခ) RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၉။	နည်းပညာတက္ကသိုလ်(မကွေး)	RC နှစ်ထပ်(၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄')(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၀။	အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)	RCနှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄') (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၁။	နည်းပညာတက္ကသိုလ်(ပုသိမ်)	RC နှစ်ထပ်(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၆၈'×၄၈'×၂၄') (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၂။	အစိုးရနည်းပညာအထက်တန်းကျောင်း (ကော့သောင်း)	(က) ပင်မနှစ်ထပ်စာသင်ဆောင် (၂၁၇'×၁၃၀') RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း (ခ) (၆)ခန်းတွဲနှစ်ထပ်လူနေဆောင် (၁၄၇'×၄၀') RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၃။	မန္တလေးနည်းပညာတက္ကသိုလ်	ဆရာ၊ဆရာမများအဆောင်(၁၆၈'×၄၈'×၂၄') RC (၂)ထပ်(၂)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၄။	မန္တလေးကွန်ပျူတာတက္ကသိုလ်	ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်(၂)လုံးသံကူကွန်ကရစ် ဆောက်လုပ်ခြင်း
၁၅။	ကွန်ပျူတာတက္ကသိုလ်(မုံရွာ)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ် RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၆။	ကွန်ပျူတာတက္ကသိုလ်(မကွေး)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်း တွဲနှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၇။	ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၈။	ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၁၉။	ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း
၂၀။	ကွန်ပျူတာတက္ကသိုလ်(မအူပင်)	ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၂၁။	ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း
၂၂။	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်	ဆရာ၊ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ်RC (၁)လုံးဆောက်လုပ်ခြင်း
၂၃။	ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်း အင်ဂျင်နီယာသုတေသနဦးစီးဌာန	ဆရာ၊ ဆရာမဆောင်(၁၆၈'×၄၈'×၂၄') (၆)ခန်းတွဲ နှစ်ထပ် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၅-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၆-၆-၂၀၁၄ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်းနံပါတ်-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ကြော်ငြာ — မြင်သာမှုမရှိ) PH:09-5418126 ပါ ကြော်ငြာ

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31268183
09 31589922

ငှားမည်
ဒဂုံတာဝါ(ရွှေဂုံတိုင်လမ်းဆုံ)၊
အဆင့်မြင့်ပြင်ဆင်ပြီး အခန်းငှားမည်။
ဖုန်း-၀၉၇၃၂၀၀၇၄၄၊ ၃၈၀၅၂၇

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။

(က)		Calculator,Casio Brand 16 Digit	50-Nos
(ခ)		ကွန်ပျူတာသုံးစက္ကူ	3-Items
	(၁)	Continuous Computer Stationary (One Ply)(15"x11")(70gsm) 2000 Sheets Per Box	60-Boxs
	(၂)	Continuous Computer Stationary (Two Ply)(15"x11")(70gsm) 2000 Sheets Per Box	240-Boxs
	(၃)	Preprinted Telephone Bill Form(Local)(13"x4.5")(60gsm) (2 Bill Forms Per Sheet)(2000 Sheets)Per Box (or) 4000 Bill Forms Per Box	1360-Boxs
(ဂ)		Ribbon	2-Items
	(၁)	For IBM/Richo Infoprint(6500-V15) (High Speed Line Matrix Printer)	108-Nos
	(၂)	For Printronix(P 7220/P 8220)(High Speed Line Matrix Printer)	36-Nos
(ဃ)		12V 100AH Gel Type Battery (4-Nos/Bank)	206-Banks
(င)		Rectifier System(Brand New)[-48V dc, 90A(30Ax3 modules)] Emerson(Netsure-501 A 41)	103 -Sets
(စ)		10 KVA Engine Generator(3ø,440V)(Perkins)(Diesel)	18-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၀-၆-၂၀၁၄ ရက် ၁၃:၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန www.mict.gov.mmWebsite နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် လိုအပ်သောဓာတ်အားလိုင်းနှင့်ခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရန် ကျေးရွာ(၁၈၇)ရွာတွင် ၃၃ကေဗွီနှင့် ၁၁ကေဗွီ ဓာတ်အားလိုင်းများ အသစ်တည်ဆောက်ခြင်း

(ခ) ဧရာဝတီနှင့်နေပြည်တော်တိုင်းဒေသကြီးတို့တွင် ၁၁ကေဗွီ၊ ၄၀၀ဗို့ဓာတ်အားလိုင်းနှင့်ခွဲရုံများ အသစ်တည်ဆောက်ခြင်း။

(ဂ) ဧရာဝတီနှင့်နေပြည်တော်တိုင်းဒေသကြီးတို့တွင် ၄၀၀ဗို့ ဓာတ်အားလိုင်းများကို ABC System ဖြင့် အသစ်တည်ဆောက်ခြင်း။

တင်ဒါစတင်ရောင်းချမည့်ရက်	-၂၆-၅-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်	-၂၇-၆-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၀၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၀၈၅

စက်မှုဝန်ကြီးဌာန
သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာန၊ ရန်ကုန်အတွက် အောက်ပါစက်ပစ္စည်း(၅)မျိုး ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Submersible Pump	1Set
(ခ)	Friability Tester	1Set
(ဂ)	Dissolution Tester	1Set
(ဃ)	Muffle Furnace	1Set
(င)	Micro-pipette	2Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ယခုသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာန၊ အနောက်ကြို့ကုန်း၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ (ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မျက်နှာချင်းဆိုင်)တယ်လီဖုန်းအမှတ်-၀၁-၅၂၂၆၃၁၊ ၀၁-၅၂၂၆၃၂၊ ၀၁-၆၄၀၃၈၃၌ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် တင်ဒါပုံစံကို ဌာနတွင် တရားဝင်ဝယ်ယူရမည်။ တင်ဒါပုံစံပါစည်းကမ်းချက်များအတိုင်း ပြည့်စုံစွာဖြည့်စွက်၍ ဒုတိယဝန်ကြီး(၁)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်သို့လိပ်မူ၍ ၂၀-၆-၂၀၁၄ရက် ညနေ ၄ နာရီနောက်ဆုံးထား၍တင်သွင်းရန်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

THE CODE OF CIVIL PROCEDURE
တရားမကျင့်ထုံးကိုဒဥပဒေ
(အင်္ဂလိပ်+မြန်မာ)
ဦးကျော်ဇေယျ
ဆိုင်ပေါ်ရောက်ပါပြီ။ ဖုန်း-၀၉၇၃၀၄၅၈၃၅

L.M.A KOREAN LANGUAGE CENTRE
ကိုရီးယား E.P.S (TOPIK) စာမေးပွဲ
ကိုရီးယား အခြေခံ စကားပြော

ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ဦးပိုင်အမှတ်(၄၆/က)၊ ကွင်း/အကွက်အမှတ်(၄၃/၂)၊ ဧရိယာ(၁၀၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သောင်းတင်(၎င်း၏ကိုယ်စားလှယ်စာရသူဒေါ်စန်းစန်းနိုင်[၁၄/မအန(နိုင်)၀၀၂၁၄၈] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေအချို့ပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလင်းနိုင် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၃၄၇၀)
အမှတ်(၃၈၅)၊ ရွှေညောင်ပင်၊ မြစ်ကြီးနားမြို့
ဖုန်း-၀၉၄၇၀၀၀၂၂၉၊ ၀၉-၄၀၀၀၃၆၁၈၇

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

ကန့်ကွက်နိုင်ပါသည်

[illegible]

(၁၀)နှစ်ပြည့်မြောက်လွမ်းရခြင်း
ဗိုလ်မှူးအောင်ကျော်လင်း(ငြိမ်း)

စစ်တက္ကသိုလ်(၂၈)၊ BC-20211

ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းပြန်ကြားရေးဝန်ကြီးဌာန

(၂၆-၅-၂၀၀၄ မှ ၂၆-၅-၂၀၁၄ အထိ)

လေ့လှော်ရင်းတပ်ကျိုး၊ အခက်အခဲတွေ ကျော်လွှားရင်း ခွဲခွာသွားသည်မှာ (၁၀)နှစ်ပြည့်မြောက်သွားခဲ့ပြီဖြစ်သော်လည်း ကျန်ရစ်သူမိသားစုရဲ့ရင်ထဲအမြဲကြေကွဲ၊ ဝမ်းနည်းသတိရလျက်ရှိပါတယ်။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ပေးခဲ့သည့် ကုသိုလ်ကောင်းမှုနှင့်တကွ (၁၀)နှစ်ပြည့်အမှတ်တရ၊ မဟာစည်သာသနာ့ရိပ်သာ၌ သံဃာကုန်အား အရုဏ်ဆွမ်းဆက်ကပ်ပေးသော ကုသိုလ်ကောင်းမှုအား ရောက်ရာဘုံဘဝမှသာဓုခေါ်နိုင်ပါစေ. . .

ကျန်ရစ်သူမိသားစု

မိခင်ကြီး - ဒေါ်ခင်အေးနှင့်
- ညီအစ်ကိုမောင်နှမများ
ချစ်ဇနီး - ဒေါ်နန်းဌေးဌေးဝင်း
သမီးကြီး - မဖူးစန္ဒီကျော် B.E(Civil)
- မပွင့်မဥ္ဇူကျော်၊ တတိယနှစ်ဓာတုဗေဒ၊ ဒဂုံတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်ချို(ဘဏ္ဍာရေးမှူး)၊ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏မိခင်ကြီး(ဘုရား၊ရဟန်း၊ကျောင်း)ဒါယိကာမကြီး ဒေါ်တင်လှ အသက်(၈၅)နှစ်သည် ၂၂-၅-၂၀၁၄(ကြာသပတေးနေ့)နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့
လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)

အမည်မှန်

ဦးမန်ကူထယောဟန်၏သား မြစ်ကြီးနားမြို့၊ အထက(၁)၊ သတ္တမတန်း(A)မှ မောင်ဆိုင်းလတ်အောင်၏ အမည်မှန်မှာ မောင်မန်ကူထဆိုင်းလတ်အောင် ဖြစ်ပါသည်။

စာအုပ်စာပေ
လူ့မိတ်ဆွေ

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မိတ္ထီလာခရိုင်တရားမရုံးတော်၌

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄ နှင့် ဆက်နွှယ်သည့်

၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

ဦးကြည်ဌေး	နှင့်	၁။ ဦးစိုးသက်မောင်
ဒေါ်ခင်အေးမြင့်		၂။ ဒေါ်တင်တင်လှ
တရားနိုင်များ		**တရားရှုံးများ**

ဦးစိုးသက်မောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မာလာမြိုင်လမ်း၊အမှတ်(၁၆)နေ (ယခုနေရပ်လိပ်စာမသိ)နှင့် ဒေါ်တင်တင်လှ၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်၊ ကွဲဆည်ကန်ရပ်ကွက်၊ (၁၁)လမ်းနေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်များဘက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ရက်(၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ်၊ မေလ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
ဒုတိယခရိုင်တရားသူကြီး(၂)
မိတ္ထီလာခရိုင်တရားရုံး

အထူးကျေးဇူးတင်ရှိခြင်း
ဦးမျိုးသန်းအောင်(B.Ag-1972)

အသက်(၆၇)နှစ်

၁၆-၅-၂၀၁၄(သောကြာနေ့) နံနက် ၁၀း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ခဲ့သော ရန်ကုန်မြို့၊ တိုက်B(9)၊ အခန်း(၄၀၂)၊ ကံဘဲ့စည်ပင်အိမ်ရာဝင်းနေ ဦးမျိုးသန်းအောင် အသက်(၆၇)နှစ် ဆေးရုံတက်နေစဉ်ကာလအတွင်း ဆေးရုံ၌ စေတနာအပြည့်ဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့ကြသော တာဝန်ကျဆရာဝန်များ၊ သူနာပြုဆရာမများ၊ သွေးဒါနပြုခဲ့ကြသော သွေးအလှူရှင်များ၊ မအားလပ်သည့်ကြားမှ လူကိုယ်တိုင်လာရောက်အားပေးခဲ့ကြသော ဌာနဆိုင်ရာမှအကြီးအကဲများ၊ ဓမ္မမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ညီအစ်ကိုမောင်နှမသူငယ်ချင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် သတင်းမေးအားပေးနှစ်သိမ့်သူများ၊ ၁၈-၅-၂၀၁၄ ရက်(တနင်္ဂနွေနေ့) နာရေးစျာပနအားလိုက်ပါပို့ဆောင်သော ဌာနဆိုင်ရာမှအကြီးအကဲများ၊ ဓမ္မမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

(နိုင်ငံတော်ကောင်စီဝင်-ငြိမ်း၊ ယခင် အောင်မင်း)၏ဇနီး ဒေါ်ရီအေး အသက်(၈၀)သည် ၁၈-၅-၂၀၁၄ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မင်းတပ်မြို့နယ်အသင်း(ရန်ကုန်)
ကန်ပက်လက်မြို့နယ်အသင်း(ရန်ကုန်)

စိန်ငါးလုံး အာမခံ ကြော်ငြာ
အကြောင်းများ ...

တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၈)လမ်း၊ အမှတ်(၃၆၅)နေအိမ်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၈)လမ်း၊ အမှတ်(၃၆၅) အကျယ်အဝန်းပေ(၂၀×၆၀) ဒေါ်နန်းညွန့်(ဦးမြတ်စံကွယ်လွန်၏ဇနီး) အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ ပျဉ်ထောင်သွပ်မိုး (၂)ထပ်နေအိမ် (ရေမီးအစုံ)သည် ကွယ်လွန်သူများဖြစ်သော ဦးမြတ်စံ၊ ဒေါ်နန်းညွန့်တို့ပိုင် ဖြစ်ပါသည်။

ယင်းမြေနေအိမ်နှင့်ပတ်သက်၍ ပြေလည်ညှိနှိုင်းသဘောတူညီမှု ရရှိပြီးဖြစ်ပါ၍ ၉-၅-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာစာမျက်နှာ(၈)ပါ ကြေညာချက်အား ယခုကြေညာချက်ပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသန်း(မောင်ထက်အောင်နိုင်၏အုပ်ထိန်းသူ)၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်လှ
B.A.,H.G.P.,R.L.,D.B.L(Advocate)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၀၁၁)
အမှတ်(၁၈၀)၊ မြရတနာ(၆)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
Ph:09-5084339

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးသူရအောင်ဖေ(ငြိမ်း) (၈၉)နှစ်

(BC-3592)

လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)

တရားသူကြီးချုပ်ဥက္ကဋ္ဌ(ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)

မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး(သားဖွားမီးယပ်ပညာဌာန)မှ ပါမောက္ခဒေါက်တာဦးအေးအောင်၏ဖခင် ဗိုလ်မှူးကြီးသူရအောင်ဖေ(ငြိမ်း)သည် ၁၉-၅-၂၀၁၄ ရက် ညနေတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လကမ္ဘာအထူးကုဆေးခန်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

Dr.ခင်ရွှေ၊ ပါမောက္ခ၊ သင်္ချာဌာန၊

မန္တလေးအဝေးသင်တက္ကသိုလ်

အသက်(၅၃)နှစ်

မန္တလေးအဝေးသင်တက္ကသိုလ်၊ သင်္ချာဌာနမှ ပါမောက္ခဆရာမကြီး Dr.ခင်ရွှေသည် ၂၁-၅-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ မိမိတို့ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုကို ဆရာမကြီး သာဓုခေါ်ဆိုနိုင်ပြီး ကောင်းရာသုဂတိလားပါစေကြောင်းနှင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေကြောင်း ဆုတောင်းလျက်-

(၂၀၀၉-၂၀၁၁)မြိတ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော

ဆရာ၊ ဆရာမ၊ ချစ်တပည့်များ

ဒေါ်မြတ်သဇင်လှိုင်၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်ကြည်ရွှေ၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးရွှေဝင်း၊ ဒေါ်ဇင်မာထွန်း၊ ဒေါ်ခင်သူဇာလှိုင်၊ ဒေါက်တာတင်တင်ညို၊ ဒေါ်ရှင်နှောင်း၊ ဒေါ်မီမီလတ်၊ ဒေါ်မေသူ၊ ဒေါ်နှင်းဝတ်ရည်၊ ဒေါ်မေဇင်တိုး။

(၄-လ) အတွင်းကျွမ်းကျင်စွာပြောနိုင်ရမည်၊
Quality Control Service တစ်တန်းတွင် (၁၀)ဦးသာ
English Speaking
U Win Maw (Research) 4 Skills
503492 / 516503

TEL - 09-421109444

သွေး သည် အ သက်

မြေကွက်ဝယ်လိုသည်

ဒဂုံတောင်ပိုင်းနှင့် ဆိပ်ကမ်းမြို့နယ်

Ph:09-73089737, 09-250504986,
09-425289003,09-425289004

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဖွားစိန်မြိုင်
အသက်(၁၀၆)နှစ်

မြိတ်မြို့၊ ငွေလမင်းစတိုးနေ ဒေါ်ခင်လေးသန့်၏ မိခင် ဖွားစိန်မြိုင်သည် ၂၀-၅-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ကျင်ဝင်း၊ ဒေါ်ခင်ဝင်း၊ ဒေါ်ခင်ညိုဝင်း၊
ဒေါ်စမ်းကြွေ၊ ဒေါ်ကျင်စုနှင့် ရန်ကုန်မှ သူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး၊ လမ်း၊ တံတား၊ ရေစင်၊ တိပိဋကဒါယိကာမကြီး

ဒေါ်ညိုညို(မန္တလေး) (၇၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အိမ်တော်ရာဘုရားမြောက်ဘက်နေ ဗိုလ်မှူးအေးကို-ဒေါ်ဝင်းဝင်းတင်၊ ဒေါ်အေးအေး၊ ဦးစန်းဝင်း-ဒေါ်ခင်မမ၊ ဦးကျော်ငြိမ်း-ဒေါ်စန်းစန်း၊ ဦးထွန်းလှအောင်-ဒေါ်ဖြူဖြူခိုင်တို့၏ အစ်မကြီး၊ တူ/တူမ ရှစ်ယောက်၊ မြေးရှစ်ယောက်တို့၏ ချစ်လှစွာသောအဘွား ရွှေလရောင်သက်န်းတိုက်ပိုင်ရှင် ဒေါ်ညိုညိုသည် ၂၄-၅-၂၀၁၄(စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄(တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် အထက်ပါနေအိမ်မှ ကားများထွက်၍ အေးရိပ်ငြိမ်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ရှိန်
အသက်(၅၅)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာမှ ပြည်သူများအတွက် မွန်မြတ်သော စာကြည့်တိုက်ဖြစ်မြောက်ရန် ကြိုးစားပေးခဲ့သော နယ်မြေ ၁၃-၁၄-၁၅၊ ဗိုလ်ချုပ်ကျေးရွာပြည်သူ့စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ရှိန်သည် ၂၃-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီနှင့်
မှတ်တိုင်-ပန်းတိုင်ပညာရေးကူညီမှုအသင်း

ဒေါက်တာတင်မိုးမိုးလှိုင်
သားဖွားမီးယပ်အထူးကုဆရာဝန်(ငြိမ်း)၊
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)
အသက် (၄၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ရပ်ကွက်၊ မြန်မာ့အသံ အရာထမ်းအိမ်ရာ၊ အခန်းအမှတ်(၁/က)နေ ဦးတိုးကျော်[တွဲဖက်ညွှန်ကြားရေးမှူး(တေးဂီတ) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား]၏ ဇနီး၊ [ဦးအုန်းကျော်(လ/ထ မြို့နယ်ပညာရေးမှူး)]-ဒေါ်လှသင်(ခရိုင်ပြန်/ဆက်၊ ဦးစီးအရာရှိ-ငြိမ်း)၊ ပြင်ဦးလွင်မြို့သစ်နေ ဦးအောင်ဆန်း(မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်မြဝင်း(မြန်မာ့မီးရထား-ငြိမ်း)တို့၏သမီး ဒေါက်တာတင်မိုးမိုးလှိုင်သည် ၂၃-၅-၂၀၁၄(သောကြာနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာတင်မိုးမိုးလှိုင်
အသက်(၄၂)နှစ်

သူငယ်ချင်းဦးတိုးကျော် [တွဲဖက်ညွှန်ကြားရေးမှူး(ဂီတ)၊ တေးဂီတဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား]၏ဇနီး ဒေါက်တာတင်မိုးမိုးလှိုင် [သားဖွားမီးယပ်အထူးကုဆရာဝန်(ငြိမ်း)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)] အသက်(၄၂)နှစ်သည် ၂၃-၅-၂၀၁၄ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)
ကျောင်းဆင်းသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းတင် (သေိုင်းချောင်း)

မုံရွာမြို့၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး တိုင်းအမှတ်(၄)မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ဦး-ဒေါ်ခင်ငွေဝင်းတို့၏ဖခင်ကြီး ဦးထွန်းတင်သည် ၂၂-၅-၂၀၁၄ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည် GTI မှ ဆရာ/ဆရာမများနှင့်
၁၉၈၃ (မြို့ပြ) ကျောင်းသူ/ကျောင်းသား
သူငယ်ချင်းများ

ကျေးဇူးအထူးတင်ရှိခြင်း

ထိုင်းနိုင်ငံ၊ ချင်းရိုင်မြို့၊ Chiangrai Regional Hospital ၌ ကွယ်လွန်သွားသော မောင်စည်သူစိန်သိဏ်း၏နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ချင်းရိုင်နာရေးကူညီမှုအဖွဲ့၊ မယ်ဆိုင်လူမှုကရုဏာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့၊ တာချီလိတ်နာရေးကူညီမှုအသင်းဥက္ကဋ္ဌနှင့်အဖွဲ့၊ ရွှေတာချီခရီးသွားလုပ်ငန်းဥက္ကဋ္ဌနှင့်အဖွဲ့၊ တာချီလိတ်မြို့နယ်ဥက္ကဋ္ဌ၊ ဆည်မြောင်းဦးစီးဌာနနှင့် တာချီလိတ်မှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

ဒေါ်သီတာတင်
စန္ဒီစိန်သိဏ်း
ဟေမာန်စိန်သိဏ်း

ဦးမြင့်(ခ)ဦးသိန်းအောင်
အသက်(၇၉)နှစ်
(ရုံးအုပ်၊ လဝက-ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဆဒ္ဒါန်လမ်း၊ အမှတ်(၁၁/က)နေ (ဦးသိန်းဖေ-ဒေါ်ဖွားမေ)တို့၏သား၊ (ဒေါ်မြရင်)၏ခင်ပွန်း၊ ဒေါ်တင်ရွှေ၊ ဦးအေးကျော်-ဒေါ်ခင်သိန်းနိုင် (ဦးစီးအရာရှိ လဝက)တို့၏ မွေးသဖခင် ဦးမြင့်(ခ)ဦးသိန်းအောင်သည် ၂၅-၅-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၄(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုင်းဆမ်တစ်(ကျိုင်းတုံ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၂၀)၊ ငါးလွှာ(A)နေ ဒေါ်နန်းခမ်းလိုင်း၏ခင်ပွန်း၊ နန်းအောလပင်း-ဦးဝေလွင်၊ နန်းဝိုးတစ်၊ နန်းလတ်ဆမီ၊ နန်းစံမုဒ်-ဦးမောင်မောင်ဇော်၊ စိုင်းရွက်ဟတ်-ရှီးလှိုင်ထွီး၊ စိုင်းငင်းဟတ်တို့၏ဖခင်၊ စိုင်းအောင်နိုင်ဝင်း၏အဘိုးသည် ၂၅-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၉း၁၉ နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်ကျင်လှိုင် အသက်(၉၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ တိုက်(၁၆)၊ အခန်း(၃/ခ)၊ သိပ္ပံလမ်းနေ (ဦးတူးတိန်ဖောင်-ဒေါ်ရင်)တို့၏သမီး၊ (ဦးရွှေ)၏ဇနီး၊ သိပ္ပံလမ်း၊ အမှတ်(၂၇)နေ (ဦးညောင်စိန်)-ဒေါ်ရီတို့၏ညီမ၊ ဦးမြင့်ဦး-ဒေါ်ရှုမေတို့၏မိခင်၊ တူ/တူမ ၁၉ယောက်တို့၏ အဒေါ်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၅-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၀၀း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၁၄(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဘထွန်း(ပုတီးကုန်း) (၈၇)နှစ်
အမှုဆောင်အင်ဂျင်နီယာ(ဆောက်လုပ်ရေး)
ဟင်္သာတအသင်းနာယက

ပြည်ခရိုင်၊ ပုတီးကုန်းမြို့နေ (ဦးညို-ဒေါ်မမကြီး)တို့၏ သား၊ ဦးထွန်းမြင့်ညို-ဒေါ်ခင်ဖြူဖြူတို့၏ အစ်ကို၊ ဟင်္သာတမြို့နေ (ရွှေနှင်းဆီဦးချစ်မောင်-ဒေါ်သန်း)တို့၏ သားသမက်၊ အမှတ်(၇၃)၊ ဆင်ရေကန်လမ်း၊ ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ်နေ ဒေါ်သင်းသင်းကြည်၏ ခင်ပွန်း၊ ဒေါ်ကေသီထွန်း(အောင်ကမ္ဘာကုမ္ပဏီ)၊ ဦးဇာနည်ထွန်း-ဒေါ်အေးမြဝင်း၊ ဦးသူရိန်ထွန်း-ဒေါ်မေသူစံကျော်ငြိမ်း၊ ဦးမိုးမင်းထွန်း-ဒေါ်အိအိမျိုးတို့၏ဖခင်၊ မရှင်းသန့်ဖြူ၊ Mousy တို့၏အဘိုး ဦးဘထွန်းသည် ၂၅-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အုန်း (၆၇)နှစ်
(ဂုန်နီစက်ရုံ-ငြိမ်း)

(ဦးမောင်ရွှေ-ဒေါ်ပု)တို့၏ သမီး၊ (ဦးမောင်-ဒေါ်ခင်လေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ကျွဲကုန်းကံလမ်း၊ အမှတ်(၁၄/က)နေ (ဦးကံရင်)၏ဇနီး၊ ဒေါ်သန်းကြည်(မန်နေဂျာ၊ ဂုန်လျှော်-ငြိမ်း)၊ ဒေါ်လှမြင့်(သစ်လုပ်ငန်း-ငြိမ်း)၊ ဦးတင်ကြည်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်သန်းသန်းစိုး၊ ဦးတင်စိုး(လ/ထ မန်နေဂျာ၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်စန်းကြည်၊ ဦးမြင့်ဦး-ဒေါ်ကြည်မြင့်တို့၏အစ်မ၊ မရွှေယဉ်ဖြိုး၏ အဒေါ်၊ ဒေါက်တာသက်မွန်ဝင်း(လ/ထ ကထိက၊ ဒဂုံတက္ကသိုလ်၊ သင်္ချာဌာန)၊ ဒေါ်လဲ့မွန်ဝင်း (Senior Manager, MIT)တို့၏ မွေးသမိခင် ဒေါ်အုန်းသည် ၂၄-၅-၂၀၁၄(စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းဝင်း(ပဲခူး) (၆၅)နှစ်
အထက်တန်းကျောင်းအုပ်ကြီး-ငြိမ်း၊ သက္ကလမြို့

ပဲခူးမြို့နေ (ဦးဘိုးရွှေ-ဒေါ်စိန်မြ)တို့၏သမီး၊ (ဦးကျော်သန်း)-ဒေါ်ပြုံးဇင်၊ ဦးတင်လှ-(ဒေါ်သန်းနု)၊ (ဦးသောင်းထွန်း)-ဒေါ်ခင်လှ၊ ဦးသံဒိုင်-ဒေါ်ကြည်အုံးတို့၏ညီမ၊ ဦးမောင်-ဒေါ်စန်းနု၊ (ဒေါ်ခင်မြသင်း)တို့၏အစ်မ၊ ဒေါ်စိုးအိအိလတ်၊ ဦးနေမျိုးဝင်း-ဒေါ်စိုးပပထိုက်၊ MR. JEAN-YVES BRANCHARD-ဒေါ်စိုးအေမီကျော် (ANANDA Co., Ltd.)တို့၏ မိခင်၊ အမှတ်(၃၃၈)၊ ကြည်တော်ကုန်း(ခ)ရပ်ကွက်၊ (၁)လမ်း၊ ပဲခူးမြို့နေ ဦးမင်းထွန်းဦး(မြို့နယ်ပညာရေးမှူး၊ ချောင်းဆုံမြို့)၏ဇနီးသည် ၂၅-၅-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

အရာခံဗိုလ်မောင်ထွန်း(ငြိမ်း) (ကပစ-၄)
၉မိုင် ပင်မပုဒ္ဓဝါဒီကမ္မဋ္ဌာန်းကျောင်းတိုက်ဥက္ကဋ္ဌကြီး ကမ္ဘာအေး၊ ရေကူး
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ရေကူးရွာမလမ်း၊ အမှတ်(၁၃၈/က)နေ (ဦးဘာဘူ-ဒေါ်ပု)တို့၏သား၊ (ဦးရွှေရ-ဒေါ်ယူ)တို့၏သားသမက်၊ (ဦးထွန်းရွှေ-ဒေါ်အုန်းမေ)တို့၏မောင်၊ ဒေါ်ဝင်း၏ခင်ပွန်း၊ (ဦးလှမြင့်-ဒေါ်ငွေဟန်)၊ (ဦးလှမြင့်)-ဒေါ်နုနုအေး(လ/ထ ညွှန်မှူး-ငြိမ်း၊ စက်မှု-၂) ဦးသန်းထွန်း (ဒုဌာနမှူး၊ ငြိမ်း၊ ရေ/သန့်၊ မြို့တော်စည်ပင်)-ဒေါ်စုစုအေး (အလပြ-ငြိမ်း၊ မ/၃၉၊ သာကေတ)၊ ဦးထွန်းဝင်း-ဒေါ်တင်တင်ဝင်း(လ/ထမန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးစိုးဝေ-ဒေါ်ဘေဘီ၊ ဦးမျိုးသန့်၊ ဒေါ်စန်းစန်းအေး၊ ဦးရွှေလှဝင်း၊ ဦးစောနိုင် (လ/ထ မန်နေဂျာ၊ ကျောက်မျက်ပြတိုက်၊ ရန်ကုန်)-ဒုရဲအုပ်ခင်သီတာကျော်(Tourist Police)၊ ဦးလှဟန် (Unisuccess Maritine Services)-ဒေါ်သန်းသန်းငွေ၊ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းထွေး(ငြိမ်း) (ညွှန်ကြားရေးမှူး၊ စက်မှုသီးနှံ)-ဒေါ်ရီရီအေးတို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၄-၅-၂၀၁၄(စနေနေ့) ည ၇း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးဝမ်းဖေ(တောင်တွင်းကြီး) (၈၇)နှစ်
(ရှီးမ-ပုံနှိပ်တိုက်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၂၈/၃၀)၊ လေးလွှာနေ (ဦးဘဆင်-ဒေါ်ခင်ရှု)တို့၏သားလတ်၊ (ဦးအေးချို)-ဒေါ်မြင့်ကြိုင်၊ (ဦးဖေသန်း)-ဒေါ်တင်မြတို့၏ ညီ/အစ်ကို၊ ဒေါ်ခင်အိ၏ခင်ပွန်း၊ (ဦးတင်ဝင်းအောင်)-ဒေါ်ခင်ဝမ်းအိ၊ ဦးခင်ဇော်-ဒေါ်ညွန့်ဝမ်းအိ၊ ဦးမိုးဦး(1/E, M.TCHEN WAY GIAI)-ဒေါ်ကြည်ကြည်သောင်း၊ ဦးစိုးညွန့်ဦး-ဒေါ်ဝင်းရီ၊ ဦးတိုးမြင့်ဦး (PIL Co., Singapore)-ဒေါ်ညွန့်ညွန့်ကြည်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မယုယုခိုင်၊ ကိုဇော်ထူး-မသီသီခိုင်၊ ကိုနေဝင်းအောင်၊ ကိုကျော်စည်သူ-မအိအိခိုင်၊ ကိုကျော်မျိုးဝင်း-မအိသာယာချမ်းမြေ့ဇော်၊ မအိရှုပါချမ်းမြေ့ဇော် (ISHIDA-Japan)၊ ကိုတည်ကြည်မိုးဦး-မယမုံမေဦး၊ မောင်အောင်ခန့်မိုးဦး၊ ကိုဝဏ္ဏထွန်း-မနွေးရည်ဦး၊ ကိုသော်ပြည့်ဝန်း၊ ကိုကောင်းမြတ်သူ၊ မဇင်သော်သော်ဦး(JCU-စင်ကာပူ)၊ မောင်သော်ထက်ဦးတို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၅-၂၀၁၄(စနေနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန်၊ ထီး ဒါယကာကြီး
ရပ်မိရပ်ဖ၊ ဘောဂရပ်ကွက်
ကုလားတန်းကျေးရွာ

ဦးသန်းလွင် (၈၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၃၉)နေ (ဦးနာဂူ-ဒေါ်ခင်လှ)တို့၏သား၊ (ဦးသာဟန်-ဒေါ်နှင်းမြိုင်)တို့၏ သားသမက်၊ ဒေါ်အေးရီ၏ခင်ပွန်း၊ ဦးမောင်ဦးကြည်-ဒေါ်ပြုံးချိုရီ၊ ဦးစိုးဝင်း-ဒေါ်ရီရီသန်း၊ ဦးထင်ကျော်-ဒေါ်တင်တင်လွင်၊ ဦးမြင့်လွင်-ဒေါ်သီတာဝင်းမောင်၊ ဦးကျော်သူထွန်း-ဒေါ်အေးအေးမြင့်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

ဒေါ်အုန်းရီ(နေပြည်တော်)
အသက်(၈၀)
(အလုံ)

ဓနုဖြူမြို့နေ (ဦးဖိုးဆောင်း-ဒေါ်သိန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ်(၂၂)နေ (ဦးမြသန်း)၏ ဇနီး၊ ဦးမျိုးမြင့်(MEPE)-ဒေါ်ခင်ခင်စန်း(ခ)အညိုတို့၏ မိခင်၊ ဦးဝင်းနိုင်ဦး-ဒေါ်မျိုးမျိုးစန်း၊ ကိုမောင်မောင်ငွေ-မသန္တာခင်တို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားသည် ၂၅-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြမြ (၇၃)နှစ်

ဒါးပိန်မြို့နေ (ဦးအောင်သန်း-ဒေါ်မှတ်)-ဒေါ်ဝင်းကြည်တို့၏သမီး၊ ရွှေပေါက်ကံမြို့၊ ဆည်မြောင်းဝန်ထမ်းအိမ်ရာ၊ အမှတ်(၄/၉/၁)နေ (ဦးသန်း)၏ဇနီး၊ (ဦးဝင်းကြည်)-ဒေါ်ခင်သိန်း၊ ဦးဝင်းတင်-ဒေါ်ရီရီတို့၏ အစ်မကြီး၊ (ဦးဇော်)၊ (ဦးမြင့်အောင်)၊ ဦးမြင့်ဝေ-ဒေါ်အေးအေးမာ(မြို့/အိုး)၊ ဦးစိုးလွင်-ဒေါ်မိမိခိုင်၊ ဦးမြင့်သိန်း-ဒေါ်လဲ့လဲ့ခိုင် (မိုးကောင်း)၊ ဦးထွန်းသန်း၊ ဦးကျော်သူ (အဏ္ဏဝါအောင်ရေခဲနှင့်ငါးလုပ်ငန်း)၊ ဒေါ်နွယ်နီအေး၊ ဦးကျော်စိုး-ဒေါ်မြသီတာ၊ မအိအိသော်(ဆ/မ ရုံးချုပ်)၊ မသန်းသန်းအိ၊ မသိမ့်သိမ့်ထွေး(ဆ/မ)တို့၏မိခင်၊ မြေး ၁၇ ယောက်တို့၏ အဘွားသည် ၂၅-၅-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်း (၆၇)နှစ်
ဦးစီးမှူး၊ ဆည်မြောင်း(ငြိမ်း)
အကြီးတန်းလိုင်စင်အင်ဂျင်နီယာ (YCDC)

မုံရွာမြို့နေ (ဦးဘစိန်-ဒေါ်အုန်းစိန်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၁၃၉/၁၃၀)နေ ဒေါ်ခင်လှမြင့် (အထက်တန်းပြ-ငြိမ်း၊ အထက-၁၊ စမ်းချောင်း)၏ခင်ပွန်း၊ ကိုသက်ဇော်၊ ကိုနီလင်း (MPRL E&P)-မထိုက်ထိုက်သက်၊ ကိုအောင်ဟိန်း-မနှင်းရည်သန့် (နှင်းနှင်းပွဲရုံ)၊ မဖြိုးဖြိုးဟိန်း (Yatan arpon Teleport)တို့၏ဖခင်၊ ဒေါ်ခင်လှတင် (မြန်မာစာအဖွဲ့)၊ ဦးစိုးတင်-(ဒေါ်မြစီ)၊ ဦးစိုးတင့်-ဒေါ်တိုးတိုးယဉ်၊ ဒေါ်မွေးကြူကြူ (ရောဂါရှာဖွေရေးကျွမ်းကျင်သူ) ဦးထင်လင်း(လင်းစန်)တို့၏အစ်ကို၊ မောင်ဟိန်းဆက်၊ မောင်ဘုန်းသန့်တို့၏အဘိုး ဦးဇော်ဝင်းသည် ၂၄-၅-၂၀၁၄ရက် ည ၉း၁၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄ (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မေသီ (၄၆)နှစ်

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့နေ ဦးဟွေးကျင်-ဒေါ်မယဉ်တို့၏ ဆဌမမြောက်သမီး၊ ဒေါ်ခွာကီး-Rev. Dr. Khe Kung၊ ဦးပိုင်အုပ်၊ ဒေါ်ရီရီ (တိုင်းရင်းသားစတိုးဆိုင်၊ မတူပီ)၊ ဒေါ်ဖွာကူး-ဦးဆားဟာ၊ ဒေါ်ပေါ်မတို့၏ ညီမ၊ ဒေါ်ခင်မြင့်ကြူ-ဦးဝုန်အုပ်၊ မငွန်ထွေး(မြန်မာ့ဆက်သွယ်ရေး၊ ဟားခါးမြို့)၊ မောင်ထောင်မင်းလျန်၊ မအက်စတာမိုးသဲ(သူနာပြု၊ ရေဇွာ)၊ မောင်သိန်းကျော်ဦးတို့၏အစ်မ၊ မောင်နေလင်းအောင်၊ မရွှေလှေ့၊ မမာစီတို့၏ မွေးသမိခင်၊ [ဦးငွန်ဟူး (နာရိန်ရွာ)]၏ချစ်ဇနီး ဒေါ်မေသီသည် ၂၄-၅-၂၀၁၄(စနေနေ့) ညနေ ၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ရှိ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ကုလားကျောင်းမှတ်တိုင်၊ အင်းစိန်လမ်းမမှ လည်းကောင်း၊ မြောက်ဒဂုံ ၄၆ မှတ်တိုင်၊ ပြည်ထောင်စုလမ်းမနှင့် နေအိမ်တို့မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၅-၂၀၁၄ ကြေးမုံသတင်းစာ စာမျက်နှာ (၂၃)ပါ ဦးညွန့်ရှိန် အသက် (၉၆)နှစ် နာရေးကြော်ငြာတွင် ဒေါ်သောင်းရှိန်၏ခင်ပွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကုက္ကန္ဒက(မြို့နယ်သြဝါဒါစရိယ)
(သက်တော်ရှည်၊လယ်ကိုင်းဆရာတော်ကြီး)
ညောင်တုန်းမဟာဝိသုတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်သစ်သြဝါဒါစရိယ
သိက္ခာတော်(၈၂)ဝါ၊ သက်တော်(၁၀၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ မီးသွေးချောင်းကျေးရွာ အုပ်စု၊ လယ်ကိုင်းကျေးရွာ၊ လယ်ကိုင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက သက်တော်ရှည် လယ်ကိုင်းဆရာတော်ကြီး ဘဒ္ဒန္တကုက္ကန္ဒက (မြို့နယ်သြဝါဒါစရိယ) ကျေးရွာသံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်ကြီးသည် (၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ရက်) ၂၄-၅-၂၀၁၄(စနေနေ့) ညနေ ၃း၁၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုရုဇရုပ်ကလာပ်တော်ကို (၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၁ရက်) ၈-၆-၂၀၁၄(တနင်္ဂနွေနေ့)တွင် လယ်ကိုင်းကျောင်းတိုက်၌ အနှိုင်းမဲ့ဂိုဏ်းဈာပနအခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကျော်လွင် (၈၄)နှစ်
ယခင်ကုန်သွယ်ရေး-(၁၂) မန်နေဂျာ

ရန်ကုန်မြို့နေ (ဦးဘကြွယ်-ဒေါ်သိန်းတင်)တို့၏သားထွေး၊ (ဦးမြင့်-ဒေါ်နု)တို့၏သားသမက်၊ [ဒေါ်ခင်မေမြင့် (ဌာနစုဦးစီးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန-ငြိမ်း)]၏ ကျေးဇူးရှင်ခင်ပွန်း၊ ဒေါ်ခင်မေလွင်၊ ဦးထွန်းထွန်းနိုင်(ခ)ကိုနိုင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီးသည် ၂၅-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၂း၂၅နာရီတွင် အမှတ်(၁၂၆၉)၊ ကန်သာယာ(၁)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးကျော်လွင် (၈၄)နှစ်
(ယခင်ကုန်သွယ်ရေး ၁၂မန်နေဂျာ)

ရန်ကုန်မြို့နေ(ဦးဘကြွယ်-ဒေါ်သိန်းတင်)တို့၏သားထွေး(ဦးမြင့်-ဒေါ်နု)တို့၏သားသမက်(ဒေါ်ခင်မေမြင့်)(ဌာနစုဦးစီးမှူး၊ကုန်သွယ်ရေးဦးစီးဌာန-ငြိမ်း)၏ ကျေးဇူးရှင်ခင်ပွန်း၊ ဒေါ်ခင်မေလွင်၊ဦးထွန်းထွန်းနိုင်(ခ)ကိုနိုင်တို့၏ချစ်လှစွာသော ကျေးဇူးရှင် ဖခင်ကြီးသည် ၂၅-၅-၂၀၁၄(တနင်္ဂနွေနေ့)နံနက် ၂း၂၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် မိသားစုဆွေမျိုးများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

တူသား-ဦးဝင်းကို-ဒေါ်ခင်သန်းလှ
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲတော်ရှင်

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေး(သထုံ) (၇၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ်(၇)၊ လေးလွှာနေ (ဦးကျန်တုံကျန်)၏ ဇနီး၊ ကျန်းယံ့ချန်-ကျန်းဖုမင်(တရုတ်ပြည်)၊ ကျန်းရှုအင်း-ဝူတျန်ယို(တရုတ်ပြည်)၊ ဦးကျော်သန်း-ဒေါ်တင်တင်ဦး၊ ဒေါ်သန်းသန်းအေး(ထ-၂ ဒလ)၊ ဦးသားထူး-မယု(ကြို့ကုန်း)၊ ဒေါ်အေးအေးခိုင်၊ ဦးထွန်းထွန်းဦး(တာမွေ)၊ မသင်းသင်းခိုင်-ကိုကျော်အောင်၊ မဝင်းဝင်းနိုင်တို့၏မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်အေးသည် ၂၄-၅-၂၀၁၄(စနေနေ့) နံနက် ၃နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းနိုင်(ခ)ဝင်းဦး(ပျဉ်းမနား)
ရွှေမန်းသူ(ယာဉ်မောင်း) ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပလရအပိုင်၊ ရွှေနှင်းဆီရပ်ကွက်၊ သစ္စာလမ်းနေ (ဦးထွန်းလွင်-စက်မှုလယ်ယာ၊ငြိမ်း)-ဒေါ်စိန်ကြည် (ပျဉ်းမနား)တို့၏သား၊ ဦးဝင်းမြင့်-ဒေါ်အေးအေး၊ ဦးဝင်းမောင်-ဒေါ်ရင်နွဲ့တို့၏ညီ၊ ဒေါ်ခင်မမ (အမှတ်-၁၊ ဆေးဝါးစက်ရုံရန်ကုန်)၏မောင်၊ ဒေါ်စိုးစိုးစံ၏ခင်ပွန်း၊ မောင်ထူးမြတ်နိုင်(ခ)မောင်ရန်ပိုင်ဦး၏မွေးသဖခင်သည် ၂၄-၅-၂၀၁၄(စနေနေ့) နံနက် ၇နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကိုပိုင်စိုးအောင် (၃၉)နှစ်
တိုင်းရင်းဆေးပညာဒီပလိုမာ
အပတ်စဉ်(၂၄)၊ အောင်ဇေတိုင်းရင်းဆေးဝါးလုပ်ငန်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်(၂)လမ်း၊ အမှတ်(၂၂)နေ ဆရာဦးအောင်မောင်း[(လ/ထ ကထိက-ငြိမ်း၊ ရန်ကင်းပညာရေးကောလိပ်) အဘိဓမ္မာသင်တန်းနည်းပြဆရာ (မင်္ဂလာဗျူဟာ အသင်းချုပ်)]-ဒေါ်ကြင်လှိုင်တို့၏သားငယ်၊ ဦးကြင်ဝမ်း-ဒေါ်တင်တင်ဝင်း(မြစ်ကြီးနားမြို့)၊ ဦးနေဝင်း-ဒေါ်စန်းမြင့်(ဟင်္သာတမြို့)တို့၏တူ၊ ဦးစိုးမိုးအောင်-ဒေါ်သက်တင်အေး (အလက၊ ရန်ကင်းတီတီစီ)တို့၏ ညီ/မောင်၊ ဒေါ်ဥမ္မာအောင် (မြို့နယ်တိုင်းရင်းဆေးမှူး၊ ရန်ကုန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ)၏မောင်၊ မမွန်မွန်အောင်၏အစ်ကို၊ မောင်ခန့်ကျော်စွာလင်း၊ မမြတ်မွန်ခင်တို့၏ချစ်လှစွာသောဦးလေး ကိုပိုင်စိုးအောင်သည် ၂၄-၅-၂၀၁၄(စနေနေ့) နံနက် ၆း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်ရီ (၇၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၄)နေ (ဦးသောင်းထိုက်)၏ ဇနီး၊ ဦးခင်မောင်ကျော်-ဒေါ်လှလှထွေး၊ ဦးခင်မောင်မော်-ဒေါ်မိမိခိုင်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၄-၅-၂၀၁၄(စနေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)

ဦးဝမ်းဖေ(နာယကကြီး)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၂၈/၃၀)၊ လေးလွှာနေ ဒေါ်ခင်အိ၏ ခင်ပွန်း ဦးဝမ်းဖေသည် ၂၄-၅-၂၀၁၄(စနေနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၄ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်ဖြစ်ပါ၍ အသင်းသား၊ အသင်းသူများ လိုက်ပါပို့ဆောင်ပေးရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်အထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၂၅

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်အထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံဆွေးနွေးသည်။**(အပေါ်ပုံ)**

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်အထောက်အကူပြုကော်မတီများက ပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း၊ ပြည်သူလူထုအကျိုးအတွက် အဓိကထားကာ လိုအပ်သည်များကို ဝိုင်းဝန်းစုပေါင်း ပူးပေါင်းဆောင်ရွက်ကြရန်လိုပါကြောင်း၊ သို့မှသာ ပိုမိုကောင်းမွန်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်အထောက်အကူပြုကော်မတီများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မိမိတို့မြို့နယ်အလိုက် ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လိုအပ်ချက်များနှင့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဆက်သွယ်ရေးဝန်ဆောင်မှု မြန်နှုန်းမြင့်ဖြင့် စတင်တော့မည်ဟု စာနယ်ဇင်းရှင်းလင်း

သတင်း » သီသီမင်း၊ ဓာတ်ပုံ » ဌေးနိုင်

ရန်ကုန် မေ ၂၅

Ooredoo မြန်မာက တည်ဆောက်နေသည့် 3G ဆက်သွယ်ရေးစနစ်သည် မြန်မာပြည်အတွင်းတွင် အဆင့်အမြင့်ဆုံးကွန်ရက်ဖြစ်လာမည်ဖြစ်ပြီး ဆက်သွယ်ရေးတာဝါတိုင်တစ်ခုလျှင် အသုံးပြုသူပေါင်းများစွာကို ဝန်ဆောင်မှုပေးနိုင်မည့် မြန်နှုန်းမြင့်အင်အားရှိမည်ဖြစ်ကြောင်း၊ Ooredoo မြန်မာက ဖိုင်ဘာအရှည် ၁၂၀၀ ကီလိုမီတာကိုပါထည့်ပေါင်းပါက အသံကြည်လင်ပြတ်သားသော မိုဘိုင်းဆက်သွယ်ရေးစနစ်နှင့် မြန်ဆန်သွက်လက်သည့် သတင်းအချက်အလက်ပေးပို့ရယူခြင်းများကို Ooredoo မြန်မာ၏ ကွန်ရက်ချိတ်ဆက်ထားသောနေရာတိုင်းတွင် ရယူအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်တည်ဆောက်ရာတွင် အခက်အခဲများရှိသည့်ကြားကပင် ယခုနှစ် တတိယသုံးလပတ်ခန့်အချိန်တွင် ဝန်ဆောင်မှုများ စတင်ပေးနိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ယနေ့ပြုလုပ်သည့် အထူးသတင်းစာရှင်းလင်းပွဲ၌ Ooredoo မြန်မာ၏အလုပ်အမှုဆောင်အရာရှိချုပ် Ross Cormack ကပြောကြားသွားသည်။

ယင်းလုပ်ငန်း၏ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးမန်နေဂျာ မသီရိကြည်က "ကျွန်မတို့က ကိုယ်ပိုင်ဖိုင်ဘာလိုင်း ၁၂၀၀ ကီလိုမီတာပြီးစီးသွားပြီ။ အခု အလုပ်လုပ်နေတဲ့ ဖိုင်ဘာလိုင်းပါ၊ ကီလိုမီတာ ထောင်ပေါင်းများစွာကို ဒီနှစ်ကုန်မှာ ဆက်လုပ်မှာပါ။ ဆောက်လုပ်ဆဲကိုယ်ပိုင်တာဝါတိုင် ၄၀၀ ကျော်မှာ ၁၀၀ ကျော်က ပြီးသွားပါပြီ။ Data Center သုံးခု ဆောက်နေတာ အခုရန်ကုန်နဲ့ မန္တလေးမှာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❋

MFF Cup ဖူဆယ်ပြိုင်ပွဲ မေ ၂၇ ရက် စတင်မည်

မြန်မာ့လက်ရွေးစင်အသင်းတွင်ပါဝင်မည့် အောင်ကျော်မိုး။

MFF Ooredoo Futsal Cup 2014 ပြိုင်ပွဲကို မေ ၂၇ ရက်မှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲပထမနေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ပြီး သရုပ်ပြပွဲအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်းအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်အားကစားနည်းတိုးတက်ရေးအတွက် ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပြီး ယခုပြိုင်ပွဲမှအလားအလာရှိသော အားကစားသမားများကို မြန်မာ့လက်ရွေးစင်အသင်း၌ ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဟောင်းအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမျိုးဝင်းညွန့်၊ ကစားသမားများအဖြစ် ကြည်လွင်၊ မျိုးလှိုင်ဝင်း၊ မောင်မောင်ဌေး၊ စိုင်းမောင်မောင်ဦး၊ အောင်ကျော်မိုး၊ ယဉ်မင်းအောင်၊ တင့်နိုင်ထွန်းသိန်း၊ ဇော်နိုင်၊ ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း၊ ကိုကိုအောင်၊ သန်းဝဏ္ဏအောင်နှင့် ကျော်ဇင်ညွန့်တို့ ပါဝင်ကြသည်။

(သတင်းနှင့် ဓာတ်ပုံ » ချစ်ကိုကို)

ချန်ပီယံလိဂ်ဖလား ရီးယဲလ်မက်ဒရစ်ဆွတ်ခူး

နိုင်လင်းကြည်

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းတွင်ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် စပိန်လာလီဂါမှ မက်ဒရစ် မြို့ခံနှစ်သင်းယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ယင်းသို့ ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းသည် ရီးယဲလ်မက်ဒရစ်အသင်းအတွက် (၁၀)ကြိမ်မြောက်ဆွတ်ခူးခဲ့သည့် ဥရောပဖလားလည်းဖြစ်လာခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖

ယ နေ့ မာ တိ ကာ

မိဘ၊ ဆရာ၊ ကျောင်းသား စာမျက်နှာ - ၂
အာဆီယံပညာသင်ဆုဖိတ်ခေါ် စာမျက်နှာ - ၅
သံသယ ပျောက်ပါစေ စာမျက်နှာ - ၆
ထိုင်းစစ်အစိုးရသစ်အား ဆန့်ကျင်ဆန္ဒပြမှုများ မြို့တော်ဗန်ကောက်တွင် ဆက်လက်ဖြစ်ပွား စာမျက်နှာ - ၄

အောက်ပါဝန်ထမ်းများအလိုရှိသည်

၁။ **အရောင်း** ကျား (၅)ဦး
ရန်ကုန်မြို့တွင်းနှင့် နယ်ခရီးသွားနိုင်ရမည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။
ဖွတ်လတ်တက်ကြွ၍ အရောင်းကို စိတ်ပါဝင်စားသူ ဖြစ်ရမည်။
၂။ **အရောင်းမြှင့်တင်ရေး** မ (၅)ဦး
ရန်ကုန်မြို့တွင်း နေထိုင်သူ ဦးစားပေးမည်။ (၁၀)တန်းအောင် ဖြစ်ရမည်။
Super Market ရှိ ကောင်တာတွင် တာဝန်ထမ်းဆောင်ရမည်။
နံနက် ၁၀ နာရီမှ ည ၇ နာရီထိ လုပ်နိုင်ရမည်။
၃။ **Driver** ကျား (၃)ဦး

လျှောက်ထားရန်နေရာ
အမှတ်(၈၁)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၈၅၄၈၊ ၇၇၂၂၂၇၊ ၃၈၅၅၁၈

ဝန်ထမ်းအလိုရှိသည်

Hotel Assistant Manager ကျား (၁)ဦး
(ဘွဲ့ရ၊ ဟိုတယ်လုပ်ငန်း)
(ဘွဲ့ရ၊ ဟိုတယ်လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက်)
စားသောက်ဆိုင်စာရင်းကိုင် မ (၁)ဦး

ဆက်သွယ်ရန်
အမှတ်(၁၄၃)၊ ၂၇လမ်း၊ ၇၆×၇၇လမ်းကြား၊ သဘာဝစားသောက်ဆိုင်

ဝန်ထမ်းအလိုရှိသည်

၁။ ဆောက်လုပ်ရေးမြို့ပြအင်ဂျင်နီယာ ကျား(၂)ဦး
လုပ်ငန်းကျွမ်းကျင်ရမည်။
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်အထက်ရှိရမည်။
(AGTI Civil,B.Tech-Civil,B.E-Civil)
အသက်(၃၅)နှစ်အောက်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်း၊ ထောက်ခံစာပါရမည်။
